www.burmeseclassic.com

သိန်းမင်းစာပေ

လုံးချင်းဝတ္ထုသစ်

# ညည်းစားနှစ်ယောက်



မန်း၊ ချိုသိန်း ဖြန့်ချိသည်

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၉၇၂/ ၂၀၀၄ (၉)
မျက်နှာဖုံးခွင့်ပြုချက်၁၈၀၄/၂၀၀၄ (၁၀)

❐

ပထမအကြိမ်၊ ၂၀၀၄ ခုနှစ်၊ နိုဝင်ဘာ
အုပ်ရေ ၅၀၀

❐

အဖုံးပန်းချီ
သိန်းရွှေကြည်၊ Sun

❐

ထုတ်ဝေသူ
ဦးကိုကိုမြင့် (သိန်းမင်းစာပေ)
အမှတ် ၆၃၊ သြဘာလမ်း၊ ကျောက်မြောင်း
တာမွေ။

❐

အတွင်းပုံနှိပ်သူ
ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်)
၁၇၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်။

❐

အဖုံးပုံနှိပ်သူ
ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်)
၁၇၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်။

❐

တန်ဖိုး ၁၀၀ ကျပ်

❐

ကွန်ပျူတာ
Dream City



# ရည်းစားနှစ်ယောက်

## အိမ့် (ရန်ကုန်တက္ကသိုလ်)

သိန်းမင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com

ရည်းစားနှစ်ယောက်

# အစ

www.burmeseclassic.com



"လင်းဇော်"

ကျွန်တော် ရည်းစားတစ်ယောက်ရပြီး ဘယ်လောက်မှ မကြာဘဲ နောက်ထပ်ရည်းစားတစ်ယောက်ထားမိသွားခဲ့တယ်။ ကံဆိုးတာက ကျွန်တော်ချစ်တဲ့ မိန်းမနှစ်ယောက်စလုံးကို ကျွန်တော်က တုန်နေအောင် ကြောက်ရခြင်းပါပဲ။ ထိုမိန်းမတွေက ကျွန်တော့်အပေါ် အနိုင်ယူကြ၊ ဗိုလ်ကျတတ်ကြပြီး ကျွန်တော်ကတော့ ဘာကိုမှ ပွင့်ပွင့်လင်းလင်း ထုတ်မပြောရဲလောက်အောင် သူတို့တွေကို ကြောက်ရသူလည်းဖြစ်သည်။ ထိုမိန်းမနှစ်ယောက်ထဲက ဘယ်သူ့ကိုမှ လက်မထပ်ရဲလောက်အောင် ကျွန်တော် ကြောက်နေမိတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



# ၂

"မေမင်းပိုင်"

ကျွန်မကို ချစ်ပြီးမှ နောက်ထပ်မိန်းမတစ်ယောက်ကို ထပ်ချစ်နိုင်တဲ့ ယောကျ်ားတစ်ယောက်ကို ကျွန်မ အရမ်းအသည်းနာတယ်။

"အဲ့ဒီအတွက်"

"သူ့ကို ကျွန်မ ဘယ်တော့မှ အလွတ်မပေးတော့ဘူး၊ သူ ကျွန်မကို လက်ထပ်ရလိမ့်မယ်"

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



“နေခြည်မြမြ”

“မိန်းမနှစ်ယောက်ကို တပြိုင်နက်တည်း ချစ်နေတဲ့ယောက်ျား တစ်ယောက်ဆီက ကျွန်မလိုချင်ခဲ့တာ တစ်ခုပဲ၊ အဲ့ဒါ…

“ကျွန်မကို လက်ထပ်ခြင်းပဲ”

“ရှင့်အတွက်တော့ သေပစ်ချင်လောက်အောင် မတန်မဆ စိတ်ဆင်းရဲရမယ့်ကိစ္စကြီးများ ဖြစ်နေမလားပဲ လင်းဇော်”

“ဒါပေမဲ့…”

“ကျွန်မ မငဲ့ညှာနိုင်ဘူး”

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

"ဘယ်လိုလဲမောင်၊ မေ မေးနေတာဖြေဦးလေ"

ကျွန်တော့်မျက်လုံးတွေကို တည့်တည့်ကြည့်ကာ ခပ်ဆတ်ဆတ် မေးခွန်းထုတ်လိုက်သည့် မေ့စကားကြောင့် ကျွန်တော် မေ့ကို ခေါင်းတစ်ချက်ညိတ်ပြလိုက်ရသည်။

"မေရယ် မောင့်မှာ မေ့အပြင် ဘယ်မိန်းကလေးကိုမှထပ်ချစ်ရမှာလဲ မေ့အချစ်ကို ရဖို့တောင် မောင်အကြာကြီး ကြိုးစားခဲ့ရတာ မေစိတ်ချ မောင်ဘယ်တော့မှ မေ့ကိုသစ္စာမဖောက်ဘူး"

"သစ္စာဖောက်လို့ရော မေကအလွတ်ပေးမယ်ထင်လို့လား ဘယ်တော့မှမရဘူး မှတ်"

"အမယ်လေးဗျာ ကြိမ်းဝါးလိုက်တာ မောင်ကြက်သီးတောင် ထချင်သလိုပဲ"

"မေ့ကို လျှော့တော့မတွက်နဲ့မောင် မေ့အကြောင်းလဲ မောင်သိ



www.burmeseclassic.com

www.burmeseclassic.com



သွားပဲ မေက အလုပ်လုပ်တာတောင်သစ္စာတရားနဲ့ ကတိတစ်လုံးကို သိပ်တန်ဖိုးထားတဲ့သူ မေ့အလုပ်မှာလဲ အမှားမခံဘူး မောင်နဲ့ ပတ်သက်လာရင်လဲ ဘယ်တော့မှ အမှားကို လက်မခံနိုင်ဘူးနော်

"အင်းပါ မောင်သိပါတယ်ကွာ မေ မှာထားတဲ့ကော်ဖီရနေပြီ သောက်လိုက်ဦး"

ကျွန်တော်နှင့် ပတ်သက်လာလျှင် အစဉ်အမြဲအမိန့်သံ ဆန်ဆန်စကားလုံးတွေကို သုံးနှုန်းပြောဆိုဆက်ဆံတတ်သည့် မေ့ကို ကျွန်တော် ဖြန့်ရ ကြောက်ရတာတော့အမှန်။

မေက မေမင်းပိုင်ဆိုသည့် နာမည်နှင့် လိုက်ဖက်အောင် တခမ်းတနားကြီးကျယ်တတ်သည့် မိန်းမတစ်ယောက်ပင်။ ကျွန်တော်နှင့် စကားပြောလျှင်ဖြစ်စေ၊ ချိန်းတွေ့လျှင်ဖြစ်စေ၊ ဟိုတယ်ကြီးတွေက ကဖေးဆိုင်တွေ၊ Dinning Room တွေမှာသာ စားသောက်ရင်းပြောတတ်ဆိုတတ်သည်။

မေ့မိဘတွေက နိုင်ငံခြားမှာ စီးပွားရေးလုပ်ငန်းရှင်ကြီး တွေ ဖြစ်ကြသလို မေက အသက်အရွယ်နှင့်မလိုက်အောင် FMI Centre တွင် Fashinon Shop ဆိုင်၊ ပြီးတော့ Skin Care Conmatic တွေရောင်းပဲရောင်းသည့်အလှကုန် ပစ္စည်းဆိုင်တွေရှိသလို မြို့ထဲမှာလည်း Beauty Saloon ဆိုင်တစ်ဆိုင်လည်း ဖွင့်ထားသေးသည်။

တချို့ဆူပါမားကတ်တွေမှာလည်း မေ့ရှယ်ယာဝင်ထားတာတွေလည်းရှိလေသည်။ ထိုမျှအလုပ်ရှုပ်ခေါင်းစားသည့် အလုပ်တွေကို မေတစ်ယောက်တည်း ဦးစီးနိုင်သည့် အရည်အချင်းကတော့ အံ့မခန်း





ဖွယ်ရာ။

ကျွန်တော်ကတော့ အီလက်ထရောနစ်စက်ပစ္စည်းတွေကို Show room ဖွင့်ထားသည့်လုပ်ငန်းတစ်ခုသာရှိသည်။ ပြီးတော့ ကျွန်တော်က စီးပွားရေးမှာ သိပ်အမြင်မကျယ်လှသလို သိပ်လည်း လောဘမရှိသူမို့ နောက်ထပ် Show Room တစ်ဆိုင်ထပ်ဖွင့်နိုင်လောက်သည့် အရည်အချင်းမရှိနိုင်ခဲ့။ ငွေအင်အားမသုံးနိုင်ခဲ့။

ဒါကိုပဲ မေက ကျွန်တော့်ကို တစ်ခါတစ်ရံ အားမလိုအားမရ နှင့်အပြစ်တင်တတ်ပါသေးသည်။

အခုလည်းမေက သူမအရမ်းနှစ်ခြိုက်သည့် iced Capprocino ကို နှစ်နှစ်ခြိုက်ခြိုက်သောက်နေပေမဲ့ ကျွန်တော်က သိပ်မကြိုက်လှသူမို့ လက်စသတ်လိုက်ရသည်။

"တော်ပြီလား မောင်"

"အင်း- မောင် ဝပြီ"

"ကုန်အောင်သောက်ပါမောင်ရဲ့ မေတောင် မတော်သေးဘူး မောင်လဲမတော်ရဘူး၊ သောက်ဦး"

"ရော်"

ခနဲ ကျွန်တော်မျက်ခုံးတွေပင့်တက်သွားရသည့်ထိ မေ့စကားက အရာမရောက်လှသဖြင့် ကျွန်တော်မငြင်းနိုင်ပါ။ ကျွန်တော် သူမစကားကို နားမထောင်လျှင်ဖြင့် သူမပြဿနာရှာ၍ဆုံးနိုင်မည် မဟုတ်။ မေက အလွန်ဇီဇာကြောင်တတ်သူလည်း ဖြစ်သည်လေ။ မေ့မျက်စိထဲက မကျေနပ်စရာရှိလျှင်လည်း တဲ့တိုးကြီးပြောချတတ်

www.burmeseclassic.com



ဘာ ပွစိပွစိနှင့်ပြော၍မဆုံးနိုင်တော့။

"ဒါထက် မောင့်ဆိုင် အခြေအနေကဘယ်လိုလဲ သွက်ရဲ့လား"

"အင်း–ပုံမှန်ပါပဲ မောင်က နေရှင်နယ်လ်နဲ့ တိုရီဘာ့ပဲ သီးသန့်ကိုင်တော့ ဒီအမျိုးအစားကို ကြိုက်တဲ့သူတွေ တော်တော်လေးပဲ မောင့်ဆိုင်လာတတ်ကြတယ်"

"နောက်ထပ်ဆိုင်ခွဲဖွင့်ဖို့ရော မောင် မစီစဉ်သေးဘူးမဟုတ်လား"

"အင်း ဒါက ရင်းနှီးမြှုပ်နှံဖို့ ငွေအင်အားလိုတယ်လေ မောင့် ဒီဆိုင်လေးနဲ့ပဲ ခေါင်းအေးအေးလုပ်ချင်ကိုင်ချင်တယ်"

"မောင်ဟာလေ လောဘကိုမရှိတာ မှန်းဖို့ကောင်းတယ် မောင့်နေရာမှာ မေသာဆိုရင် သုံးဆိုင်လောက်ဖွင့်ပြီးလောက်ပြီ"

"ဒါကတော့ မေက မေပဲလေ"

"ဒါပေါ့ မေမင်းပိုင်ဆိုတာဖြစ်အောင်လုပ်တတ်တဲ့ မိန်းမပဲ"

မေက သူမသောက်လက်စခွက်ကို အဆုံးသတ်လိုက်သဖြင့် ကျွန်တော်ပါ ကမန်းကတန်းအပြီးသတ်လိုက်ရသည်။ (တကယ်တော့ ကျွန်တော် Iced Cappuccino ကို သိပ်မကြိုက်ဘဲ ကုန်အောင် သောက်လိုက်ရသည့် ဒုက္ခက တော်တော်ဆိုးရွားပါသည်။)

"မောင်"

"အင်"

"ဗျာလို့ ထူးစမ်းပါ"





"အင်း... ကဲ... ဗျာ၊ အမိန့်ရှိပါ"

"မေ့မျက်နှာကို သေသေချာချာကြည့်"

"အင်း"

တကယ်တော့ မေက အလှန်လှပ စွဲမက်စရာကောင်းသည့် မျက်နှာလေးကို ပိုင်ဆိုင်သူပါ။ ထူကော့မည်းနက်နေသည့် မျက်တောင်ကြီးတွေအောက်က မျက်လုံးပြူးပြူးလေးတွေက နက်စိုကာ ပြောင်လက်နေသည်။ နှာတံစင်းစင်းလေးအောက်က နှင်းဆီဖူးငုံလို နှုတ်ခမ်းတစ်စုံသည် ကျွန်တော်သဘောကျမြတ်နိုးရသည့် အချက်တွေထဲမှာပါသည်။

မေ့အရပ်က ငါးပေခုနစ်လောက်နီးနီးထိမြင့်ကာ ခန္ဓာကိုယ် သွယ်လျလျလေးနှင့် လမ်းလျှောက်သည့်စတိုင်လ်က အတော်စမတ်ကျသည်။

အင်းလေ... မေ့လို မိန်းမလှလေးရဲ့ အချစ်ကိုပိုင်ဆိုင်ခွင့်ရဖို့ ကျွန်တော်သုံးနှစ် သုံးမိုးကြီးတော် ကြိုးစားခဲ့ရတာပဲ။

"မောင်... မေ့ကို ဘယ်လောက်ကြာကြာမိုးခဲ့ရလဲ ပြောပါဦး"

မေတို့ကကတော့ စရစ်ပြိုဟု ကျွန်တော်သိလိုက်တာ သူမမေးသမျှ မမှားအောင်ဖြေနိုင်ဖို့ အတော်ကြိုးစားလိုက်ရသည်။ မေကဘယ်လောက်ပဲကတ်သီးကတ်သတ်နိုင်သလဲဆိုရင် သူမ ကျွန်တော့်ကို အဖြေပေးခဲ့သည့်နေ့က အဝတ်အစား အရောင်၊ ကားအမျိုးအစား၊ နံပါတ်ကအစ သူမ ဖိနပ်အဆုံး တိတိကျကျမေးတတ်လေသည်။

မှားသွားခဲ့လျှင်တော့ ပြီးပြီ။ မေ့က ထစ်ခနဲစိတ်ဆိုးသွားတာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ပတ်လောက်ထိ စိတ်ဆိုးနာကျင်နေတော့သည်။

ကျွန်တော့်မှာ မေက ဆဲလ်ဖုန်းကို သုံးလတစ်ကြိမ်ပြောင်းကိုင်တတ်သူမို့ သူမ ဖုန်းနံပါတ်တွေမှတ်ရ ကျက်ရတာ အတော်အခက်အခဲရှိပါသည်။ ဒါကို မေက အရေးမလုပ်ပါ။

ခုလည်း မေ့နှုတ်ခမ်းတွေ စပြုံးနေပြီမို့ ကျွန်တော်ကြောက်စပြုလာခဲ့ပြီ။

မေပြုံးနေလျှင် ကျွန်တော့ကို မေးခွန်းထုတ်ပြီမှတ်။ ကျွန်တော်လည်း ချွေးပြန်ရပြီမဟုတ်လား။ (တော်တော်ရစ်တဲ့မိန်းမ)

"ပြောလေမောင်၊ မေ နားထောင်ချင်တယ်"

"သုံးနှစ်"

"သုံးမိုးပါ ထည့်ပြောမှ ပြည့်စုံမှာပါနော်"

"အင်း"

"ပြီးတော့ အဲဒီနေ့က မေဘာဝတ်လဲ၊ ဘယ်ကားနဲ့ မောင့်ဆီလာတာလဲ။ ပြီးတော့ မေ့ဖုန်းနံပါတ်"

"လွယ်လွယ်လေးပဲ"

ကျွန်တော် အကြိမ်များစွာ အမေးခံရဖူးသည့် မေးခွန်းမို့ ကျွန်တော် မမှတ်မိစရာမရှိ။ နှုတ်တိုက်ကျက်မှတ်ထားသလို ကျောင်းသားတစ်ယောက်၏ အဖြေမျိုးနှင့် ခပ်အေးအေးပဲ ဖြေလိုက်သည်။

"အဲဒီနေ့က မေ ဝတ်ထားတာက ပန်းရောင်ဖျော့ဖျော့လွလွလေး။ ကားက မာခ်တူး။ ဖုန်းနံပါတ်က ၀၉-၀၅..."

"မေလွယ်ထားတဲ့ ပိုက်ဆံအိတ်ကရော"





"ဒါ"

ကျွန်တော် မေ့ကို ခပ်မြန်မြန်အကြည့်လွှဲလိုက်ကာ အကြောင်းမဲ့ ကျွန်တော်တို့ အနီးအနားက တိတ်တိတ်ဆိတ်ဆိတ် စားသောက်စကားပြောနေကြသည့် စားပွဲဝိုင်းအချို့က လူတွေကိုလှမ်းကြည့်လိုက်မိသည်။

တကယ်တော့ ကျွန်တော်မေလွယ်တာသည့် ပိုက်ဆံအိတ်ကိုသတိမထားမိပါ။ ခက်ပြီ ကျွန်တော်ဘာဖြေရမည်နည်း။

"မောင်ဖြေရင် မှားမှာစိုးလို့ ခဏလေး Wait "

"No wait မစောင့်နိုင်ပါဘူး၊ ဒီလောက်လေးတောင်မမှတ်မိဘူးလား။ အဲဒီနေ့က မေ မိချောင်းသားရေပိုက်ဆံအိတ်ကျားသစ်ရောင်လေးလွယ်လာတာ တော်ပြီ ဒီတစ်ကြိမ်ပဲနော် နောက်ဘယ်တော့မှ ထပ်မဖြေမပြောပေးဘူး။ နောက် မောင်မမှတ်မိလို့ကတော့ ခေ့အကြောင်းသိမယ်"

"ခြိမ်းခြောက်တတ်တယ်နော်"

"ဒါပေါ့ မေက မေချစ်သွားတဲ့လူတစ်ယောက်ဆီက မေလိုချင်ဘာတစ်ခုပဲ အဲဒါ သစ္စာပဲ မေ့ဘဝမှာ မာနရယ်၊ ဂုဏ်သိက္ခာရယ်၊ ဓာလေးရပြီး အချစ်ဆိုတဲ့ မေ့တွာကြီးနဲ့ မေ့ဘဝကို မောင့်ကိုဆံးလိုက်ရတာလေ။ ဒီတော့ မေမောင့်ဆီကလိုချင်တာ မေ့ကိုတစ်သက်လုံး ချစ်နေမယ့်မဖောက်ပြန်တဲ့ သစ္စာတရားပဲ"

"မောင်ကတိပေးပါတယ်ကွာ အဲဒီအတွက် မေ ဘယ်တော့မှ သစ္စာဖောက်မခံရပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ၊ မေ စောင့်ကြည့်နေမယ်"

"မေ ကလဲကွာ စောင့်ကြည့်တယ်ဆိုတာ မောင့်ကို မယုံကြည်မှု တွေပါနေမှာပေါ့၊ မေ စိတ်ပင်ပန်းတာပေါ့"

"ပင်ပန်းစမ်းပါစေ၊ သူ့ကိုမမှုဘူး၊ အစွဲအလမ်းသိပ်ကြီးတတ် တယ်၊ အချစ်ကြီးတတ်တယ်၊ လောဘကြီးတယ်လေ အဲဒီအတွက် စိတ်ပင်ပန်းရတာ ပင်ပန်းစမ်းပါစေ၊ မတန်တဆဖြစ်စရာမရှိပါဘူး"

"စိတ်ပင်ပန်းပြီး သေမယ့်မိန်းမလဲ မဟုတ်ဘူး"

ဒါနဲ့ ကျွန်တော် သူမကြားအောင် ခပ်တိုးတိုးကလေး ညည်း တွားလိုက်မိသည်။

"အိုကေ လာပြန်စို့ ခဏခွဲလိုက်ကြစို့မောင်"

နှုတ်ဆက်ပုံကို ကြည့်ပါဦး ကျွန်တော့်မှာ မေ့အလှ မေ့အပြုံး တွေအတွက် ဘယ်တော့မှ မငြင်းဆန်နိုင်ဗျာ ခေါင်းကြီးညိတ်နေရသည့် သူပင်။

* * *





## အခန်း (၂)

မေနှင့် ပတ်သက်လာလျှင် ကျွန်တော် အလုပ်ကောင်းကောင်း မလုပ်ရပါ။ မေက ထစ်ခနဲရှိ ကျွန်တော့်ကို လှမ်းမေးတယ်၊ မယုံ သင်္ကာစကားတော ဘယ်တော့မှမပြောနှင့် ပွစိပွစိနှင့် အပြစ်တင်တတ် တာ ဘယ်လောက်ထိလဲဆိုရင် ကျွန်တော့်နောက်ကနေ တစ်ယောက် ယောက်ကို ပိုက်ဆံဖြင့်ခိုင်းကာ လိုက်ချောင်းခိုင်းသည်တိုင်။

"မောင် ခုထွက်လာခဲ့"

"အင်း ... ဘယ်လိုလဲမေ မေဘယ်ရောက်နေလို့လဲ"

"မေ လမ်းရောက်နေပြီ။ Silom Village ကိုလိုက်ခဲ့ နာရီ ဝက်အတွင်းနော် ဒါပဲ"

"ခဏလေး ဒီမှာ ဝယ်သူတွေရောက်"

"လုပ်မနေနဲ့ မောင့်မှာ မန်နေဂျာရှိသာ ပဲ လွှဲခဲ့လိုက် မနော်ဘင် ကောင်မလေးတွေနဲ့ လွှဲခဲ့ရတာ ခုထွက်လာခဲ့တော့ ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"လုပ်ချလိုက်ပြန်ပြီဟု " ကျွန်တော်ဆိုလိုက်ပြီး စိတ်တိုမိရုံက လွဲပြီး မေ ချိန်းထားသည့်နေရာကို မသွားဘဲမနေနိုင်ပါ။

"Silom Village က မေအနှစ်သက်ဆုံးဆိုင်လေးဆိုတာ ကျွန်တော်သိသည်။ လူသူရှင်းကာ တိတ်တိတ်ဆိတ်ဆိတ်နှင့် စားသောက်နိုင်ပြီး အင်ကြင်းကျောက်ရေတံခွန်မှ ရေတွေက စိမ့်စိမ့် ထွက်နေတာကိုလည်း မေကသဘောကျသေးသည်လေ။

ပြီးတော့ မေနှစ်သက်သည့် အစားအသောက်တွေအပြင် အုန်းရည်စစ်စစ်၊ ကောက်ညှင်းပေါင်းပူပူရတတ်တာမို့လည်း မေက ထမင်းစားလျှင် ထိုဆိုင်လေးကို ရွေးချယ်နေကျပင် ဖြစ်သည်။

ကျွန်တော့်မှာ မောင်ခေါ်လိုက်တာနှင့် မေ့ရှေ့မှောက် အရောက် သွားရာ တစ်ခါတစ်ရံတော့ စိတ်လှုပ်ရှား၍၊ ရင်ခုန်၍၊ တစ်ခါတလေ တော့လည်း စိတ်ကိုရှုပ်ရန်င့် အမြဲအာရုံများနေရသူပင်။

ဆိုင်ထဲရောက်တော့ မေက ကျွန်တော်တို့ နှစ်ယောက်ထိုင် နေကျ စားပွဲဝိုင်းလေးမှာ ထိုင်စောင့်နေသည်။

" Right time နော်မေ"

"ဘယ်ကလာ Right time မှာလဲ သုံးမိနစ်နောက်ကျတယ်"

"ဟာ မောင့်နာရီက ကွက်တိပဲ ဒီမှာကြည့်"

"မေ့ နာရီကလဲ သုံးမိနစ်ကျော်သွားတာကို ပြနေတာပဲ၊ ဒီမှာ ကြည့်၊ လုံးဝမကျေနပ်ဘူး စိတ်တိုလာတာ၊ မေ့ရုပ်ကို ကြည့်ပါလား စိတ်တိုနေတာတောင် မောင်မခန့်မှန်းနိုင်ဘူးလား"

"ပြော မေဘာဖြစ်သလဲ"





"ပြော မောင်မနက်က ဘယ်သွားလဲ"

ကျွန်တော့်ကို မေစိုက်ကြည့်လိုက်ပုံက မျက်တော်ပင် ခတ်ရဲ့ လားမသိတော့။ ညီမလေးနှင့် ပတ်သက်ပြီး ခံစားစိတ်ပူခဲ့ရသည့် ကျွန်တော် သော်ကက ဘယ်လောက်ကြီး မြင့်ခဲ့ကြောင်း ကျွန်တော်ပဲ သိသည်။

တကယ်တော့ မေက ကျွန်တော့်အပေါ် ဘယ်လောက်ထိန်းချုပ် နိုင်သလဲဆိုရင် ကျွန်တော် တခြားမိန်းကလေးတွေနှင့်စကားမပြောရ မပတ်သက် မဆက်ဆံရလောက်အောင် ရဲဝံ့ပြတ်သားသော အမိန့်တွေ နှင့် ချုပ်နှောင်ထားသူဖြစ်သည်။

ကျွန်တော်က မေ့ကို ကြောက်ရသူပီပီ မေ့ကို ချစ်လည်းချစ်၊ ကြောက်လည်းကြောက်ဖြင့် တစ်ဖက်မသိစိတ်ကလည်း မေလို သဝန်တို စိတ်ကြီးသော၊ နေရာတကာ လွှမ်းမိုးချုပ်ချယ်ချင်သော မိန်းမ တစ်ယောက်ကို လက်ထပ်ရမှာ စိုးရွံ့နေမိတာ အမှန်ပင်။

သို့သော် ကတိသစ္စာကို တန်ဖိုးထားသည့် မေ့အတွက်ကတော့ ကျွန်တော့်အပေါ် အမြဲသံသယရှိနေသူတည်း။ ဒါကြောင့်လည်း ကျွန်တော်နှင့် ပတ်သက်ပြီး မေ့မှာ အမြဲစိတ်ဖိစီးမှုတွေ ခံစားနေခြင်းပင်။

"မောင်မဖြေနိုင်ဘူးလား"

"အဲလို မဟုတ်ပါဘူး"

"ဒါဖြင့် ပြောပေါ့ အမှန်တရားကို ရင်ဆိုင်ရဲရတယ်နော်"

"မောင်ဘာမှ မလုပ်ခဲ့ဘူး"

"ကောင်းပြီ။ ဒါဖြင့် မောင်ကားပေါ်ပါသွားတဲ့ မိန်းမက



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူတုံး"

"ဟင်"

ခနဲနေအောင် ကျွန်တော်အသက်ထွက်လုမတတ်ကြောက်သွား ရပေမဲ့ ပျက်သွားသည့် မျက်နှာကို ကမန်းကတန်းပြန်ထိန်းလိုက် ရတာ။

"အဲဒါ ညီလေးသူငယ်ချင်းပါမေရ၊ တစ်ခါက မေနဲ့ မော မိတ်ဆက်ပေးဖူးတယ်လေ"

"ဘယ်သူလဲ"

"ချစ်ဖူး လေကွာ"

မေက တစ်ချက်မျက်မှောင်ကြုတ်လိုက်ကာ ရေရွတ်ကြည့်လိုက် ပြီးလျှင် ချက်ခြင်းပင် မဲ့ကာရွဲ့ကာဖြင့်–

"အောင်မယ်လေး ဟိုဆံတိစလူးမလေး မဟုတ်လား၊ ပျံ တန် နှံ့တန့်တန့်နဲ့ ယောကျ်ားချောချောမြင်ရင် လိုက်အီနေတာ အိုဗာတင်းကလဲ ဖျော်သလားမမေးနဲ့၊ အသံကလဲ ချိုအီနေတ တမင်လုပ်ထားသံကြီး ဟုတ်တယ်။ အဲဒီဆံတိစလူးမစု မေ ကော ကောင်း မှတ်မိပြီ။ ပြောစမ်း မောင် နဲ့ဘာဓာတ်လမ်းလဲ"

"မဟုတ်တာ ဘာဓာတ်လမ်းမှမရှိဘူး၊ မနက်က မောင်အပြ ထွက်ခါနီး သူက လှမ်းချိန်းတယ်"

"ဘုရားရေ သူကလှမ်းချိန်းတယ် ဘာကိစ္စတုံး"

မေ့ခမျာ ထိတ်ထိတ်ပျာပျာနှင့် မေ့အသံတွေကလည်း လှုပ်လှု ရှားရှား ဖြစ်လျက်ရှိပြီး သဝန်တိုခံရသည့် ယောကျ်ားတစ်ယောက်





ဘဝက အတော်စိတ်ပျက်ညစ်ညူးစရာပင် အရမ်းစိတ်ဆင်းရဲရလေ သည်။

"ညလေးကိစ္စပါ"

"ညလေး ကိစ္စရုံးတဲမှာ ပြောလို့မရဘူးလား"

"အရေးကြီးလို့ပေါ့ကွာ"

"အောင်မယ် လေသံကဘာဖြစ်သွားတာလဲ၊ ဒီမိန်းမ မျက်နှာ ကို သေသေချာချာကြည့်ပြီး နူးနူးညံ့ညံ့ ပျော့ပျော့ပျောင်းပျောင်း ဖြေ၊ အဲလိုလေသံမျိုးနဲ့ ကွာတွေ ဘာတွေ လာမလုပ်နဲ့မကြိုက်ဘူး"

"မေရာ မေစိတ်မပင်ပန်းဘူးလားဟင်၊ မောင့်မှာ ညီမလေးတစ် ယောက်ရှိတယ်။ ညီမလေးနဲ့ ပတ်သက်တဲ့သူငယ်ချင်းတွေရှိတယ် သူတို့တွေလဲ မောင့်ညီမလေးတွေချည်းပဲ အဲလောက်ပဲ"

"အောင်မယ်လေး မောင့်ညီမနဲ့ မောင်မှ စကားမပြောကြတဲ့ ဟာ၊ ဘယ်နှယ့်ကြားထဲက ညီမတွေက အချောင်နဲ့ထွက်လာကြတာ လဲ"

"ညကလေးနဲ့ မောင် စကားမပြောတာမှန်တယ်၊ တစ်နှစ် လောက်ရှိပြီး အဲဒါကလဲ ညလေးက နေရာတကာ မြို့စိမြို့စိနဲ့ ပွင့်ပွင့် လင်းလင်းလဲမပြောဘဲ သူလုပ်ချင်တာ လျှောက်လုပ်တတ်လို့ပဲ။ ခု ညလေးကိစ္စကို ချစ်ဖူးက သတင်းလာပို့ပေးတာပါမေ"

"ဘာတုံး ရှင်းရှင်းပြော"

မေက အုန်းရည်သောက်သည့် ပိုက်တံလေးကို ဟိုဒီယမ်းကာ ကျွန်တော်ကို စူးစူးရဲရဲကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ညလေး ရည်းစားခိုးထားတဲ့ ကိစ္စပါ"

"ဪ အဲ့ဒီအကြောင်းပြပြီး မောင့်ကို ချိန်းတယ်ဆိုတော့"

"ကျွတ် မေရယ်၊ ကဲ အုန်းရည်ကြိုက်တာ ကုန်အောင်သောက်လိုက်ဦး ဟုတ်လား"

"သောက်လဲ သောက်မယ် ပြောလဲပြောမယ်၊ အဲဒီ ကောင်မလေးကို မောင် အရောသိပ်မဝင်နဲ့သိလား။ သူကြည့်ရတာ ဇာတ်လမ်းတွေ ပုံပြင်တွေလုပ်ချင်မယ့် ကောင်မလေးမျိုး၊ မေ့ညီမသာ အဲလိုရုပ်မျိုး အဲလိုလေသံမျိုးဆို ခပ်နာနာလေး ရိုက်ပစ်တယ်"

ကျွန်တော်ဘာမှ မပြောတော့ဘဲ ဖျော်ရည်တစ်ခွက်ကို အာရုံစိုက်ကာ သောက်လိုက်သည်။

အမှန်အတိုင်း ဝန်ခံရလျှင် ညလေးထားသည့်ရည်းစားကောင်းမလေးနှင့် ပတ်သက်ပြီး ရင်ထဲတွေးပူနေရတာကျွန်တော်ပဲသိသည်။

"မောင်"

"ပြောလေ မေ"

"မောင့် ညီမရည်းစားထားတဲ့ ကိစ္စမေဖြေရှင်းပေးရမှာလား"

"ရတယ်သူက မေးလဲဖြေမှာမဟုတ်ဘူး၊ မေဝင်ပြောလဲနားထောင်မှာမဟုတ်ဘူး၊ မောင်လဲ မသိချင်ယောင်ဆောင်ပြီး လက်ပူးလက်ကြပ်မိမှ ဖမ်းပစ်လိုက်မယ်"

"အောင်မယ်လေး မောင့်ညီမဆယ့်ရှစ်ကျော်နေပြီပဲ၊ အပျိုလူပျိုရည်းစားထားတဲ့ကိစ္စ၊ မောင်က ဘာအမှုနဲ့ ဖမ်းမှာလဲ"





"ဒါကတော့"

မေ့ကို ကျွန်တော်ရဲရဲမကြည့်နိုင်တော့၊ မေက ဘာကိစ္စပဲဖြစ်ဖြစ် အကွက်စေ့အောင် ကိုင်တွယ်ဖြေရှင်းတတ်မှန်း ကျွန်တော်သိသည်။

"မရဘူး မောင်ရေ၊ လူငယ်တွေကို အဲလိုသွားမလုပ်နဲ့ အသာလေးနေ၊ မေ ဒီတစ်ခေါက်နိုင်ငံခြားထွက်စရာရှိတယ်၊ သူ့ကိုခေါ်သွားလိုက်မယ်။ ပြီးတော့မှ အလုပ်တစ်နေရာရှာပြီး မေ့ မိဘတွေနဲ့အပ်ခဲ့မယ်"

"ဟာ ဒီလိုဆိုသိပ်ကောင်းတာပေါ့မေ ကျေးဇူးပဲကွာနော်"

"ဒါပဲ ဒီနေ့ကစပြီး မောင့်ညီမကိစ္စနဲ့ပတ်သက်ပြီး၊ ဘယ်သူ့ကိုမှ ကားပေါ်ခေါ်မတင်ရဘူးကြားလား"

"အင်းပါ"

"မောင်နောက်မှာ မေလူတစ်ယောက်အမြဲ လွှတ်ထားတာလို့ ခဏခဏ သတိပေးဖူးတယ်နော်..."

"မေ့ကို လာဖြီးလို့မရဘူးမှတ်၊ အစကတည်းက မေဟာ ဘယ်ယောက်ျားကိုမှ သိပ်ယုံချင်တာမဟုတ်ဘူး။ ဒါပေမဲ့ မေက မေ့နှလုံးသားကို မောင့်အတွက် ဘဝတစ်သက်လုံးစာ တာဝန်ယူနိုင်လို့ ပြန်ချစ်ခဲ့တာ သိလား"

"မောင် ယုံပါတယ်ကွာ"

"မောင့်ဘက်က ဣန္ဒြေသိက္ခာရှိရှိနဲ့ မေ့အပေါ်သစ္စာရှိနေဖို့ပဲ။ သစ္စာဖောက်လို့ကတော့ အသတ်ပဲဆရာ"

"အောင်မယ်လေးဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်တာလဲ"

"ကြောက်လို့"

မေက ကျွန်တော့နားရွက်ဖျားလေးကို တစ်ချက်လှမ်းဖျစ်ပြီး တသိမ့်သိမ့် ကျေနပ်စွာ ရယ်မောလိုက်လေသည်။

ထို့နောက်မှာတော့ ကျွန်တော်တို့နှစ်ယောက် နှစ်သက်သည့် ဟင်းလျာတွေမှာကာ လက်ဆုံစားသောက်လိုက်ကြသည်။ (ခုလို ချိန်မျိုးမှာဆိုလျှင်တော့ ကျွန်တော် မေ့ကို လက်ထပ်ချင်စိတ်တွေ တဖွားဖွားဖြစ်လာခဲ့ရတာ အမှန်)



## အခန်း (၃)

ကျွန်တော်ဘယ်လောက်ပဲ အနေအထိုင် ကျစ်လျစ်ပါစေဦး ကောင်မလေးက ကျွန်တော့ကိုမြင်တာနှင့် ဓာတ်လမ်းစချင်ကြတာ များလေသည်။ ဘာကြောင့်လဲမသိပါ။

ကျွန်တော့ကိုယ်ကျွန်တော် ပြန်သုံးသပ်ကြည့်လျှင် ကျွန်တော့ အသားအရေကြည်လင်စိုပြည်သည်။ ပြီးတော့ မည်းနက်သောမျက်လုံးတွေအောက်က ညိုရီဝေသော မျက်လုံးတောက်တောက်တွေကို ပိုင်ဆိုင်သည်။ မိန်းကလေးတွေ ကျဆုံးစေနိုင်မည့် သွေးရောင်စိုနေသည့် နှုတ်ခမ်းတစ်စုံ ပိုင်ဆိုင်သည်။ ကျွန်တော်က ကျွန်တော်ဆံပင်အိုတိုကို ခရင်(မ်)တစ်မျိုးဖြင့် အမြဲပြောင်လက်နက်မှောင်နေအောင် ဖြီးတတ်သည်။ ပြီးတော့လည်း အရပ်ရှည်ကာ ကျစ်လျစ်သည့် ခန္ဓာကိုယ်နှင့် လိုက်ဖက်အောင် အမြဲနက်ကတိုင်ပါသည့် အင်္ကျီတွေနှင့် ပိုးသားပျော့ပျော့ ဘောင်းဘီတွေကို ရှူးဖိနပ်ပြောင်ပြောင်နှင့် ဝတ်ဆင်



www.burmeseclassic.com

www.burmeseclassic.com



တတ်သည်။

ဒါကိုပဲ ကောင်မလေးတွေက သဘောကျနှစ်ခြိုက်နေသလား မသိ ကျွန်တော်ဘယ်လောက်အနေမှန်မှန် ညီမလေးနှင့် ပတ်သက်သည့် သူငယ်ချင်းတွေနှင့်ဆုံလျှင်တော့ ညီမလေးအကြောင်းအမြဲ သိချင်နေသည့် ကျွန်တော်က သူတို့လေးတွေကို စကားပြောရ ဆက်ဆံရ ခင်ခင်မင်မင်ပေါင်းနေရသည်။

အိမ်မှာ ကျွန်တော်နှင့် ညီမလေးကစကားမပြောကြ၊ အရွယ်ရောက်နေသည့် ညီမလေးက ဘာပဲဖြစ်ဖြစ် ရှုံ့ခနဲ တစ်ခွတ်တိုးလုပ်တတ်သဖြင့် ကျွန်တော်စိတ်ပူစွာ အော်ဟစ်ငေါက်ငမ်းလျှင် ညီမလေးက မြို့စိမြို့စိနှင့် ပြန်မပြော နားမထောင်သူပီပီ ကျွန်တော့်ကို လုံးလုံးစကားမပြောတော့၊ အရေးမလဲမလုပ်တော့၊ ကျွန်တော်သေအောင်စကားလိုက်ပြောပြန်လျှင်လည်း လှည့်တောင် မကြည့်တတ်။ အဲလောက် စိတ်ကြီးသည့် ညီမလေးတစ်ယောက်ပင်။

ထို့ကြောင့်လည်း ညီမလေးနှင့် ပတ်သက်ပြီး ဘာမှသိခွင့်မရသေး၊ ကျွန်တော်က သူမသူငယ်ချင်းတွေကိုသာ အားကိုးစွာ အရေးလုပ်နေရခြင်းဖြစ်သည်။

ဒီနေ့လည်း ကျွန်တော်ဆိုင်ထဲ ချစ်ဖူးဝင်လာလေသည်။ ချစ်ဖူးဆိုတာက ညီမလေးသူငယ်ချင်းအုပ်စုထဲမှာ အချောဆုံးကောင်မလေးဖြစ်သည်။ အရပ်ကရှည်ရှည်၊ ကိုယ်လုံးကကျစ်လျစ်လှပကာ အမြဲဘိုလ်ဆန်စွာ တီရှပ်အကျပ်တွေနှင့် ဘောင်းဘီရှည်တွေသာ ဝတ်လေ့ရှိသည်။





ထို့ကြောင့်လည်း ဘိုလ်ဆန်ဆန်လှသည့် မျက်နှာလေးနှင့်လိုက်ဖက်စွာ ငယ်ရွယ်ပျို့မျစ်သူပီပီ အတော်ချစ်စရာကောင်းလှသူလေးဖြစ်သည်။

(ချစ်ဖူးဆို မက အကောင်းမြင် အမြဲမှိုချိုးမျှစ်ချိုးပြောကာ နှိမ်နှိမ့်ချချ ရွတ်ချတတ် ဝေဖန်တတ်လေသည်။)

"ကိုလင်း"

"လာ ချစ်ဖူး"

"ကိုလင်းအားလားဟင် ချစ်ဖူးသန်လျင်ဘက်သွားစရာရှိလို့ ကိုလင်း အဖော်လိုက်ပေးနော်"

ချစ်ဖူးကတော့ လူငယ်ပီပီ သူမဆန္ဒကိုသာ ရှေ့တန်းတင်ပြီး ကျွန်တော့်ကို အာကိုးတကြီး ပြောနေမှန်းသိသည်။

ပြီးတော့လည်း ခေတ်မီသော မိန်းမပျိုလေးပီပီ ဣန္ဒြေတို့ သိက္ခာတို့စောင့်ထိန်းတာတို့ ဆိုတာသူမတို့အရွယ်မှာ မရှိနိုင်ကြ။

သို့သော် ကျွန်တောငြင်းရပါမည်။ အကြောင်းကတော့ ကျွန်တော် မေ့ ပါးစပ်ကိုကြောက်၍ဖြစ်သည်။

"မဖြစ်ဘူးညီမလေးရယ် ဒီနေ့ကိုတွတ်မလာဘူး။ ကိုယ်ဆိုင်မှာရှိမှဖြစ်မယ်၊ တခြားအဖော်တစ်ယောက်ခေါ်သွားလိုက်၊ ခုခဏထိုင် ကော်ဖီလား၊ အအေးလား ပြော"

"ဟင့်အင်း ဘာမှမသောက်ချင်ဘူး ကိုလင်းကိုပဲ ချစ်ဖူးနဲ့လိုက်စေချင်တာ။ ပြီးတော့ ညလေးအကြောင်းလဲ သတင်းပေးစရာရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ညလေးဘာတွေလုပ်နေပြန်ပြီလဲ"

"ပြောဘူး ကိုလင်းလိုက်မှ ပြောမယ်"

ချစ်ဖူးက ပြုံးစိစိနှင့် တမင်ညစ်ကျယ်ကျယ်လုပ်နေသည်မို ညီမလေးနှင့် ပတ်သက်လာလျှင် စိတ်ပူလွယ်သော၊ သောကဖြစ်လွယ်သော ကျွန်တော်ကတော့ ဝုန်းခနဲ ထရပ်ခဲ့မိပြီ။

"ကဲ ထ ဒါဖြင့်လာ"

"ရှေ့ ကားသော့ ကိုလင်း မောင်း"

"ညလေး ဘာတွေလုပ်နေပြန်ပြီလဲ၊ ချစ်ဖူးတို့ကို ပြော အမှန်အတိုင်းပြောရမယ်နော်"

"အင်းပါ"

ကံဆိုးချင်တော့ သန်လျင်ဘက်ကူးသည့် တံတားနားအရောက်မှာ မိုးက အစိုးမရစွာ ဖြုန်းစားကြီးရွာချလာတော့သည်။

"မိုးရွာပြီ ဟေး ပျော်စရာကြီး"

"ပျော်စရာကြီးလုပ်မနေနဲ့ ချစ်တိတ်မ မင်းကားသိပ်မကောင်းဘူး။ ဆီပိတ်ချင်တယ်။ ပျက်ရင်တော့ ဒုက္ခပဲ"

"ပျက်ရင်လဲ ပျော်စရာကြီးပဲ ခစ်ခစ်"

"ဟာ အရေးထဲ လက်ခုပ်ကတီးရတယ်လို့ ကဲ ပြောဦး သန်လျင်ကို ဘာသွားလုပ်မလို့လဲ"

"ဒါလား"

"အင်းပေါ့ ကိုယ်လိုက်သာပို့ရတယ် ဘာကိစ္စမှန်းမှမသိတာ"

"ဗေဒင်တွက်ကြည့်မလို့"





"အလို ဗေဒင်တွက်ဖို့များ ခင်ဗျားက ဒီထိအောင်လာရတယ်။ ဘုရားရေ ငါတော့ အပေါင်းအသင်း မှားပါပြီ"

ကျွန်တော် တကယ်ပင် စိတ်ပျက်လက်ပျက် ညည်းညူလိုက်တာကို ချစ်ဖူးက သဘောကျမဆုံးစွာ တခစ်ခစ်ရယ်မောပြီးလျှင်–

"အဲဒီဆရာဟောတာ သိပ်မှန်တာတဲ့ ကိုလင်းရဲ့ ချစ်ဖူးက ချစ်ဖူးကိစ္စလဲ မေးရင်းနဲ့ ညလေးအကြောင်းပါ မေးပေးမလို့ပါနော်"

"ညလေးက ဘာဖြစ်ပြန်ပြီလဲ ကိုယ်မေးတာဖြေလေ"

"ညလေးက ကောင်လေးတစ်ယောက်နဲ့ တော်တော်ချစ်နေကြတယ် ကိုလင်း။ အဲဒီကောင်လေးက နယ်ကဆိုပဲ။ ပြီးတော့ တော်တော်ဆိုးတယ် ပြောတယ်။ ရိုက်မှုနဲ့ အချုပ်ကျဖူးတယ်လို့လဲ ပြောတယ်"

"ဘာ"

ကျွန်တော်မျက်လုံးထဲ ပြာခနဲ ဝေသွားသည်ထိ ညီမလေးအတွက် စိတ်ပူသွားရသည်မှာ ဆောက်တည်ရာမရတော့။

"အရင်တစ်ခါ မင်းပြောတုန်းက ညလေးရည်းစားခိုးထားနေပြီဆိုတာ ဒီကောင်လား"

"ဟုတ်ကဲ့ ကိုလင်း၊ ညလေးကြည့်ရတာ ဖိုးဇင့်ကို တော်တော် မြတ်နိုးနေပုံရတယ် ကိုလင်း"

"ဟာ မဖြစ်သင့်တာဘဲ။ ညည်းတို့ သူ့ကို ဝိုင်းမပြောကြဘူးလား။ ဟာကွာ တောက်"

ကျွန်တော် စိတ်ထဲ မခံမရပ်နိုင်သလို တောက်ခေါက်မိဆဲ။



www.burmeseclassic.com

www.burmeseclassic.com



အရေးထဲမှာ ကားကတော့ခနဲ့ဖြင့် ထိုးရပ်သွားသေးသည်။

"ကျွတ် ဒီကားသွားပြီ"

"တကယ်ပျက်ပြီလား ကိုလင်း"

"ဟာ ပျက်တယ်ဆိုမှ တကယ်ပျက်တာပေါ့ ပြဿနာပဲ"

"ကိုလင်း"

ကျွန်တော် မိုးရေကြီးထဲ ပြေးဆင်းကာ ကားစက်ဖုံးဖွင့်ပြီး လိုအပ်တာတွေ လိုက်စစ်ကြည့်မိဆဲ ချစ်ဖူးက မိုးရေထဲ ပြေးဆင်း လာသည်။

"ကိုလင်း လာလေ၊ ကားပေါ်တက်ပြင်မနေနဲ့ မိုးစဲမှ လုပ်စရာ ရှိတာ လုပ်တာပေါ့"

"ဟာ ဘာလို့ဆင်းလာတာလဲ မင်း စိုပြီပေါ့"

"ရတယ် ရတယ်"

တဝုန်းဝုန်း ပြိုဆင်းလာသည့် မိုးဒဏ်ကြောင့် ကျွန်တော်တို့ နှစ်ယောက်စလုံး ရွှဲရွှဲစိုကုန်တော့သည်။

ကျွန်တော့မှာ တခြားကားတွေကို အကူအညီတောင်းဖို့ ကြည့်မိပေမဲ့ ကားအသွားအလာက ကျဲနေတာ တစ်စီးတလေပဲ ဖြတ်သွား ဖြတ်လာရှိသည်။

မိုးထဲ လေထဲမို့ ကျွန်တော်တို့ကား ပျက်နေတာကို အကူအညီ ပေးချင်ပုံလည်းမပေါ်ဘဲ ဒရကြမ်းမောင်းသွားကြခြင်းပင်ဖြစ်သည်။

ချစ်ဖူးက မိုးဒဏ်ကို ကာကွယ်ရန် လက်ကလေးပိုက်ထားပေ မယ့် တဆတ်ဆတ်တုန်နေလေပြီ။





"မင်း ကားထဲ ပြန်ဝင်တော့"

"ကိုလင်း ရော"

"လာမယ် လာမယ်"

"ဒါဖြင့် ပြေးပြီ"

ကျွန်တော်လည်း ကားစက်ဖုံးကြီးကို ဂျိမ်းခနဲနေအောင် ပိတ်ချလိုက်ကာ ကားထဲ ပြေးဝင်ရတော့သည်။

ပြီးတော့ ကျွန်တော်အမြဲဆောင်ထားတတ်သည့် မိုးကာဂျာကင် လေးကို ချစ်ဖူးထံ လှမ်းပေးလိုက်သည်။

"ရော့ဝတ်ထား မင်း အင်္ကျီပါးပါးလေးနဲ့ သေလိမ့်မယ် မြန်မြန်ဝတ်"

"အင်း ကျေးဇူးပဲ"

ချစ်ဖူးက ဟန်ပင်မဆောင်နိုင်ဘဲ ကပျာကယာကောက်ဝတ် ပြီး ကျွန်တော့်ကို ပြုံးစိစိဖြင့်–

"ခုလို မိုးမိထားတာ ကော်ဖီလေးသောက်လိုက်ရရင် ဘယ် လောက်ဖိမ့်ကျလိုက်မလဲ"

"တော်ပါဗျာ ကားပဲ ပြန်ကောင်းပါစေဦး မိုးတိတ်တာနဲ့ ကျွန်တော်မျိုး ကားပြင်ရတော့မယ် ခင်ဗျားပေးတဲ့ ဒုက္ခက မသေးဘူး"

"အောင်မယ် ဗေဒင်တွက်ဖို့လာတာ စိတ်ကလေးကောင်း အောင်ထားပါနော်။ ခု ချစ်ဖူးလာတာ "ညလေးကိစ္စအဓိကပါ၊ ကိုလင်း သဘောမတူရင်သူတို့ ကွဲသွားအောင် ယတြာဆရာဆီက တောင်းမလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလုပ်သဘောတူနိုင်ပါ့မလဲကွာ။ ကြားရတာနဲ့တင် စိတ်ကုန်လှပြီ။ တော်တော်ခက်တဲ့ ညီမလေးပဲ။ ဘာမှလဲမစဉ်းစား မဆင်ခြင်ဘူးကွာ"

"ချစ်ဖူး တာဝန်ထားလိုက်။ ညလေးနဲ့ ဖိုးဇင်ပြတ်အောင် လုပ်ကြမယ်"

"ညည်းကို အားကိုးရမယ်ဆိုပါတော့"

"ဒါပေါ့ ဒါပေါ့"

ထိုအချိန်က ကျွန်တော်ကားပျက်ကြီးကို စိတ်တိုရ၊ ညီမလေး အတွက် စိတ်ပူရနှင့် ချစ်ဖူးအပေါ် မရိုးမသားစိတ်လုံးဝမရှိခဲ့တာ ဘုရားအဆူဆူရှေ့ ကျိန်ဆိုရဲလေသည်။

* * *



## အခန်း (၄)

ကျွန်တော်တို့ သန်လျင်ကအပြန်မှာ ချစ်ဖူးက ကျွန်တော့်ကို ဆိုင်ရှေ့ထိလိုက်ပို့ပေးသွားသည်။

ပြီးတော့ သူမ မျက်နှာပေါ်ရှိလေး မှန်တစ်ဝက်ချကာ ဘိုင့်ဘိုင် ဟု လှမ်းအော်ပြီး နှုတ်ဆက်သွားသည်။ ကျွန်တော် လက်တစ်ချက် ပြန်ပြကာ ဆိုင်ထဲ ပြန်ဝင်လာခဲ့သည်။

"ဟင်"

ကျွန်တော်ခေါင်းက ဆံပင်မွှေးတွေထောင်ထသွားသည်ထိ ကြက်သီးပင် ဖြန်းခနဲထသွားရလေသည်။

"မေ"

" … "

"မေ စောင့်နေတာလား"

ကျွန်တော့ အသံတော် ပီပီသသ မထွက်ချင်တော့ မေက



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာမော့ချီထားကာ လက်နှစ်ဖက်ကို ဟန်ပါပါပိုက်ပြီး ကြော့မော့ထင်ရှားစွာ ရပ်နေလေသည်။

သွားပြီး။ ပြဿနာတော့တက်ပြီဟု ကျွန်တော်သိလိုက်ဆဲမှာ မေက ဖြန်းဆို ကျွန်တော့်ရင်ဘတ်ကို ဆောင့်တွန်းလိုက်သည်။

"ဘယ်လိုလဲ သန်းလျှင်ဘက်ထိ ခရီးပေါက်နေကြတာလား။ လက်ပူးလက်ကြပ် လာဖမ်းတာ။ ကဲ ဘာပြောချင်သေးလဲ"

"အာ"

ကျွန်တော် ဆိုင်ထဲက မန်နေဂျာနှင့် တခြားတပည့်လေးပါ ကျွန်တော်တို့ အဖြစ်ကို ဝိုင်းစိတ်ဝင်စားစွာ ကြည့်ကုန်ကြသဖြင့် ကျွန်တော် တော်တော်ရှက်ရလေသည်။

မေ့ မျက်လုံးတွေက ကျွန်တော်ကို စိတ်ဆိုး စိတ်နာသလို ကြည့်နေဆဲ။ သူမဝတ်ထားသည့် အညိုရင့်ရင့် ဝမ်းဆက်က သူမခန္ဓာကိုယ်ပေါ်မှာ လှပစွာကြည့်လိုကောင်းနေပေမဲ့ ကျွန်တော်ရဲ့ပင် မကြည့်ရဲတော့။

"ငြင်းလေ မောင် ဘာငြင်းဦးမလဲ"

"နေအုံး မောင်ရှင်းပြမယ် ခဏလေး"

"သန်လျှင်ထိရောက်ခဲ့တဲ့ကိစ္စကို မေသိပ်စိတ်ဆိုးတယ်မောင်သိလား။ ဘာပြောထားလဲ မောင့်ကို မေ ဘာအတန်တန်မှာထားလဲ။ မောင်နည်းနည်းမှ မစောင့်စည်းပါလား။ အခုဘာဖြစ်ကြတာလဲ ဘာကိစ္စအတွက်နဲ့ မောင်နဲ့ ဟိုဟာမက နှစ်ယောက်တည်းအတူတူသွားကြတာလဲ"





"ရှုးတိုးတိုး။ မောင်ပြောမယ် လာဒီနားက ဆိုင်မှာ တစ်ခုခုစားပြီး စကားပြောရအောင်။ ဟိုကြမှ မောင်ရှင်းပြမယ်လာပါ"

"မကိုင်ပါနဲ့။ လာမထိနဲ့ပြော ပြဿနာကို ဒီမှာပဲရှင်း။ ဆိုင်မှာလဲ ဒီစကား။ ခုလဲဒီစကားပဲ မောင်ရင်မဆိုင်ရဲဘူးလား"

"မေရာ"

ဆိုင်က ကောင်လေးတွေ ဘယ်လောက်ထိ‌ေမောစိတ်ဝင်စားနေကြမည်ကို ကျွန်တော်အတပ်သေချာသိနေသည်။ မေကာ ဒေါသဖြစ်လျှင် နေရာမရွေး။ အချိန်မရွေးတတ်ပါ။ ကျယ်လောင်ကျယ်လောင်နှင့်မပြီးနိုင်၊ မစီးနိုင်အောင် သောင်းကျန်းတတ်သူပင်။

"ဝေ့လည်ကြောင်ပတ်လုပ်မနေနဲ့။ ခုဖြေနော်။ ဒါသွေးရိုးသားရိုးသွားတာ လုံးဝမဖြစ်နိုင်ဘူး"

"ဟာ ဘုရားပေးပေး၊ ကျမ်းပေးပေး မောင်ကြိမ်ပြောရဲတယ်မေ။ ခု ချစ်ဖူးက သန်လျင်မှာဗေဒင်သွားမေးတာ မယုံရင် ဒီတစ်ဆိုင်လုံးကို မေး။ အာလုံးသိတယ်။ မောင်လုံးဝ မလိမ်ဘူး"

"ရှစ်ရာ ကောင်းလိုက်တာ။ အဲဒီဆတ်စလူးမလေး ဗေဒင်တွက်တာ မောင်ကလိုက်ပို့စရာလား။ အံ့ရော ဒီမေ့ မျက်နှာကိုနည်းနည်းပါးပါး ထောက်ဖို့တော့ကောင်းတာပေါ့ မောင်ရဲ့။ ခုတော့ သန်လျင်တံတားမှာ မောင်တို့ကားပျက်နေတာရော၊ မိုးမိနေကြတာရော မေ့ကိုလှမ်းပြောတဲ့သူက ပြောပြီးပြီ။ ဘယ်လောက်ရှက်ဖို့ကောင်းလဲ သူ့ပြီ။ မောင်လုံးဝ အရှက်မရှိတာ သိပ်ရှိတာပဲသိလား"

"မေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ပြန်းဆို မေက စားပွဲက ပွင့်လက်စ ကုပ်ဘူးထဲက အချိုရည်တွေနှင့် ကျွန်တော့မျက်နှာကို လှမ်းပက်လိုက်သည်။

"ဒီနေ့ ရှင်နဲ့ ကျွန်မပြတ်ပြီမှတ်"

"မောင်"

"ဟာ မေ နေအုံးမေ"

ခုလောက်ထိ မေပေါက်ကွဲနေပုံကြီးက ကျွန်တော့အတွက်တော့ သွေးပျက်ချောက်ချားဖွယ်ရာ အထိပင်။

မေက ကျွန်တော်ဘယ်လောက်ခေါ်ခေါ် လှည့်မကြည့်တော့ သူမ ကားလှလှလေးကို ခပ်ကြမ်းကြမ်းမောင်းထွက်သွားတော့သည်။

"ဟာ"

"ဆရာ လိုက်သွားလေ လိုက်သွား အခုနေချော့မှ တော်ကြာ အစ်မ ပိုစိတ်ဆိုးနေလိမ့်မယ်"

"အေး အေး ဟုတ်တယ်။ ပေး ငါ့ကား သော့"

ကျွန်တော့်မှာ တပည့်တွေ ဝိုင်းမြှောက်ပေးသည့်အတိုင်း မေ့ကား နောက်ကနေ အမီလိုက်မောင်းလာခဲ့သည်။

မေ့ ကားလေးက တရိပ်ရိပ် မိန်းကလေးတန်မဲ့ မေကားမောင်း ကြမ်းလှသည်။ ကျွန်တော်ပင် မေ့ကားနောက်မီအောင် လိုက်မောင်းရတာ ကျွန်တော်ရင်ထဲ တလှပ်လှပ်။

ကျွန်တော်မေ့ကား နောက်က နေလိုက်မောင်းနေရင်မှ ဆဲလ်ဖုန်းဖြင့် ခေါ်ကြည့်သေးသည်။





"တောက်ကွာ ဘယ်လိုမိန်းမလဲ"

မေနှင့် ကျွန်တော်ချစ်သူဘဝကို အတိလင်း ရောက်ခဲ့သည့်နေ့ကစပြီး ကျွန်တော်စိတ်မချမ်းမြေ့ခဲ့ရပါ။ မေက အလွန်သဝန်တိုကာ အသေးအဖွဲလေးကစပြီး စစ်ဆေးမေးမြန်းတတ်ကာ စိတ်ကလည်း မြန် ဒေါသကလည်းကြီးနှင့် ကျွန်တော်ကပဲ အမြဲပြန်ချော့ရပေါင်း မနည်းတော့။

မေ ဒေါသက လူရှေ့သူရှေ့လည်းမရှောင်ပါ။ ကျွန်တော်ကို မေက တစ်ပတ်မှာ ခြောက်ရက်လောက် ပြဿနာ ရှာတတ်သူလည်း ဖြစ်သည်။

ထို့ကြောင့် ကျွန်တော် မေ့ကို လက်ထပ်ရမှာ အရမ်းကြောက်နေသည်။ မေ့ကို ချစ်တော့ချစ်သည်။ လက်တော့မထပ်ရဲပါ။ မေက စိတ်ဆတ် စိတ်တိုကာ ကျွန်တော့်အပေါ် အမြဲအနိုင်ယူနေကျမို့ ကျွန်တော်တို့ အိမ်ထောင်ရေးလည်း စိတ်ချမ်းမြေ့နိုင်မည်မဟုတ်ပါ။

ခုလည်း ကျွန်တော်နယ်က ညီမလေးသူငယ်ချင်းနှင့် သန်လျင်အထိသွားတာကို မေ့နားသတင်းရောက်သွားကာ ခုလောက်ထိ မေပေါက်ကွဲနေခြင်းပင်။

မေရင်ထဲက တလိပ်လိပ်လောင်မြိုက်နေသည့် မီးတောက်မီးလျှံတွေက အတော်ကြောက်စရာကောင်းလှသည်။

ကျွန်တော်လိုက်လာမှန်း မေသိလျက်နှင့် ကားအရှိန်လျှော့မပေးတာ။ ကားရပ်မပေးတာကို ကျွန်တော်မေ့အတွက် စိတ်ပူလှသည်။

ဘယ်လောက်မှ မကြာလိုက် မေတို့နေသည့် သံပွင့်လမ်း



www.burmeseclassic.com

www.burmeseclassic.com



ချီးထဲသို့ မေ့ကားလေး အလျှင်တက်သွားချိန်မှာ ကျွန်တော် မေ့ခြေ ရှေ့ရောက်အောင် အတင်းကျော်ဖြတ်တက်လာခဲ့ရသည်။

ပြီးလျှင် မေ့ခြံထဲ တံခါးထိပ်မှ ကားကို ပိတ်ရပ်လိုက်တော့ မေ့ကားဟွန်းသံက ကျယ်လောင်စွာတီးပြီး တအားကြီးအော်တော့သည်။

"ဘာလုပ်တာလဲ သူများခြံရှေ့ ကားလာပိတ်ထားတယ် ဖယ်စမ်း"

"မေ ဆင်းခဲ့ပါ။ လာပါ မောင်မေ့ကို ကျေနပ်တဲ့အထိ တောင်းပန်ချင်လို့ပါ"

"လုပ်မနေနဲ့ ရှင်နဲ့ကျွန်မ ပြတ်ပြီ။ ရှင်ထွက်သွားစမ်း"

"ဘာလို့ ပြတ်ရမှာလဲ၊ မောင် မေ့ကို ချစ်တယ် မေပြတ်တိုင်း ပြတ်ရမှာလား။ မေဘယ်လောက်စိတ်ဆိုးဆိုး မောင်ချော့ပါမယ်"

"လာပါ ခဏဆင်းခဲ့ပါနော်"

ကျွန်တော် မေ့ဘက်ကကား တံခါးကို ဆွဲဖွင့်နေပေမယ့် မေက တံခါးတွေအားလုံးကု လော့(စ်)ချထားပြီး ဖြစ်သည်။

"ဒါဖြင့် မှန်လေးနည်းနည်းဟနော်"

"မေ"

"မေ"

"မေ့ကို မောင်သိပ်ချစ်တယ်လေကွာ။ အဲဒါ မမေ့လိုက်နဲ့ မေလဲ မောင့်ကို ချစ်လို့ အခုလို ပေါက်ကွဲတာ မောင်သိတယ် နောက် အဲလို မေစိတ်ဆင်းရဲရအောင် မောင် မလုပ်တော့ဘူးနော်။





ခုကိစ္စက ညလေးအတွက် ယကြောသွားမေးတာ"

"---"

မေတစ်ခွန်းမှ ပြန်မဖြေ မျက်နှာကြီးကို တင်းမာထားသည်မှာ ပြတ်ထွက်မတတ်။

"ညလေး မလိမ္မာဘူး မေရာ၊ သူမောင်ကို စကားလဲမပြောဘူး။ အိမ်မှာ သူလုပ်ချင်ရာတွေ လျှောက်လုပ်နေတယ်။ အဲဒါ ချစ်ဖူးက ညီမလေး အတွက်စိတ်ပူပြီး"

"တော်တော့ မကြားချင်ဘူး"

"မောင် မေ့ကို လိုက်ရှင်းပြတာလေ မေ၊ မောင်ရှင်းပြတာကို မှ မကြားချင်ရင် မောင့်မျက်နှာကို မမြင်ချင်တော့ရင် ကားနဲ့သာ အသေသတ်လိုက်"

"သေရဲတယ်ပေါ့"

"အင်း မောင့်မျက်လုံးမှိတ်ထားမယ်လေ"

"ဒါဖြင့် 'ကားရှေ့သွားရပ်"

"ဟင်"

မေသာ တကယ်တိုက်လိုက်လျှင်ပဲဟု ကျွန်တော်ဝေ့ဂဲ့ မရစွာ တထိတ်တိတ်နှင့် မေ့ကားရှေ့သွားရပ်ပေးလိုက်ရသည်။

တကယ်တော့ ကျွန်တော့သတ္တိကြောင်တတ်သူပါ။ကြောက်လည်းကြောက်တတ်သူပါ။ မေက ဒေါသဖြစ်နေတဲ့သူ ဒေါသစိတ်ဖြင့် ဘုရား ဘုရား။

ကျွန်တော်ကြောက်စိတ်တွေက တစိမ့်စိမ့်ကျောထဲက ချမ်းလာ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ထိုခဏ ကားစက်နှိုးသံကြားလိုက်ရသည်။

ဗုဒ္ဓေါ

မြတ်စွာဘုရား ကယ်တော်မူပါခင်ဗျား။

ကျွန်တော်အလိုလို ငိုချင်သွားကာ လက်နှစ်ဖက်ကို ဆန့်တန်းပေးထားရင်းမှ မျက်စိတွေကို စုံမှိတ်ထားသည်မှာ ဖွင့်ကို မဖွင့်ရဲတော့။

"ရှင် သေချာတယ်နော်"

မေ့ အသံက ပြတ်သားစွာ ဘာကိုမှ ဂရုမစိုက်သံကျွန်တော်တော့ မသေလျှင်တောင် ခြေကျိုးလက်ကျိုးတော့ဖြစ်တော့မှာ ဘုရားဘုရား။

"မေ မောင်ရှင်းပြတာ မယုံရင် တိုက်သာသွားတော့"

"ရှင်ဘာဖြစ်လို့လဲ။ အဲဒီ မိန်းမတွေနဲ့ မကင်းနိုင်ရတာလဲ။ ကျွန်မ မကြိုက်တာ ရှင်ဘာလို့ လုပ်လဲ။ အတန်တန်ပြောတယ်။ အဲဒီဟာမလေးတွေနဲ့ အရောမဝင်ရဘူး။ မပတ်သက်ရဘူးလို့ ခုယူတောင် မယူရသေးဘူး။ ရှင်က ကျွန်မစကားနားမထောင်ဘူး။ ယူပြီးရင် ကျွန်မ ရှင့်ကို ဘယ်လိုထိန်းချုပ်ရမှာလဲ။ ရှင်လုပ်သမျှတွေက ကျွန်မဂုဏ်သိက္ခာ ကျွန်မထားတဲ့ အချစ်တွေကို စော်ကားရာကျနေတာ ။ တကယ်ဆို ရှင်ဘာမှ လိုက်သွားစရာ အကြောင်းမရှိဘူးသိလား"

ကားစက်နှိုးထားသည်နှင့်အတူ ကားထဲကနေ စူစူရှုရှု ကြိမ်းဝါးအောင်ဟစ်နေသည့် မေ့ကို ကျွန်တော်ပြေစရာတစ်ခွန်းပဲရှိသည်။





"မေ မယုံရင် မောင့်ကို တိုက်လိုက်တော့ တစ်လောကလုံးမောင့်အချစ်ရဆုံးက မေပဲ။ ခုကိစ္စသွားရတာလဲ ညီမလေးနဲ့ ပတ်သက်နေလို့။ အဲဒါ မောင်သေပြရဲတဲ့ ကတိသစ္စာပြုရဲတယ် မေ"

ထိုခဏကား စက်နှိုးထားသည့် အသံကြီးက ဒက်ခနဲ ရပ်တန့်သွားသည်။ ကျွန်တော်ကြောက်စိတ်နည်းနည်းတော့ ပြေလျော့သွားရလေပြီ။

ပြီးလျှင် မာတောင့်တောင့်အသံမျိုးမရှိတော့ဘဲ နူးညံ့ပျော့ပျောင်းသံတစ်ခုနှင့် –

"ကဲလာပါသူများတွေ ထွက်ကြည့်ရင် မေက တကယ်ဝင်တိုက်တော့မယ် ထင်နေပါအုံးမယ်"

"ဟင် မေစိတ်ဆိုး ပြေပြီပေါ့"

"လာဆို"

"နေဦး နေဦး မောင့်ကား ရွှေ့လိုက်မယ် အဲဒါမှ မေ့ကား ဝင်လာလို့ရမှာ"

"အိမ်ထဲရောက်မှ ရှင့်ကို သတ်မယ်။ ခုတော့ လူတွေမြင်မှာစိုးလို့ သနားလို့တော့ မထင်နဲ့"

"ဟော့ဗျာ"

မေက လုပသော မျက်စောင်းတစ်ခုနှင့် အနိုင်ရအောင်ကြောပြီး ပြောလိုက်သေးသည်။ သူမက စိတ်ဆိုးပြေသွားလျှင် အဲဒီလို ခပ်ကြောကြောလေးအနိုင်ပြောလိုက်ရမှာ ကျေနပ်တတ်သူဆိုတာ ကျွန်တော်ကနှောကျေပြီးသား။



www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆိုတာ စိတ်င်းရဲ့စရာ တွေ့ကြုံလာတတ်သလို စိတ်ချမ်းသာစရာလေးတွေနှင့်လည်း အားပြိုင်လွန်ဆွဲနေတတ်လေသည်။

* * *



## အခန်း (၅)

အစက ကျွန်တော့်အပေါ် ချစ်ခင်စွဲလမ်းလေ၊ သဝန်တိုစိတ်တွေ သံသယဖြစ်စိတ်တွေများလေနှင့် ကျွန်တော့်ကို ပြဿနာထထ ရှာတာ ကို အရမ်းစိတ်ညစ်ရလေသည်။

ကျွန်တော်တို့နှစ်ယောက် တွေ့ဆုံချိန်တိုင်း မေ့ဘက်က ပဋိပက္ခတွေကို ဖြေရှင်းရင်းဖြင့်သာ အဆုံးသတ်ခဲ့ရသည်။

ဒီနေ့ မေက ကျွန်တော့်ကို အိုးရီရန်တယ်က ဒင်ဆမ်းနံတွေ လာပို့ပေးသည်။

ဖြစ်ချင်တော့ ကျွန်တော့်အိမ်က ထမင်းကြော်စားလာသဖြင့် သယ်လိုမှ မစားနိုင်သေးပါ။

"မောင် ပူတုန်းဖွင့်စားလိုက်လေ။ မေ တော့ စားလာပြီးပြီ။ သူငယ်ချင်းတွေနဲ့ သွားရင်းနဲ့ မောင့်ကို ချက်ချင်းသတိရလိုက်လို့ ဝယ်လိုက်တာ စားမယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"မောင် ခုလေးတင်အိမ်ကစားလာခဲ့တာမေ။ ထားလိုက် မောင်စားမှာပေါ့"

"ဒါပဲနော်၊ မောင့်ဆိုင်က ကောင်လေးတွေလဲ ဝေငှမနေနဲ့ မောင့်ဘာသာစား"

"အင်း ပါဗျာ"

"ကြည့်ပါဦး။ ကိုးနာရီထိုးနေပြီ။ မောင့်တပည့်တွေ တစ်ယောက်မှ မလာသေးဘူး။ မောင် စည်းကမ်းလုပ်မထားဘူးလား"

"လုပ်ထားပါတယ်။ သူတို့တွေလဲရွှေပြည်သာတို့၊ လှိုင်သာယာ တို့ကနေလာရတာ မဟုတ်လား။ ဘတ်စ်ကားက အချိန်အတိအကျ တော့ ဘယ်ရှိမလဲ"

"အဲဒါ မောင် ပျော့ညံ့တာ။ မောင် အုပ်ချုပ်မှု ညံ့တာပေါ့။ တကယ်ဆို မောင်တင်းတင်းကျပ်ကျပ် ကိုင်တွယ်ထားရင် သူတို့ ဒီလိုစည်းမရှိ ကမ်းမရှိ ဘယ်လုပ်ရဲပါ့မလဲ။ ခုတော့ တစ်ကောင်မှ တောင်မရောက်ကြသေးဘူး။ အချိန်ကို မလေးစားကြဘူး"

မေက လက်နှစ်ဖက်ကို ဟန်ပါပါပိုက်ပြီး သူမချွန်မြင့်ဖိနပ် သံကြီး မြည်အောင် တဒေါက်ဒေါက်လျှောက်ကာ ပွစိပွစိ အပြစ်တင် နေသည်။

ကျွန်တော်ကတော့ ကိုယ်တိုင်ကလည်း နူးညံ့သူမို့ တပည့်တွေ ကိုယ်တွယ်ရာမှာ စည်းမျဉ်းစည်းကမ်းတွေ အမိန့်တွေ သိပ်သုံးလေ့ မရှိပါ။ အေးအေးဆေးဆေး ညင်ညင်သာသာပဲ ပြောဆိုတတ်တာကို မေက အမြဲအပြစ်တင်လေ့ရှိလေသည်။





"ကဲပါ မေရယ် လာမောင်တို့က တခြားကိစ္စပြောရအောင်"

"မောင် ကြပ်ကြပ်မပျော့ ကြာရင် ဆိုင်ပါရောင်းရတဲ့အထိ ဖြစ်လိမ့်မယ်။ ဟင်း "

ချယ်ရီရောင် ဖျော့ဖျော့ ဝမ်းဆက်ဝတ်ထားသည့် မေ့ပုံစံက ကျွန်တော့်အတွက် စိတ်လှုပ်ရှားဖွယ်ရာ မေ ဘယ်သူတွေအပေါ် ဘယ်လောက်ပဲ တင်းမာပါစေဦး ကျွန်တော်နှင့် ပတ်သက်လျှင်တော့ အတော်ချစ်မြတ်နိုးစွာ သံယောဇဉ်ကြီးရှာသည်။

"မေ"

"ဘာတုံး"

"လာရမလား"

"ဘာ လာတာလဲ"

"အနမ်း"

"အိုး သွားစမ်းပါ"

"မောင်က လေထဲကနေ လွှတ်မှာ"

"မေကလဲ ဖနောင့်နဲ့ကို ပြန်ပေါက်မှာ"

ကျွန်တော်တို့ နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကာ ရယ်မောမိကြသည်။

"မေ အဲလို အမြဲရယ်ပါကွာ၊ သိပ်လှတာပဲ"

"အမယ် အပိုတွေလုပ်မနေနဲ့။ ညနေ ထရိတ်ဒါးမှာ ဂျပန်ငါး လေးတွေ သွားစားကြမယ်။ မေ လာခေါ်မယ်"

"အိုကေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီတစ်နေ့လုံး ဘယ်မှ လျှောက်မလစ်နဲ့နော်"

"စိတ်ချ"

"ဟိုတစ်နေ့ကလို လျှောက်သွားရင်တော့အသတ်ပဲမှတ်"

"တကယ် မသတ်ရက်ဘူးလား"

"လုပ်ရဲတာပေါ့"

"မေ အဲလောက် မရက်စက်တတ်တာ မောင်သိပါတယ်ကွာ"

"မေ့ ဂုဏ်သိက္ခာ၊ မေ့ အချစ်ကို ထိပါးစော်ကားလာမယ့် အပြုအမူမျိုးဆိုရင်တော့ သတ်ကိုပစ်မှာ"

"ဟုတ်ပါပြီ။ သိပ်လဲလျှောက်တွေးမနေပါနဲ့။ မောင် မေ့ကို ဘယ်တော့မှ သစ္စာမဖောက်ပါဘူးဗျာ။ ကတိပေးတယ်"

"ကဲ ကဲမ မေ သွားပြီ"

"အိုကေ ညနေတွေ့မယ်နော်"

"အင်း"

"ဟော့ ဟော့ ခဏလေး မေ"

"ဘာတုံး"

"ဒီလိုလေးလေ ခဏလေး၊ တစ်မိနစ်တည်း၊ တစ်မိနစ်တည်း ပါ"

"ဟင် ဘာဖြစ်တာလဲ မောင်ရယ်"

ကျွန်တော့်ရင်ခွင်ထဲ မေ့ကို တစ်ခဏလေး ပွေ့ဖက်ထားလိုက်ပြီးမှ အသာအယာ ပြန်လွှတ်ပေးလိုက်မိသည်။ ယိုအထိအတွေ့ အာရုံလေးအတွက် ကျွန်တော် တစ်နေ့လုံး ရောင့်ရဲနိုင်ပါသည်။





## အခန်း (၆)

ဖြစ်ချင်ချင်တော့ မေ ပြန်ထွက်သွားပြီး ဘယ်လောက်မှ ကြာလိုက်၊ ချစ်ဖွားကားလေးရောက်လာကာ ထုံးစံအတိုင်း ချစ်ဖွား ဆိုင်ထဲမှာ ပျာယာခတ်ဝင်လာတာ။

"ဗိုက်ဆာတယ် ကိုလင်းရာ ဘာရှိလဲဟင် တစ်ခုခုကျွေး"

"အင်း ဘယ်လိုဖြစ်လာတာလဲ ချစ်ဖွား။ ထိုင်လေ"

"မနက်ကတည်းက ဒီကားသစ်လေး ရွှေညောင်ပင်သွားပြ၊ ရွှေညောင်ပင်ဆိုးဘိုးကြီးကို ကန်တော့ပြီး ပြန်ထွက်လာတာ၊ အိမ်က ဆယ်ဒီတို့လဲ နိုင်ငံခြား ခဏထွက်သွားတယ်။ အဲဒါ ချစ်ဖွားတစ်ယောက် ညည်း လှုပ်ရှားနေရတယ် ကိုလင်း။ လမ်းမှာ ဗိုက်က ဆာလာတာနဲ့ ကိုလင်းဆီ တန်းဝင်လာတာ။ ချစ်ဖွားကို တစ်ခုခုကျွေးမလား"

"စားချင်စားလေ။ ဒီမှာ ဘူးတွေ ဖွင့်တောင် မဖွင့်ရသေးဘူး"

"ဟာ အတော်ပဲ၊ အိုး ရီရန့်တယ်နက ဒင်ဆန့်မုံတွေပဲ



www.burmeseclassic.com

www.burmeseclassic.com



ချစ်ဖူး တကယ်စားမှာနော် ကိုလင်း"

"အင်း စား စား"

ချစ်ဖူးက ဝမ်းသာအားရ ပလတ်စတစ်ဘူး ဖြူဖြူတွေကို ဖောက်ကာ တစ်မျိုးချင်းကို အားပါးတရ စားနေတော့သည်။

"အား ကောင်းလိုက်တာ"

"ကြည့်စမ်း၊ ပုစွန် ရေညှိတွေလဲပါတယ်။ အားပါးပါး ချစ်ဖူး ကြိုက်တာတွေချည်းပဲ အကုန်ကို စားပစ်လိုက်မယ်ဆရာ"

"စားပါဗျာ"

ကျွန်တော်ကတော့ ချစ်ဖူးကို ညီမလေးနှင့် ရွယ်တူမို့ ကျွန်တော့် ညီမလေးတစ်ယောက်လိုသာ ဆက်ဆံသည်။ ညီမလေးဆို ဘယ်တော့မှ ဆိုင်ကို ခေါ်၍မရ။ ဆိုင်ကိုလဲ အဝင်အထွက်မလုပ်ဟတ်ပါ။ ချစ်ဖူးကမှ ညီမလေးထက်ပိုပြီး ကျွန်တော်နှင့် ရင်းနှီးကျွမ်းဝင်နေသေးသည်။

ကျွန်တော် ချစ်ဖူးအပေါ် ညီမရင်းသဖွယ် သဘောထားသလို ချစ်ဖူးလည်း ကျွန်တော့်အပေါ် အစ်ကိုရင်းလိုပဲ သဘောထားဆက်ဆံနေသည်ဟု ကျွန်တော်ယုံသည်။

(အကြောင်းမှာ ချစ်ဖူးက တစ်ဦးတည်းသော သမီးပီပီ မိတ်ဆွေ အပေါင်းအသင်းအဖော်ကို မက်မော ခုံမင်တတ်သည့် စိတ်ကလေးရှိနေခြင်းပါ။)

"သိပ်ကောင်းတာပဲ ကိုလင်းရယ်။ အခါတိုင်း ဆိုင်မှာ သွားစားတာထက် ပိုစားလို့ကောင်းနေတာ။ ခစ်ခစ် ခစ် ရေတစ်ခွက်





လောက် ခပ်ပေးနော်"

"အမယ်လေး ငါက ညည်းကို ခပ်ပေးရမယ်ပေါ့"

"ဒါပေါ့ ဒါပေါ့"

ကျွန်တော် ရေခဲ သေတ္တာသေးသေးလေးထဲက ရေသန့်တစ်ဘူး ဆွဲထုတ်ကာ ရေဖန်ခွက်ရှင်သေးသေးထဲ ငှဲ့ထည့်လိုက်ကာ ချစ်ဖူးကို ပေးဖို့ အကမ်းမှာ-

"ခလွမ်း"

ခနဲ လမ်းခုလတ်မှာတင် ဖန်ခွက်ကို ပုတ်ထုတ်ခံလိုက်ရလေသည်။

"ဟင်"

"မြတ်စွာဘုရား"

"ဟင် မေ"

"ဒါက ဘယ်လိုဖြစ်နေကြတာလဲ"

ရုတ်ရုတ်ရှရှ အသံနက်ကြီးကြောင့် ကျွန်တော်နှင့် ချစ်ဖူးနှစ်ယောက်စလုံး တုန့်ခနဲဖြစ်သွားကြကာ ချစ်ဖူးလက်ထဲက မုန့်တစ်ခုဝင် သံမံသလင်းပေါ် လွတ်ကျသွားခဲ့သည်။ (သွားပြီ မေ ပေးထားသည့် မုန့်တွေတခြား မိန်းကလေးစားနေတာ မေသိသွားပြီ မြတ်စွာဘုရား)

"မေ"

"သွားစမ်း"

မေက ကျွန်တော့်ကို လက်နှစ်ဖက်ဖြင့် အားကုန်ဆောင့်တွန်း



www.burmeseclassic.com

www.burmeseclassic.com



ပစ်ပြီးလျှင် သူမ ဒေါသတွေကို ချစ်ဖူးဆီ စုပြုံပေးတော့သည်။

"နင် ဒီမှ ဘာလာလုပ်နေတာလဲ။ နင် နည်းနည်းလေးမှ အရှက်သိက္ခာမရှိဘူးလား။ နင် ဘယ်လိုမိန်းမစားလဲ"

"ကျွန်မ မိကောင်းဖခင်သားသမီးပါ အန်တီ။ ဗိုက်ဆာလို့ ကိုလင်းမုန့်တွေ ထိုင်စားနေတာပါ။ ဘာဖြစ်လို့လဲ"

"ဘာ အရေးမပါတာ လာမပြောနဲ့၊ နင် ကြံဖန် ဓာတ်လမ်းထွင်နေတာမဟုတ်လား။ နင် ဗိုက်ဆာရင် နင့်ဘာသာနင် ဝယ်စားပေါ့။ ဘာလို့ ဒီမှာ လာစားသောက်နေတာလဲမ။ ဣန္ဒြေမရှိတာ။ ထွက်သွားစမ်း"

"ကျွန်မကို မနှင်ပါနဲ့ အန်တီ။ ကိုလင်းဆိုင်ကို ဘယ်သူမဆို လာလို့ရတာပဲ။ အန်တီ့အတွက် ဘာများ ထိခိုက်စရာရှိလို့လဲ"

"အန်တီ အန်တီလို့ ငါ့ကိုခေါ်မနေနဲ့။ နင် ခုထွက်သွားမလား မသွားဘူးလား"

"ကိုလင်း ဘယ်လိုလဲ ချစ်ဖူးတို့က ရိုးရိုးပါနော်။ ကြည့်ဦး အန်တီက အသားလွှတ်ကြီး လာဝုန်းနေတာ။ ကြောက်တောင်လာပြီ"

"ချစ်ဖူး မင်း ---မင်း"

"မောင် ရှင့်ပါးစပ်ပိတ်ထားစမ်း။ မေ ဒီကိစ္စကိုရှင်းမှရမယ်"

မေက တင်းမာနေသလို ချစ်ဖူးကလည်း တစ်စက်ကလေးမှ အရှုံးမပေး။ အလျှော့မပေးပေ။ ကျွန်တော့်မှာသာ မိန်းမနှစ်ယောက် ပဋိပက္ခဖြစ်နေတာကို ကြည့်ပြီး တဖြည်းဖြည်း ပိုထိတ်လန့်လာသည်။ ဘယ်သူ့ကိုမှလည်း မကာကွယ်ရဲသလောက်။





"ဟေ့ ဒီမယ် နင့်ကို ငါ ခုတစ်ခါတည်း ပြောလိုက်မယ်။ နောက် နင် ဒီဆိုင်ဘယ်တော့မှမလာရဘူး။ သူနဲ့လဲ မပတ်သက်ရဘူး။ အေးပါ။ ကြိုသတိပေးလိုက်ရဲ့နဲ့ နင် အရှက်မရှိ မိန်းမဗိလိန်ဝင်လုပ်မယ်ဆိုရင်တော့ နင် ငါ့အကြောင်းကောင်းကောင်းသိသွားလိုက်မယ် မှတ်ထား"

"နေဦး အန်တီ။ အန်တီထင်နေတာ ကျွန်မက ကိုလင်းကို တစ်ဖက်သတ်ကြိုက်နေတယ်ထင်လို့လား။ ဟား ဟား ဟား ရယ်ရတယ်"

"ဟဲ့ အရူးမ၊ နင်မကြိုက်ဘဲအခုလောက် ပရောပရိလာလုပ်ပါ့မလား။ အရေးမပါတာ ငါ့ကိုလာညာမနေနဲ့။ မောင့်ကို ချွဲနေညုနေလိုက်တာ ဟင်း ငါမပြောလိုက်ချင်ဘူး"

"ဟာ အဲဒါကတော့ အန်တီကြိုက်သလိုထင်နိုင်တယ်။ ကျွန်မကတော့ ကိုလင်းကို အစ်ကိုတစ်ယောက်လို ခင်မင်တာပဲရှိတယ်။ ဘာစိတ်မှကို မရှိသေးတာ။ ဒါပေမဲ့ အန်တီစွပ်စွဲပြီး နောက်ပိုင်း ကျွန်မရင်ဘတ်ပေါ် လက်တင်ပြီး သေသေချာချာ စဉ်းစားကြည့်မယ်"

"တောက် ---ကဲယ်"

"ဖြန်း"

"ဟင်"

"ဟာ မေ၊ ဘယ်-- ဘယ်လိုလုပ်လိုက်တာလဲ"

"ဘာလုပ်ရမှာလဲ အရှက်မရှိတဲ့မိန်းမကို ဆုံးမလိုက်တာလေ



www.burmeseclassic.com

www.burmeseclassic.com



ပြီးရင် မောင့်အလှည့်ပဲ"

မေ့ ဒေါသတွေက ဘာကိုမှ မဆင်ခြင်နိုင်တော့သလို ချစ်ဖူးကလည်း သူ့မပါး သူမတစ်ချက်ပွတ်ကာ ခပ်ရီရီပြောသွားလေသည်။

"အန်တီက ကျွန်မအဒေါ်အရွယ်ဖြစ်နေလို့ ကျွန်မ ဘာမှလက်တုံ့မပြန်တာမှတ်။ နောက်ဆို ကျွန်မကို အခုလို စော်ကားလာရင် အန်တီနှလုံးသားကိုပဲ ကျွန်မပြန်ရိုက်ပြမယ်။ လုပ်ရဲထပ်လုပ်ကြည့်"

"အောင်မာ တောက် အရိုင်းအစိုင်းမလေး။ ကြည့်စမ်း ပြောသွားတာ မောင် ရှင်ကြားတယ်မဟုတ်လား"

"အင်း --အင်း၊ လာ လာ ခဏထိုင်လိုက်မေ။ မနက်စောစောစီးစီး ဆိုင်မှာ ရန်ဖြစ်တာမကောင်းပါဘူး။ မေ ခဏနားလိုက်နော်"

"အို ဘာလို့ နားရမှာလဲ။ ရှင်နဲ့ ပြဿနာ ရှင်းကိုရှင်းရမယ်။ နေစမ်းပါဦး ကျွန်မက ရှင့်ကိုစားစေချင်လွန်းလို့ စောစောစီးစီး တကူးတကလာပို့ခဲ့ရတာ ရှင်က သူများ ကျွေးပစ်တယ် ရှင်အလကားလူပဲ"

"မဟုတ်ဘူးမေ၊ ချစ်ဖူးက သူ့ဘာသာသူဝင်လာတာ ဗိုက်က အရမ်းဆာတယ် ပြောတာနဲ့"

"ရှင့်အသား ရှင်လှီးကျွေးပေါ့ရှင့် ဘယ့်နှယ့် ကိုယ့်ရည်းစားလာပို့တဲ့မုန့်မှ အားရဝမ်းသာ ကျွေးရတယ်လို့ တော်ပြီ ရှင့်ကို စိတ်ကုန်ပြီ။ ရှင်နဲ့ကျွန်မပြတ်ပြီ"

"မေရာ မောင် "





မေက အံတင်းတင်းကြိတ်ထားကာ ကျွန်တော့်ကိုပဲ ဒေါနှင့်မောနှင့် ကြည့်နေသည်။ မေ့ဒေါသက ကမ္ဘာ့ရှူးထိုး နိုင်လှလေသည်။ ကျွန်တော်နှင့် စကားများတိုင်း ပဋိပက္ခဖြစ်တိုင်း "ပြတ်ပြီ"ဆိုတာ မေပြောနေကျလက်သုံးစကား။ ကျွန်တော့်နားထဲကို ရိုးအီနေပေမဲ့ မေ ဖြတ်သွားမှာကိုတော့ ကြောက်ရွံ့တာအမှန်။

"ဟင်-- ကျွန်မဆိုင်ကအထွက်မှာ အဲဒီ ဆတ်စလူးမကား မြင်လိုက်လို့ ချက်ချင်းပြန်ကွေ့ပြီး လာကြည့်တာ။ ထင်တဲ့အတိုင်းပဲ ရှင်က သူ့ကို ရေတောင်ခပ်ပေးနေသေးတယ်။ ရှင် လုံးဝကတိမတည်တဲ့ ယောကျ်ား၊ ရှင့်ကို သတ်တောင် သတ်ပစ်ချင်တယ် သိလား"

"စိတ်ကို နည်းနည်းလေး ဖြစ်ဖြစ်လျှော့လိုက်ပါမေ။ မေ အရမ်း စိတ်ကို လွှတ်မပေးပါနဲ့။ မောင် မေ့ကို ကျေနပ်တဲ့အထိ တောင်းပန်းပါ့မယ်"

"မတောင်းပန်နဲ့"

"ဒီတစ်ခါ လုံးဝ တောင်းပန်လို့ မရတော့ဘူးမှတ်ပါ။ ရှင့်ကို ကျွန်မ အကြိမ်ကြိမ်သတိပေးရက်နဲ့ ရှင်မရှောင်နိုင်ခဲ့ဘူး။ ကျွန်မသိပ်ရှက်တယ်။ စိတ်လဲထိခိုက်တယ်။ ရှင့်ကို ရွံ့လဲရွံ့တယ် သိလား။ အော့နှလုံးနာကြီးရဲ့"

"မေ ကြိုက်သလိုမုန်းတော့၊ ပြီးရင် မောင်ချော့မယ်နော် ဟုတ်လား"

"ကဲ သေလိုက်၊ အဲဒီမှာ သေပြီးနေခဲ့တော့"

"လိုက်မလာနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မေ"

"ဟော့ မေ"

"မေ"

ကျွန်တော် မေ့ကို ဘယ်လောက်ခေါ်ခေါ် မေလုံးဝ လှည့်မကြည့်တော့ ခုတစ်ကြိမ်တော့ ကျွန်တော်မေ့နောက်လိုက်မသွားတော့။

မေ အိမ်ရောက်ရောက်ချင်း ဖုန်းပြန်ဖွင့်လျှင် ကျွန်တော်အသံလေးကြားမိဖို့ပဲ ဖုန်းပြောစက်ထဲ အသံထည့်ပေးခဲ့သည်။

"မေ မောင်ပါ"

"မေအထင်လွဲနေတဲ့ကိစ္စအတွက် မောင်လဲခံစားရပါတယ်။ မေ့စိတ် မေမညှဉ်းဆဲပါနဲ့ကွာ၊ မောင့်ကို ယုံပါမောင်၊ မေ့ကို ဘယ်တော့မှ သစ္စာမဖောက်ဘူး၊ မောင့်အသံကြားရင် မောင့်ဆီဖုန်းပြန်ဆက်နော်"

ကျွန်တော် မေ့အခန်းထဲက ဖုန်းပြောစက်လေးထဲ အသံထည့်ခဲ့ပေမဲ့ မေလုံးလုံး ပြန်မဆက်ခဲ့။

မေရယ်။

စိတ်ကြီးလိုက်တာကွယ်။

ကျွန်တော်တစ်နေ့လုံး သက်ပြင်းကိုသာ အခါခါ အကြိမ်ကြိမ်ချနေမိခဲ့တော့သည်။

မေ မင်းဖုန်းဆက်ဖို့တော့ ကောင်းပါတယ်ကွာ။

စိတ်ဆိုးပြေစမ်းပါတော့ မေရာ။

* * *





## အခန်း (၄)

အချစ်ဆိုတာ ကျွန်တော်နားလည်ထားသည်က နူးညံ့သိမ်မွေ့မှု၊ တပ်မက်စွဲလမ်းမှုနှင့် တစ်ယောက်ကိုတစ်ယောက်မမြင်မတွေ့မနေနိုင်လောက်အောင် ထူးဆန်းစွာ စိတ်ချင်းဆက်သွယ်မှုတွေရှိရမည်ဟု ကျွန်တော်ခံယူယုံကြည်ခဲ့ဖူးသည်။

သို့သော် မေ့ဆီက ကျွန်တော်ရခဲ့သော အချစ်တွေက ကြောက်စရာတွေချည်းပင်။ သံသယဖြစ်ဖို့ သဝန်တိုပေါက်ကွဲဖို့ အမြဲအဆင်သင့်ဖြစ်နေသည့်မေ့ကို ချစ်လျက်နှင့် လက်မထပ်ရဲလောက်အောင် ကျွန်တော်ကြောက်နေခဲ့လေပြီ။

ဖြစ်ချင်တော့ မေက ကျွန်တော့်အပေါ် ဘယ်လောက်ဖိုလ်ကျ လိုက်သလဲဆိုရင် ကျွန်တော့ကိုဘာမှမပြော။ ဘာမှလည်း အသိမပေးဘဲနှင့် ကျွန်တော်တို့နှစ်ယောက်၏ စေ့စပ်ပွဲကို ဟိုတယ်ကြီးတစ်ခုမှာ ခမ်းခမ်းနားနားကျင်းပဖို့ ထိုင်တိုက်စီစဉ်လိုက်လေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ စေ့စပ်သည့်ပွဲမှာ ဝတ်ဖို့ ဝတ်စုံကိုပင် မေက စင်ကာပူကို လှမ်းမှာထားကြောင်း ကျွန်တော်နောက်မှသိလိုက်ရသည်။

ထိုကိစ္စနှင့်ပတ်သက်ပြီး ကျွန်တော်လုံးလုံးမသိခဲ့ပါ။ အကြောင်းမှာ မေ ကျွန်တော့ကို ချစ်ဖူးနှင့် အကြီးအကျယ်အထင်လွဲစိတ်ကောက်ပြီး နောက်ပိုင်းမှာ မေ့ကို ကျွန်တော်ဘယ်လိုပဲ ဆက်သွယ်ဆက်သွယ် မေလုံးဝ အရေးမလုပ်တော့ခြင်းပါ။

ထို့အတွက် မေ ဆီဒိုးနားဟိုတယ်မှာ စေ့စပ်ဖို့ ဒိတ်လုပ်ထားကြောင်း ဝတ်စုံတွေကို စင်ကာပူမှာအော်ဒါမှာထားကြောင်း ကျွန်တော်လုံးလုံးမသိခဲ့ခြင်းပင်။

မေ ဘယ်လောက်အကွက်ကျလိုက်သလဲဆိုရင် စေ့စပ်ဖို့ သုံးရက်အလိုကျမှ ကျွန်တော်လုံးဝမမျှော်လင့်ထားချိန်မှာ ဖုန်းဝင်လာခဲ့ခြင်းဖြစ်သည်။

"ဟဲလို"

"ဟင် မေ --မေ၊ မောင့်ကို စကားပြောပြီနော်၊ ဖုန်းဆက်ပြီနော်၊ မောင့် ဖုန်းနံပါတ်မှာ မေ့ဖုန်းနံပါတ်ဝင်လာကတည်းက မောင် အရမ်းဝမ်းသာသွားတာ"

"လျှာရှည်မနေနဲ့၊ ခု အိမ်လာခဲ့၊ ဆယ့်ငါးမိနစ်"

"ဟင်"

မေ့အသံက စိတ်ဆိုး စိတ်ကောက်သံမဟုတ်တော့။ တပည့်တစ်ယောက်ကို အမိန့်လှမ်းပေးသလိုမျိုး၊ ပြီးတော့လည်း ကျွန်တော်





ဝမ်းသာလို့ မဆုံးနိုင်သေးခင်မှာ ဖုန်းနံပါတ်ပိတ်ပစ်လိုက်သည်။

အင်း--နေနှင့်ဦး။

တွေ့မယ် မေ။

မင်း မောင့်ကို ပစ်ထားတဲ့ရက်တွေအတွက် အလွမ်းဖြေစရာနှစ်ကြိမ်လောက်တော့ နမ်းပြပစ်လိုက်မယ်။

ကျွန်တော့်စိတ်ထဲဝမ်းသာအားရကြိုးဝါးကာ မေ့အိမ် ချက်ချင်းကောက်လိုက်သွားတော့ ထုံးစံအတိုင်းခြံဝမှာ ခွေးကြီးလေးကောင်က သွားရည်တမြားမြားနှင့် ပါးစပ်ကြီးတွေဟကာ ညှော်သည်ကို ဆီးကြိုကြတော့သည်။

မေ့အတွက် စိတ်အချ အလုံခြုံရဆုံး သက်တော်စောင့်ခွေးကြီးတွေပင်။ ခွေးကြီးတွေ၏ ဆူဖြိုးပုံနှင့် အလုံးအထည်က ကြက်သီးထစရာ။ လူတစ်ယောက် ပုံလျက်သားလဲသွားနိုင်သည်အထိ အသံနှင့်ဟစ်နိုင်သည့် ကောင်တွေ။ တကယ့်ခွေးကောင်းကြီးတွေပင် (မေ ဘယ်လောက်ထိ ဈေးကြီးပေးပြီး မွေးထားသည်မသိ)

ကျွန်တော်ကတော့ ကြောက်တတ်သူပီပီ ခွေးတွေဝိုင်းဟောင်ကြချိန်မှာ ခြံထဲကားမဝင်ရဲဘဲ ခြံဝကနေသွားဖြဲးလေးလုပ်ပြလိုက်ကာ -

"ဟေ့ကောင်တွေ ငါပါကွ မင်းတို့သခင်မရဲ့ အချစ်တော်ပါကွာ ဘော်ဒါလေးတွေ အဲလိုမန္တတ်ဆက်ကြနဲ့နော်၊ ဟိတ် ဟဲ ဟဲ"

"ဝုတ် ဝုတ်"

ဒါတောင်ခွေးကြီးနှစ်ကောင်က ခြံတံခါးအလယ်လောက်ထိ

www.burmeseclassic.com



မြောက်မြောက်တက်လာအောင် အော်ဟစ်ခုန်ပေါက်နေကြသေးသည်။

မြတ်စွာဘုရား။

ကျွန်တော်မဝင်ရဲတော့။ ကျွန်တော့်ကားစက်ဖုံးပေါ်နောက်ပြန်လှွားခနဲခုန်ဆင်းလိုက်တာ မေ့ဆီ ဖုန်းနှိပ်ရတော့သည်။

"ဟဲလို"

"မေ —— မေ လာပါ ဒီကောင်တွေ မလွယ်ဘူး"

"ကြားသားပဲ၊ တမင်လွှတ်ထားတာ ရှင့်စိတ်ဓာတ်မှန် မမှန်သိချင်လို့"

"ဘယ်လို"

"ဒီလိုလေ အရင်ကလဲ ရှင် ဒီကိုလာနေကျလေ၊ ဘရိုက်မိုတို့က ရှင့်ကို ကောင်းကောင်းသိပါတယ်။ ဒါပေမဲ့ ရှင်နောက်ပိုင်းမလာတာကြာပြီဆိုတော့ သူတို့က ရှင့်ကို လက်သင့်ခံ မခံစမ်းနိုင်းတာ"

"မြတ်စွာဘုရား၊ ဒါ ဒါ စမ်းနိုင်းစရာလားကွာ၊ အဲလိုတော့ မနောက်ပါနဲ့ကွာ နော် နော်မေ၊ လိမ္မာတယ်၊ ခြံတံခါးလာဖွင့်ပေး"

"မဖွင့်ပေးပါဘူး၊ ခြံတံခါးက သံကြိုးကွင်းထဲ သော့ထည့်ပေးထားတယ်။ အဲဒါ ကိုယ့်ဘာသာကိုယ်ဝင်လာခဲ့"

"ဟာ အဲဒီနားကို ကပ်ကိုမကပ်ရဲတော့တာကွ၊ ဒီကောင်တွေဟောင်တာ မကြားတယ်မဟုတ်လား၊ ကြက်သီးထစရာ ခြံထဲဝင်ရင် မောင့်ကို ဝိုင်းခဲကြမှာပေါ့"

"အမယ်လေး အဲလောက်လဲ အသည်းမကြောင်စမ်းပါနဲ့၊ မေ့ခွေးတွေက မကိုက်တတ်ပါဘူး၊ ဟောင်ရုံတင် ဟောင်ကြတဲ့ဟာ၊





ကားထားပြီး လူချည်းပဲဝင်လာခဲ့၊ မေ ခုခြံထဲရောက်နေပြီး၊ ပိတောက်ပင်အောက်မှာ စောင့်နေမယ်"

"မေ"

"ဟော့ မေ"

ကျွန်တော့်ထက်ဦးအောင် မေက ဖုန်းကို ပိတ်ပစ်လိုက်ပြန်သည်။ ကျွန်တော်ကားအမိုးပေါ်ကနေ ဆင်းကိုမဆင်းရဲတော့။ ဟိုကောင်ကြီး တွေကလည်း ပါးစပ်ကြီးတွေဟကာ ကျွန်တော့်ကို စောင့်ကြည့်နေကြဆဲ။

မထူးတော့ ကျွန်တော်မေ့ဆီပဲ ဖုန်းပြန်နှိပ်လိုက်တော့ –

"ဘယ်လိုဖြစ်နေတာလဲ မောင်၊ ရှင့် တာကျတော့ နည်းနည်းလေးမှ မေ့ကိုမကြောက်ဘူး၊ မစဉ်းစားမိဘူး မဟုတ်လား ခုကိစ္စက မေက ဒီခြံထဲက သခင်မ ဒီဖိုတို့နဲ့ ရှင် သင့်တင့်အောင် ပေါင်းပြီးဝင်လာပေါ့၊ ဒီလောက်တောင် မောင်သတ္တိမရှိဘူးလား"

"အင်"

မေက အင်မတန်လူလည်ကျစွာ ပါဝါကိုပင် အော့ဖ်လိုက်လေပြီ။ ကျွန်တော် မေ့ဆီရောက်ဖို့ ဒီကောင်တွေကို ကျော်ဖြတ်ရပေတော့မည်။

ထိုအခါ ကျွန်တော်က ခြံထိပ်ကနေ ကျွန်တော်ဝယ်လာသည့် ချိုးနပ် မုန့်တွေပစ်ကျွေးရတော့သည်။ (တကယ်တော့ ထိုမုန့်တွေက ကျွန်တော်နှင့်မေ ကော်ဖီသောက်ရင်း ကော်ဖီလေးတပြိုက်နှင့် စကားပြောရင်း စားသောက်ဖို့ပင် မေ့ကို ဖားဖို့ဝယ်လာတာဆိုပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ခမျှားနိုင်ပါ။)

“လာ လာ အို့ အို့ စား စား”

“မှတ်မိတယ်နော်၊ ငါတို့ သိပြီးသားလေကွာ၊ မင်းတို့ကောင်တွေ အကြိုက်စား၊ ငါ--- ငါဝင်မယ်နော်”

ကျွန်တော့်မှာ ဒေါ်နပ်မုန့်တစ်ဘူးလုံး ကုန်အောင်ပစ်ကျွေးလိုက်တော့မှ သံကြိုးမှာ ပူးပြီးချည်ထားသည့် သော့တံကို ကိုင်ခွင့်ရသွားသည်။

အတော်မလွယ်တဲ့ခွေးစုတ်၊ ခွေးပုပ်၊ ခွေးပဲ့တွေ။

ကျွန်တော့်စိတ်ထဲကနေ လက်သီးထောင် ကြိမ်းဝါးလိုက်ပေမယ့် အပြင်မှာတော့ တဟဲဟဲကလေးရှုံ့နှံ့ရင်း အမြန်ဝင်လိုက်ရတော့သည်။

ဟူး---တော်ပါသေးရဲ့။

အဲဒါ မေ့လက်ချက်။

မေ အဲလောက် ကျွန်တော်တို့ ဒုက္ခပေးလေသည်။

တော်တော်ညစ်တဲ့မိန်းမ။ ခွေးစာကျွေးဖို့များ မှတ်နေလားမသိ။

ရည်းစားချင်းချိန်းတွေ့တွေ့တာတောင် ခွေးလွှတ်ထားသေးသည်တဲ့။

ဘယ်လောက် ကြောလိုက်၊ ဒုက္ခပေးလိုက်သလဲလို့။

* * *





## အခန်း (၈)

ကျွန်တော် မေ့နားရောက်သွားချိန်မှာ မေက ဝိုင်ရေ တစ်ခွက်ကို ကိုင်သောက်လျက် ကျွန်တော်တို့ မွေးပျံသည့် သားနားနေသည့် ဖိတ်စာတစ်စောင်ကို လှမ်းပေးသည်။

“ရော့”

“ဒါ ဘာလဲမေ”

“စေ့စပ်ပွဲ ဖိတ်စာ”

“မေ့ သူငယ်ချင်းပွဲလား၊ မောင်တို့ တူတူသွားတက်ရမှာလား၊ ဒါများ မေရယ်၊ မောင့်ကို စောစောကတည်းက ခြံတံခါးဖွင့်ပေးလိုက်ရင်ပြီးပြီ၊ မောင့်အချစ်ကို အဲဒီကောင်ကြီးတွေနဲ့တော့ နောက်မစမ်းသင့်ပါနဲ့ကွာနော်”

“ထိုင်ပြီးရင် သေသေချာချာဖတ်”

“အင်း –အိုကေ”



www.burmeseclassic.com

www.burmeseclassic.com



ခြံထဲက မီးတိုင်ရှည်ကြီးတွေမှာ ဝါကျင့်ကျင့်မီးလုံးကြီးတွေ စိုက်ထားသဖြင့် ထိုမီးရောင်နှင့်ပင် ကျွန်တော်ဖိတ်စာထိပ်စည်းကို လှမ်းဖတ်လိုက်လေသည်။

မောင်လင်းဇော်

မမေမင်းပိုင်

"ဟင်"

"ဟင်"

ခနဲ နှစ်ကြိမ်တိုင်တိုင် ထိတ်လန့်ချောက်ချား တုန်ယင်သွားရကာ မိုက်ခနဲပင် ယိုင်ထိုးသွားသည်ထိ။

"ဒါ---ဒါ"

"အင်းလေ၊ အဲဒါ မေတို့ စေ့စပ်ကြဖို့လေ"

"ဘယ်လို"

"ဖိတ်စာရိုက်ထားတဲ့ ဒိတ်ကို ကြည့်လေ၊ သန်ဘက်ခါပွဲနော်"

"ဟင်"

ကျွန်တော်လိပ်ပြာငှက်တောင်မွှေးပမာ လွင့်စဉ်ထွက်သွားသလို အသက်ထွက်သွားပြီလားဟုတောင် ကျွန်တော့်ကိုယ် ကျွန်တော် ထင်မိသည်။

"ဘာဖြစ်နေတာလဲ မောင်၊ ဒါ မေတို့ပွဲရဲ့ ဖိတ်စာပါဆို ဘာလို့ ခုလောက် အံ့သြနေရတာလဲ"

"ဟင် ဒါ ဒါက မောင် မောင်ဘာမှမသိရသေးဘူးလေ"





"အင်းလေ၊ မောင့်ကို တမင်အသိမပေးတာ၊ ဟိုရက်တွေတုန်းက အမြင်ကတ်နေလို့"

"ဘုရား"

"ခုတော့ အမြင်ကတ်တဲ့စိတ်ကုန်သလောက်ဖြစ်သွားပြီ၊ စခေါ်သို့လဲမရ၊ မပြောလို့လဲမရတော့ဘူးလေ၊ ပွဲကကပ်သွားပြီ"

"မေ--- မေက"

"အင်းပေါ့၊ မေတစ်ယောက်တည်း ဖိတ်စာကိစ္စ၊ ဟိုတယ်ကိစ္စအားလုံး လုံးပမ်းရတာ မေတို့ဝတ်ဖို့အတွက် စင်ကာပူကို အောင် အနောက်တိုင်းဝတ်စုံလှမ်းမှာထားပြီးပြီ၊ အဲဒီနေ့ မောင်ဝတ်မယ့် ဝတ်စုံ မောင်ပြန်ရင် ဝတ်ကြည့်ဖို့တစ်ခါတည်းပေးလိုက်မယ်"

"ခင်ဗျာ"

"ဘာ ခင်ဗျာလဲ၊ ဘာဖြစ်လို့ အဲလောက် အံ့သြနေရတာလဲ"

မေက ကျွန်တော်မျက်လုံးပြူးကာ အံ့အားသင့် ပါးစပ်ဟနေသို့ သဘောကျကြီးကျလျက် ရယ်မောလေသည်။

မေရယ်တာ အရမ်းလှပါသည်။

သို့သော် ကျွန်တော်မခံစားနိုင်ပါ။

ကျွန်တော်သေချင်လှပြီ။

ဘယ့်နှယ့်ဗျာ၊ သမီးရည်းစားမဖြစ်ခင်ကလည်း သူမကို ကြောက်ရ၊ ရည်းစားတွေဖြစ်ပြီးပြန်တော့လည်း ကြောက်ရနှင့် အမြဲတမ်းကြောက်နေရတဲ့ မိန်းမတစ်ယောက်ကို ကျွန်တော်ဘယ်လိုလုပ်



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ရဲပါ့မလဲ။

ခု မေက စေ့စပ်ဖို့ပင် သူ့မသဘောနှင့် သူ့မ စီစဉ်ချလို ပြီ။ ကျွန်တော့်ကို တစ်ချက်ကလေးတောင် အရေးမလုပ်ခဲ့။

သန်ဘက်ခါ ပွဲတဲ့၊

မြတ်စွာဘုရားသခင်။

ကျွန်တော်ထွက်ပြေးလို့လည်း မရနိုင်။ ထိုင်ငိုလို့လည်း မ နိုင်။ ဘုရား–ဘုရား၊ စေ့စပ်ပြီးတာနှင့် လက်ထပ်ရတော့မ အမယ်လေး။

ကျွန်တော့်ကြောက်စိတ်က ချွေးစေးတွေအဖြစ် ကျွန် မျက်နှာပြင်ပေါ်တွေမှာ အသီးလိုက်၊ အသီးလိုက်၊ ခိုတွဲနေခဲ့ ကျွန်တော်လက်ကိုင်ပဝါနှင့် မကြာ မကြာသပ်ချနေရလေသည်

"ဟင် မောင်က ဘာဖြစ်လို့ ဒီလောက်ချွေးတွေထွက် တာလဲ၊ မိုးတွင်းကြီးရယ်၊ စောစောကတင် မိုးရွာပြီးလို့အေးစိ တာ၊ မေ့ကိုကြည့်ဦး၊ လက်နှစ်ဖက်လုံး လက်အိတ်စွပ်ထားတ

ကျွန်တော်ပြုံးပင် မပြုံးနိုင်တော့။ မေ့ကို ကြည့်ဖို့ သတ္တိနည်းနေလား၊ ဖိတ်စာကိုကိုင်ရင်း တုန်လှုပ်နေတော့သည်

ထိုအချိန် မေက ခြေနှစ်ချောင်းချိတ်ထိုင်ကာ လက် သူမဝတ်ထားသည့် လောင်းကုတ်အင်္ကျီအိတ်တွေထဲ နှိုက်ထည့် သည်။

ပြီးလျှင် ကျွန်တော့်ပခုံးကို တစ်ချက်တိုက်ကာ–

"သေချာ နားထောင်ထား"





ဟုဆိုကာ စေ့စပ်ပွဲပြီးတာနှင့် တစ်လအတွင်း စုလျားရစ်ပတ် က်ထပ်ပွဲ၊ ညှော်ခံပွဲ၊ ညစာစားပွဲစသည်ဖြင့် ပွဲတွေကို ကျင်းပမည့် တယ်တွေကို အစီအစဉ်ဆွဲကာ ပြောပြနေသည်။

ပြီးတော့လည်း ဖိတ်ရမည့်လူတစ်ချို့၏ နာမည်တွေကို စာရင်း ယားဲ့ထားသလို အလွတ်ရွတ်ပြနေသေးသည်။

ဒါ ကျွန်တော့်အတွက် ပြဿနာပင်။

ကျွန်တော့်အတွက်တော့ အသက်ထွက်ချင်စရာလိလိပင်။

"အားလုံးပြီးပြီနော်"

"အင်း"

ဆိုတာကြီးက ကျွန်တော့်ရင်ထဲက မပီမသထွက်လာသံကြီး၊ ကာ ကျွန်တော့်ပခုံးမှာ သူမခေါင်းမှေးတင်လိုက်ပြီး–

"သန်ဘက်ခါဆို မေနဲ့မောင် စေ့စပ်ကြပြီ၊ အဲဒါဆို တစ်ယောက် တစ်ယောက် တစ်ဝက်စီပိုင်ဆိုင်ကြပြီ"

"ဘုရား"

ဟု ကျွန်တော် ဘုရားကျိတ်တမိသည်။

ထိုအခါ မေ့ပခုံးကို ကျွန်တော်ပြန်မဖက်မိတာ သေချာသည်။ ခုံးမှာ ကျိတ်ပြီး ကြိုးစည်ထားသည့်အတွေးပင် ကြက်ပျောက် ပျောက်။

"တကယ်တော့ မောင်ရယ်၊ မောင့်ကို စိတ်မချရတာတွေ၊ န်တိုရတာတွေကြောင့် မေ ခပ်မြန်မြန်ဆုံးဖြတ်လိုက်တာ၊ အဲဒါမှ လဲ ပိုပြီး ပိုင်ပိုင်နိုင်နိုင်နဲ့ မျက်စိဒေါက်ထောက်ကြည့်နိုင်မှာပေ



www.burmeseclassic.com

www.burmeseclassic.com



"မြတ်စွာဘုရား"

"သိလား မောင်ရယ်၊ မေ့စိတ်တွေက အမြဲတမ်း မောင့်ဆီမှာပဲ မောင် ဘာတွေလုပ်လဲ၊ ဘယ်သူနဲ့စကားပြောနေလဲ၊ ဘယ်ထွက်သွားလဲ၊ ဟိုကောင်မလေးတွေလာလာပြီး ဝင်ရှုပ်နေကြသေးလားနဲ့ စိတ်ကိုမချတာ"

"မေ"

သေချာတာ ကျွန်တော့်ဘဝကြီးက မေ့လက်ထဲမှာ မေ၏ ပိုင်စိုးအနိုင်ယူမှုတွေ၊ သံသယဖြစ်မှုတွေ၊ စွပ်စွဲမှုတွေ၊ သဝန်တို စိတ်တွေနှင့် မွှန်းကျပ်စွာ သေလုမျောပါး အကျဉ်းအကျပ်ထဲ ရောက်ရတော့မည်။

ကျွန်တော် အရမ်းစိတ်ဆင်းရဲသွားခဲ့တာ မေက လုံးလုံးအရေး မလုပ်တာလား၊ မသိချင်တော့ယောင်ဆောင်တာလား၊ ကျွန်တော်မခန့် မှန်းနိုင်တော့။

"မေကလေ အရမ်းအစွဲအလမ်းကြီးတာ၊ မောင် –မောင့်ကို ပြန်လက်မခံခင်ကတည်းက ဗေဒင်တွေအကြိမ်ကြိမ်မေး၊ ယတြာတွေ အထပ်ထပ်ချေပြီးမှ လက်ခံခဲ့တာ ..."

"အဲဒါမောင် – မေ့အပေါ်သစ္စာမဖောက်ရအောင် သစ္စာ ဖို့အတွက် လုပ်ခဲ့တာ"

"အဲဒါ မင်းရူးတာပဲမေ"

ဟု ကျွန်တော်ပြန်ပြောချင်ပေမဲ့ ပြန်မပြောရဲပါ။ ကျွန်တော် ကြောက်ရပါသည်။





"အားလုံးကို ခြုံငုံစဉ်းစားလိုက်တော့ မေ မောင့်အပေါ် ခုလို စိတ်မချမှုတွေ သဝန်တိုမှုတွေနဲ့ တနင့်နင့် တဂျိဂျိခံစားနေရတာ ထက်စာရင် ဘဝနှစ်ခုလုံး ခပ်မြန်မြန်ပေါင်းစပ်လိုက်တာက ပိုကောင်း တာပေါ့"

"ခုကိစ္စ၊ မေ့မိဘတွေလဲ ဖွင့်ဟမ်းအသိပေးပြီးပြီ။ သူတို့စေ့စပ်ပွဲ တော့မီအောင် မလာနိုင်ကြဘူး။ လက်ထပ်ပွဲအမီ လာကြလိမ့်မယ်၊ မောင်ကတော့ မိဘတွေလဲမရှိ၊ အစစအရာရာမောင်ပဲ ဦးဆောင်ပြီး ဆုံးဖြတ်ရမှာဆိုတော့ မေ့သဘောက မောင့်သဘောပေါ့ ဟုတ်တယ် မဟုတ်လား"

"အင်း"

"ပြီးတော့ ညလေးကလဲ မောင့်ကိုသာ စကားမပြောတာ မေဆို လိုလားရှာတယ်၊ အမြဲဖော်ဖော်ရွေရွေနဲ့ ခုလို မေတို့ စော်စောစီးစီး လက်ထပ်ကြတာကို သူလဲ ဝမ်းသာရှာမှာ၊ ခုနလေးတင် မောင့်ညီမကို ဖုန်းနဲ့ပြောလိုက်တော့ သူ အရမ်းဝမ်းသာတယ်တဲ့လေ"

"ကဲ ပြီးရောမဟုတ်လား၊ မောင်ကပိုတောင်ဝမ်းသာနေပြီ မဟုတ်လားလို့"

"မေက အဲလိုကွက်တိစီစဉ်ထားတာ"

"ခုလေးတင် မောင် ဒီကိုထွက်လာတဲ့လမ်းမှာပဲ ရှိဦးမှာ မေ ညလေးဆီ ကောက်ဆက်လိုက်တာ"

မေက သူမကိစ္စတွေကို တစ်လုံးမကျန် အလေးအနက်ကြီး ပြောပြနေပေမဲ့ ကျွန်တော်ကတော့ မူးနောက်နေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



(လောကမှာ အရက်မသောက်ဘဲ မူးနောက်ရီဝေနေသည့် ယောကျ်ားက ကျွန်တော်တစ်ယောက်တည်းရှိလိမ့်မည်ထင်သည်။)

"မောင်"

"အင်"

"ဒါပဲနော်၊ စေ့စပ်ပြီးရင် မောင့်ကို မေပိုင်ပြီ၊ မောင်ခြေများလို့မရတော့ဘူး၊ ကြိုးကိုတုပ်ထားပစ်မယ်"

"မောင်က မေ့ကို ချစ်ရုံပဲ ချစ်တာပါကွာ"

ဟု ကျွန်တော့်ရင်ထဲက ပြောမိပေမဲ့ နှုတ်ဖျားကတော့ ထွက်မလာတော့။ ကျွန်တော် ဘာဖြစ်လို့ ခုလောက်ဝမ်းနည်းထိခိုက်စွာ ကြေကွဲတုန်ယင်စွာ ခံစားနေရတာကို ကျွန်တော်ပဲသိလေသည်။

ကျွန်တော် မေ့သံသယတွေ၊ ဝန်တိုမှုတွေ၊ စွပ်စွဲစော်ကားမှုတွေကြောင့် ကျွန်တော်သေအံ့မူးမူး လူမမာတစ်ယောက်လို ခံစားနေရခြင်းပင်။

* * *





## "စေ့စပ်မည့်နေ့"

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၉)

ကျွန်တော်နှင့် မေ စေ့စပ်ကြရမည့် အချိန်က မနက်ပိုင်း ကိုးနာရီမှ ဖြစ်သည်။ ကျွန်တော့်စိတ်ထဲ ဘယ်လိုမှ ပျော်ရွှင်ကြည်နူး၍မခံစားရပါဘဲ မေက အားလုံးစီစဉ်ပြီးပြီမို့ ကျွန်တော်မလွှဲသာ စွာပဲတက်ရုံသာရှိလေသည်။

ဖြစ်ချင်တော့ ကျွန်တော်အိပ်ရာက အစောကြီးနိုးသွားခဲ့ကာ မျက်စိနှစ်လုံး ပွင့်ပွင့်ချင်း သတိရလိုက်မိသည်က ညီမလေးကို ဖြစ်သည်။

ဘာကြောင့်မှန်းမသိဘဲ ကျွန်တော်ခုချိန်မှာ ညီမလေးနှင့် စကားတွေပြောချင်နေခဲ့သည်။ ကျွန်တော်တို့ စေ့စပ်ပွဲ ကို တက်မည့် ညီမလေးရော ရွှင်ရွှင်ပျပျရှိပါ့မလား။ အားငယ်စိတ်လျှော့နေမလားဟု ကျွန်တော်တွေးပူမိကာ မျက်နှာတောင်မသစ်ရသေးဘဲနှင့် ညီမလေး အခန်းဘက်ကူးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခေါက်----ခေါက်"

"ညလေး"

"ညီမလေး၊ ကိုကိုပါ"

"တံခါးဖွင့်စမ်း"

မောင်နှမနှစ်ယောက်တည်းရှိသော ဘဝလေးမှာ ကျွန်တော်ဆို ဆိုးမလျှင် မနှစ်သက်တတ်သော၊ ပြန်မပြောနားမထောင်တတ်သော ညီမလေးနှင့် ကျွန်တော် ဘယ်လောက်ပဲစကားမပြောမိကြပါစေဦး။

ဒီနေ့ ကျွန်တော် မေနှင့် စေ့စပ်မည့်နေ့ဖြစ်ခဲ့ပြီ။ ညီမလေးကို ကျွန်တော်အရေးလုပ်ကာ ကြင်ကြင်နာနာ ဆက်ဆံရလိမ့်မည်။ အလျှင်ရက်တွေကဆို ကိစ္စမရှိ။ ဒီနေ့မှာ ညီမလေး အားမငယ်ဖို့ဘဲ အရေးကြီးသည်။

"ညီမလေး အိပ်တုန်းလားကွ"

"ထပါဦး"

"ဟင်"

ကျွန်တော်တံခါးကိုလက်ဖြင့် ခပ်ဆတ်ဆတ်ပုတ်လိုက်တော့မှ တံခါးက အလိုအလျောက်ပွင့်သွားကာ အခန်းထဲမှာ ညီမလေးကို မတွေ့ရ။

"ဟင် ညလေး"

"ညလေး၊ ညည်း အိမ်သာတက်နေလား"

"ယောကောင်မလေး"

"ဟာ"





ကျွန်တော် တစ်ချက်ထူပူသွားကာ ရေချိုးခန်းတံခါး၊ အိမ်သာတံခါးတွေပါဆွဲဖွင့်ကြည့်မိပေမဲ့ မရှိ။ ခုတင်ပေါ်မှလည်း ဖက်လုံးနှင့် လွှမ်းခြုံထားတာ ဘာမှမရှိဘဲ လုံးဝမအိပ်ရသေးသလို အိပ်ရာက စန့်စန့်ကြီး ပြန့်ကော့နေသည်။

"ဟင်"

ကျွန်တော် ညီမလေးခေါင်းအုံးကို လှန်လိုက်တော့မှ စာတစ် စောင်ကို တွေ့လိုက်တော့သည်။

"ဘုရား"

ဟု ကျွန်တော့ရင်တွေ မီးတောက်သွားကာ စာကို ဖောက်ဖတ်လိုက်မိ သည်။

ကိုကို

ညီမလေးချစ်သူနောက်လိုက်သွားပါပြီ။

ကိုကိုတို့ရဲ့ စေ့စပ်ပွဲကို မတက်နိုင်တော့တာ

ခွင့်လွှတ်ပေးပါ။

ညလေး

ဘုရားသခင်။

ညီမလေး၊ ညီမလေး မရှိတော့ဘူးတဲ့။ သူ့ချစ်သူနောက် လိုက်သွားတာပဲ။

ဖြစ်မှဖြစ်ရလေ ညီမလေးရယ်။

မိုက်မဲလိုက်ပါဘိတော့။

ကျွန်တော့ရင်ထဲသို့ နွမ်းလျနေကာ နာကျင်ထိခိုက်ရလွန်းသ



www.burmeseclassic.com

www.burmeseclassic.com



ခြင့် တဆတ်ဆတ် တုန်ယင်နေသည်။

ညီမလေးရာ၊ နင် ဘာလို့ အဲလောက်မိုက်ရတာလဲကွာ။

နင့် ချစ်သူက လူမိုက်ဆို၊ အချုပ်ထောင်ကျခဲ့ဖူးတဲ့ကောင်ဆို။

ဘာဖြစ်လို့များ အဲလိုကောင်မျိုးနောက်ကို မဆင်မခြင်နဲ့ လိုက်သွားရတာလဲကွာ။

ကျွန်တော်တွေးရင်းမှ မျက်ရည်တွေဝဲလာသည်ထိ ခံစားခဲ့ရသည်။ နမြောစရာကောင်းလိုက်တာ။

သိမ်ချစ်ရာကောင်းတဲ့ ညီမလေးက ဘာမဟုတ်တဲ့ လူမိုက်တစ်ယောက်နဲ့ပတ်သက်ရတယ်တဲ့လားကွာ၊ ကိုကို ကွယ်လွန်သွားတဲ့ ဖေဖေနဲ့ မေမေကို ဘယ်လိုမျက်နှာပြရမလဲ။

ဖေဖေနဲ့ မေမေ။

ဖေဖေနဲ့ မေမေရေ။

သား ညီမလေးကို ကောင်းကောင်းမစောင့်ရှောက်နိုင်ခဲ့ဘူး။ ညီမလေးပေါ်ထားတားတဲ့ စေတနာတွေ၊ တားမြစ်ဆုံးမမှုတွေ အလကားဖြစ်ကုန်ပါပြီ ဖေဖေနဲ့မေမေရာ။

"သားကို ခွင့်လွှတ်ကြပါ"

ကျွန်တော့ရင်ထဲ ဟာင်းလင်းပွင့်ထွက်သွားသလို အော်ကြီးဟစ်ကျယ် ငိုကြွေးမိသွားသည်။

ညီမလေးဘဝ အမှောင်ဖုံးတော့မည်။ ဘယ်လောက်ယူကြုံးမရဖြစ်ဖို့ကောင်းလဲ။

မဖြစ်ဘူး။





ကျွန်တော်ညီမလေးကို ပစ်ထား၍ မရတော့။

ညီမလေးဘဝကို ကျွန်တော်အချိန်မီ ကယ်တင်နိုင်ရမည်။ ညလေးကို ထိုလူမိုက်ကလေကချေလက်ထဲ မထည့်နိုင်။ ဒီတော့ ကျွန်တော်ရအောင်ကယ်တင်ရမည်။

ဟုတ်တယ်။ ဒါ အချိန်မီသေးတာပဲ။

ညီမလေးတို့နောက် ကျွန်တော်ရအောင်လိုက်တော့မည်။

ထိုအခါ ကျွန်တော့ညီမလေးအကြောင်းကို အစမှအဆုံးနော ကြေအောင်သိထားသည့် ချစ်ဖူးဆီ ဖုန်းဆက်ကာ လှမ်းမေးရတော့သည်။

"ညီမလေးမရှိတော့ဘူး ချစ်ဖူး"

ဟု ကျွန်တော် အက်ကွဲရှိုက်ငင်သံကြီးနှင့် ပြောလိုက်ချိန်မှာ ချစ်ဖူက ကေဇင်အကြောင်းတွေကို မခြွင်းမချန်ပြောပြလေသည်။

"ကေဇင်က ကလေးမှာနေတာ ကိုလင်း"

"ဘာ ကလေးမှာ"

"အင်း အဲဒီကို ခိုးပြေးတာနဲ့ တူတယ်"

"ဟင်"

"ဒါပေမဲ့ ကိုလင်း၊ ဒီနေ့က ကိုလင်းတို့ စေ့စပ်မယ့်နေ့ မဟုတ်လား၊ မနေ့ညက ညလေးလှမ်းပြောမှ ချစ်ဖူးလဲသိတာ၊ ရုဏ်ယူပါတယ် ကိုလင်း"

ကျွန်တော် ချစ်ဖူးဆီက ချီးမွမ်းထောမနာပြုသံတွေကိုပဲလည်းမကြားချင်တော့။ ကျွန်တော်ထူပူစွာ ညီမလေးမျက်နှာကိုပဲ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တာလဲလဲ မြင်ယောင်ရင်း နင့်ခနဲဖြစ်နေရသည်။

ထိုချိန် ကျွန်တော့ဆဲလ်ဖုန်းဆီ ဖုန်းဝင်လာသည်။ ကျွန်တော့်မှာ ထိုဖုန်းသံကို သရဲခြောက်ခံလိုက်ရသလို လန့်ဖျပ်စွာ တော်တော်နှင့် မကိုင်ရဲပါ။

ကျွန်တော့ဆီ မေဖုန်းဝင်လာကာ သိသိကြီးနှင့် ကျွန်တော် မကိုင်လျှင် မေပြဿနာရှာတောမည်။

ကျွန်တော်နောက်ဆုံးမှာ မျက်စိနှက်ဖက်စလုံး စုံမှိတ်ပြီး ကိုင်လိုက်ရသည်။

"ဟဲလို"

"မောင် နိုးပြီလား၊ မေ လှမ်းနှိုးတာပါကွယ်"

"အင်း"

"ညက မေပြောထားတဲ့ အစီအစဉ်အတိုင်းပဲနော်၊ ရှစ်နာရီ ခွဲတာနဲ့ မေ့ကိုလာခေါ်၊ မေ မိတ်ကပ်သမားနဲ့ ပြင်နေပြီ၊ မာမီကျ မေ့ကို အလှဆုံးပြင်ပေးမယ်တဲ့၊ ခစ် ခစ် မေ သိပ်လှမှာနော် မောင်လဲ စတိုင်ကျကျ ဝတ်သာလာတော့၊ မောင်က ချောပြီးသားဆို တော့ မေ စိတ်ပူဖို့မလိုပါဘူး"

"အင်း"

"ကြည့်ပါဦး၊ ဘယ်လိုဖြစ်နေတာလဲ၊ တအင်းအင်းနဲ့၊ ဘာလဲ ခုထိ အိပ်ရာထဲမှာပဲရှိတုန်းပဲလား၊ ငပျင်းကြီးလုပ်မနေနဲ့တော့ လေကွယ်၊ ထတော့၊ ဘာရိတ်ဖပ်စ်တော့ နည်းနည်းစားထားဦးဆရာ တော်ကြာ မိုက်ဆာနေဦးမယ်"





မေက အရှမ်းကို ရှင်ပျနေကာ ပါးစပ်က စက်သေနတ်ပစ်သလို အဆက်မပြတ် ပေါက်ပေါက်ဖောက်နေသည်။ ကျွန်တော် အရှမ်း စိတ်ထိခိုက်နေသည့်အချိန်မို့ အင်းကလွဲပြီး ဘာမှ ပြန်မပြောနိုင်ခဲ့။

"မောင်"

"အင်း"

"ကြည့်ရတာ အိပ်ချင်နေသေးသလိုပဲ၊ မရတော့ဘူးကွာ၊ ဘာစ်ခါတည်း ထ၊ မျက်နှာသစ်၊ သွားတိုက်၊ ရေချိုးခန်းထဲဝင် အဖုန်းကိုင်ပြီးစောင့်မယ်၊ မောင်လဲ ဖုန်းကို မကြားတဲ့နေရာမှာ ချထား၊ အဲဒါမှ မောင် မျက်နှာသစ်ကာ သွားတိုက်ကာ မေအားလုံး ကြားရမှာ၊ မေက မိတ်ကပ်လိမ်းရင်းနဲ့ ဖုန်းပြောနေရင်ရနေပြီ"

"မေ ပြင်စရာရှိတာ အေးအေးဆေးဆေးပြင်ပါ။ မောင်အချိန်မီ လာခေါ်ပါ့မယ်"

"ဒါဖြင့် အိုကေလေ မောင်"

"အင်း"

ထို့နောက်မှာတော့ ကျွန်တော်အဝတ်အစား လေး၊ငါး၊ ခြောက်ကို ခရီးဆောင်အိတ်လေးထဲထည့်ကာ အခန်းထဲကနေ သုတ်ခြေတင် ပြေးထွက်ခဲ့မိတော့သည်။

ဖုန်းကို ပါဝါအော့ဖ်လုပ်ထားလိုက်တာ အကောင်းဆုံးပဲဖြစ်လိမ့်မည်။

ခုချိန်မှာ ကျွန်တော်စေ့စပ်ပွဲထဲ စိတ်အာရုံမထားနိုင်တော့။

www.burmeseclassic.com



ညီမလေးပဲ အရေးကြီးသည်။ သူ့ကို အချိန်မီပြန်ခေါ်လာရမည် လူမိုက် လူတေတစ်ယောက်လက်ထဲ ညီမလေးကို မထည့်နိုင်။

ခု ကျွန်တော် အမီလိုက်မှ ဖြစ်မည်။ သို့အတွက် ကျွန်တော်… စေ့စပ်ပွဲ ပျက်လျှင် ပျက်စမ်းပါစေ။ ကျွန်တော် နောက်မှ… ရှင်းပြယူတော့မည်။

ပထမဆုံး ကျွန်တော်သေတ္တာကို ကားနောက်ခန်းထဲပစ်ထ… ကာ ရန်ကုန်ကနေ မြို့ပြင်သို့ အပြင်းမောင်းလာခဲ့မိသည်။

ကျွန်တော်ဦးတည်နေတာက ရန်ကုန်မှ မန္တလေး၊ ပြီး… မုံရွာ၊ မုံရွာရောက်တာနှင့် ကလေးကို သင်္ဘောငယ်လေး… ဆက်ကူးလျှင် ရောက်ပြီ။

ဒီခရီးစဉ်ကိုတော့ ကျွန်တော်တစ်ယောက်တည်း မောင်းနိုင်… မည်။

ညီမလေးဘဝကို ကျွန်တော်ရအောင် ကယ်တော့မည်… သည်။

* * *





# "အလယ်"

www.burmeseclassic.com

www.burmeseclassic.com



သူတို့တွေဟာ စကားကို ပွင့်ပွင့်လင်းလင်းပြောကတတ်၊ ခံစားချက်(ကို မဖုံးကွယ်တတ်၊ ဒေါသကို မထိန်းချုပ်တတ်၊ ရက်စက်ကြမ်းကြုတ်သည့် စကားတွေကို မပြောမိဖို့ မဆင်ခြင်တတ်ကြသူတွေပင်။ သူတို့၏ မျှော်လင့်ချက်တစ်ခုက ကျွန်တော့်အတွက်တော့ သွေးပျက်စရာ ကြောက်စရာ "ပြတ်သားလှချည်လား" ဟု အံ့ဩတုန်လှုပ်မှု "အငြိုးကြီးလှချည်လား" ဟု ထိတ်လန့်ကြောက်ရွံ့မှုတို့၏ အကျဉ်းအကျပ်ထဲ ကျွန်တော် ရောက်နေခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁)

ညီမလေးစိတ်နှင့် ကျွန်တော် ရန်ကုန်ကနေစပြီး မောင်းထွက်ဘာကတည်းက တစ်လမ်းလုံး ခရီးတစ်ထောက်ပင်မနားခဲ့။ ဇာတ်ဆီယ်သည့်အချိန်လောက်ဘဲ ခဏရပ်ဖြစ်ကာ မန္တလေးကို ရောက်အောင်အောင်းခဲ့သည်။

မိုးစုပ်းစုပ်းချုပ်ချိန်မှာတော့ မန္တလေးမြို့ထဲ ကျွန်တော့်ကားလေးင်ရောက်နိုင်ခဲ့ပြီဖြစ်သည်။

ထိုမှ စစ်ကိုင်း၊ စစ်ကိုင်းမှ မုံရွာထိရောက်အောင် မြို့တွေကိုကျော်ဖြတ်မောင်းလာခဲ့သည်။ ရင်ထဲမှာတော့ တုန်ယင်လှုပ်ရှားကာဘလှုပ်လှုပ်ဖြစ်နေသည်။

ကျွန်တော် ညီမလေးကို ကျွန်တော်မသိသည့် လူမိုက်လက်ထဲှာ ဘဝနစ်မွန်းမခံနိုင်၊ ရအောင်ပြန်ခေါ်လာရမည်ဖြစ်သည်။

ကျွန်တော်သာ ခေစပ်ပွဲကိုဖျက်ပြီး မလိုက်လာခဲ့လျှင် ညီမလေးဘဝ ဘယ်လောက်ထိနစ်မွန်းသွားမည်မသိတော့။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မောင်းရင်းမှ မုံရွာမြို့ထဲဝင်လာတော့ ကလေးသွားမည့် ဇက်ဆိပ်နားမှာပဲ ကားကို ထိုးရပ်ကာ ခဏနားလိုက်သည်။

မနက်ငါးနာရီမှာထွက်မည့် ပဲ့ထောင်လေးဖြင့် လိုက်ဖို့ ကျွန်တော် အချိန်မီရောက်နိုင်တာပဲ ကံကောင်းသွားသည်။

ကျွန်တော့် မုံရွာမြို့ထဲဝင်တော့ ညဆယ့်နှစ်နာရီမနက် ထွက်မည့် ပဲ့ထောင်ကို စောင့်ရင်း၊ ကားထဲမှာ ကျွန်တော်ခဏမှေးလိုက်ရသည်။

တစ်လမ်းလုံး မရပ်မနားမောင်းလာရသည့်အတွက် ကျွန်တော် စိတ်မောလူမောနှင့် အိပ်ပျော်သွားတာ အမှန်။

ဆက်ခံနဲ့ ကျွန်တော်တစ်ချက်ပြန်နိုးသွားကာ ကြည့်လိုက်တော့ ဇက်ဆိပ်မှာ တစ်ဖက်လမ်းကူးမည့်ခရီးသည်တွေ တော်တော်များနေပြီကို တွေ့လိုက်ရသည်။ ထိုအခါ ကျွန်တော်ကလေးသွားမည့် လက်မှတ်ဝယ်ဖို့ ကားပေါ်က ကဗျာကယာဆင်းလိုက်ရလေသည်။

ခုချိန် ညီမလေးအတွက် စိတ်ဇောတစ်ခု ကပ်နေတာမို့ ကျွန်တော် မေ့ကို လုံးလုံးသတိမရနိုင် (မေဘယ်လောက်ထိစိတ်ဆိုးဒေါသထွက်နေမလဲဟုလဲ မတွေးနိုင် မခံစားနိုင်ခဲ့။)

သေချာတာ ကျွန်တော်နှင့် မေ ပြတ်ပြီဖြစ်သည်။

မတတ်နိုင်တော့ ခုချိန် ကျွန်တော်က ကလေးသွားမည့်ပဲ့ထောင်ပေါ်ရောက်နေခဲ့ပြီ။

နံနက်စောစော လေက တဖြူးဖြူးနှင့် ချင်းတွင်းမြစ်ရေကို ရှပ်တိုက်ဖြတ်သန်းကာ သွားနေသည့် ပဲ့ထောင်ပေါ်မှာ ကျွန်တော်က





ကလေးရောက်ဖို့ပဲ စိတ်စောနေပြန်သည်။

သင်တောကျေးရွာလေးမှာ ခရီးသည်တွေ အာလုံး ထမင်းစားဖို့ ပဲ့ထောင်ရပ်နားပေးပေမဲ့ ကျွန်တော်မဆင်းခဲ့၊ ဘာမှကို စားမဝင်၊ မြစ်ဆိပ်ကမ်းနဖူးမှာ ခြေတံရှည်အိမ်လေးတွေကို တွေ့နေရသည့် ထင်မင်းဆိုင်တွေကို ကျွန်တော်တစ်ချက်လှမ်းကြည့်မိရုံဝင်၊ ထမင်းလည်း မဆာ၊ ဘယ်လိုမှလဲ စားမဝင်နိုင်သဖြင့် အောက်မဆင်းတာ အကောင်းဆုံးပဲဖြစ်ပါလိမ့်မည်။

ပြီးတော့ ထိုသင်တောကနေ ပဲ့ထောင်လေးက ခပ်မှန်မှန်မောင်းနှင်ဖြတ်သန်းလာရာ ကလေးဝမြို့ကို ရောက်ခဲ့ပြီဖြစ်သည်။

ဟာ--

ဒီဟာမှာ ကျွန်တော အောင့်ထားသည့် သက်ပြင်းကို စိတ်မောဖြေနိုင်သလိုချမိတာ ပဲ့ထောင်ပေါ်ကနေ ခရီးဆောင်အိတ်လေးဆွဲကာ ခုန်ဆင်းလိုက်သည်။

ပြီးလျှင် ကလေးဝမှ ကလေးသို့ တက်မည့် ကားတစ်စီးငှားလိုက်သည်။

ထိုအခါကျမှ တောင်တက်လမ်းတွေအတိုင်း ကားလေးက ကျော်ဖြတ်လာပြီး ရွာလေးတွေကိုဖြတ်ကာ မြို့ထဲဝင်လာခဲ့ပြီ။

"ကလေးရောက်ပြီ အစ်ကို"

"ကျေးဇူးပဲ ကိုယ်ဒီဒေသတစ်ခါမှ မရောက်ဖူးသေးတော့ ဒီမြို့မှာ လောလောဆယ်တည်းခိုရမယ့်နေရာကို ပြောပြပါလား"

"ဟာ ရပါတယ် ကျွန်တော် တောင်ဇလပ်ဖြိုတယ်ကို



www.burmeseclassic.com

www.burmeseclassic.com



ပို့ပေးပါ့မယ်။ အဲဒီမှာ တည်းရင်လဲ အေးအေးဆေးဆေးတည်းလို့ တော့ရတယ်”

“ဟုတ်ပြီ ဒါထက် တာဟန်းရပ်ကွက်ဆိုတာလား”

“ဟာ အဲဒါ ကျွန်တော်တို့နေတဲ့နေရာနဲ့ ကပ်ရက်ပဲ အစ်ကိုသွားချင်လို့လား”

“သိပ်သေချာတာပေါ့၊ ကို အဲဒီကိုလာတာ တန်းသာမောင်းတော့”

“အစ်ကိုကြည့်ရတာ ဒီလောက်ချောနေမှတော့ ရန်ကုန်သားပဲဖြစ်ရမယ်။ ကျွန်တော်မှန်းတာမမှားနိုင်ဘူးနော်”

“အင်း ကို ရန်ကုန်ကလာတာ အဲဒီတာဟန်းထဲမှာ ကေဇင်ဆိုတဲ့ ချာတိတ်တစ်ယောက်ကိုသိလား”

“ကေဇင် ကေဇင် ဟာ ကျွန်တော်သိတာပေါ့ အစ်ကို၊ ဒီကောင် ရန်ကုန်ကျောင်းသွားတက်နေတာ ဆယ်တန်းသွား ဖြေတာဆိုလား”

“အတော်ပဲ ကိုယ့်ကို အဲဒီအိမ်အရောက်သာပို့ပေးတော့ မင်းကားကို ကိုယ်အပြီးငှားမယ်”

“ဟုတ်ကဲ့”

ကျွန်တော်တစ်လမ်းလုံး ဆုတောင်းလာခဲ့တာ ပြည့်ပြီဖြစ်သည်။

မမျှော်လင့်ဘဲ ဘာမှ သိပ်မရှာဖွေလိုက်ရ ကေဇင့်အိမ်သို့ ကျွန်တော် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ခဲ့ပြီ ဖြစ်သည်။

မင်းမဲ့ ငါတွေ့ပြီမှတ် ကေဇင်။

သိန်းမင်းစာပေ



ကျွန်တော် ညီမလေးကိုသာ တွေ့ချင်နေသည့် ပြင်းပြမှုတ်သိပ်မှုတွေက ကျွန်တော်ရင်တစ်ခုလုံး တင်းကျပ်ပြည့်သိပ်နေလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

"ဒီရပ်ကွက်မှာ ချင်းတွေ နေတာများတယ်အစ်ကို၊ ကေဇင်တို့လဲ ကပြားပဲ သူတို့မောင်နှမနှစ်ယောက်လုံး တော်တော်ချောကြတယ်။ သူ့အစ်မဆို လှမှလှ ချောမှချောပဲ"

"အေး"

ကျွန်တော့်ကို ကားဆရာက ကေဇင်တို့အကြောင်း ပြောပြနေလို့မဆုံးသေးခင်မှာ ကျွန်တော်က တံခါးဖွင့်ဆင်းလိုက်လေပြီ။

ခုလောလောဆယ် ကေဇင်ဆိုတဲ့ကောင်ကို ကျွန်တော်တွေ့မှ ဖြစ်မည်။

ကျွန်တော့်စိတ်ထဲ ကျုံးဝါးထားကာ တစ်ထပ်တိုက်ပုလုံးချင်း အိမ်ဝင်းလေးဆီကနေ လှခေါ်ဘဲလ်နှိပ်လိုက်သည်။

ဖြစ်ချင်တော့ ဘဲလ်က ဘယ်လိုနှိပ်နှိပ်မရဘဲ ပျက်နေပြီပေါ့၊





ခြံတံခါးကလည်းစေ့၍ ပိတ်ထားသဖြင့် ကျွန်တော်အသာတွန်းကာ ခြေလှမ်း ကျဲကြီးဖြင့် လှမ်းဝင်လာခဲ့သည်။

"ဒီမှာ ဒီမှာ အိမ်ရှင်တို့ အိမ်ရှင်တို့"

"လာပြီ"

ဟူသည့် အသံလေးက နည်းနည်းဝဲချင်သလိုလိုရှိပြီး ကျွန်တော့် ရောက်ရောက်ချင်းမှာတော့ "ဟင်"ခနဲ မျက်လုံးဝိုင်းကလေးနှင့် ကျွန်တော့်ကို မျက်တောင်မခတ်တမ်း ငေးကြည့်လိုက်သည့် မိန်းကလေး ကို ကျွန်တော်ခပ်တည်တည်တန့်တန့်ပဲ ရင်ဆိုင်လိုက်တော့သည်။

"ကေဇင်ရှိလား ခေါ်ပေးပါ"

"ရှင်"

"ကေဇင်ရှိတယ်မလား၊ ပြောလိုက် ရန်ကုန်ကလိုက်လာတယ်လို့"

"ဘယ်လို"

ကောင်မလေးရဲ့မျက်နှာက တုန်လှုပ်ချောက်ချားသွားသလို ယိုင်ခနဲပင် ခြေတစ်လှမ်းနောက်ဆုတ်သွားပြီး –

"ရှင်က ဘယ်သူလဲ"

"လှပေါ့"

"ဘာ"

"ဟုတ်တယ်လေ လှပေါ့၊ ရန်ကုန်ကသူ့နဲ့ အရေးတကြီးတွေ့ ချင်လို့လိုက်ချလာတာ၊ ခေါ်ပေးစမ်းပါ ခင်ဗျား သူ့အစ်မလား"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်ရှိလား"

"မရှိဘူး ဘာမှထပ်မမေးနဲ့တော့ မသိဘူး"

"ဗျာ ဘယ်လို"

"ကျွန်မ သူ့အစ်မတော့ ဟုတ်တယ်၊ ဒါပေမဲ့ သူဘာတွေ လုပ်တယ်ဆိုတာ ဘာမှမသိဘူး ခုလဲ အိမ်မှာမရှိဘူး။ ဒါပဲမဟုတ်လား ရှင်ပြန်တော့"

"ဘာဗျ"

မထင်မှတ်ဘဲ ခပ်စွာစွာ ကောင်မလေးတစ်ယောက်ကို ကျွန်တော်ရင်ဆိုင်လိုက်ရခြင်းပင်။ ကျွန်တော့်မှာ ရင်ဝကိုဆောင့်ကန် ခံလိုက်ရသည့်သူလို ခံစားလိုက်ရပြီမို့ ဒေါသတွေ တနင့်တပိုးဖြင့် တုံ့ပြန်မိတော့သည်။

"ဒီမှာ ခင်ဗျားမောင် ဒီအိမ်မှာရှိတယ် မရှိဘူးဆိုတာတော် ခင်ဗျားမသိဘူးလား။ ခင်ဗျားတို့မောင်နှမတွေမဟုတ်လား၊ ဘာဖြစ်လို့ ခင်ဗျားက တာဝန်မဲ့စကားပြောရတာလဲဗျ၊ ခုကျွန်တော်လာတာ ကျွန်တော့်ညီမ ပြန်လာခေါ်တာ"

"ဘယ်လို ရှင့် ညီမ"

"ဟုတ်တယ် ကျွန်တော့်ညီမကို ခင်ဗျားမောင် ခိုးသွားတယ် အဲ့ဒါ ထုတ်ပေးပါ။ မထုတ်ပေးရင်တော့ ကျွန်တော်ရပ်ကွက်လူကြီးသွား ခေါ်မယ်"

"ဘာ ရယ် ရှင်က အတော်လာပါလား။ ရှင့်ညီမကို မောင်လေးက ခိုးပြေးတယ်ဆိုရအောင် ကျွန်မမောင်က အဲ့လောက်





ပျင်းစရာကောင်းတဲ့အလုပ် လုပ်လိမ့်မှာမဟုတ်ဘူး"

"ဘာ"

"ကျွန်မ အမှန်ပြောတာ၊ မောင်လေးက နဂိုကတည်းက ခပ်တေတေပေပေနေတာ။ အိမ်ဆိုတာလဲ ပြန်လာချင်မှ ပြန်လာတာ၊ အိမ်မပြန်တဲ့ ရက်ကများတယ်။ ခုလဲ ရန်ကုန်မှာ ကျောင်းသွားတက်နေတာ ဒီကို ပြန်မလာဘူး"

"ခင်ဗျား ညာတယ်"

"ဘာ"

"သူ့ရှိကို ရှိရမယ် ထုတ်ပေးဗျာ။ ကျွန်တော်ညီမလေးနဲ့ တွေ့မှရမယ်၊ ကျွန်တော့်အတွက် ညီမလေးက သိပ်အရေးကြီးနေ တယ်။ ထုတ်ပေး ဒါပဲ"

"ရှင် ဘယ်လိုလူလဲ အန်"

သူမလည်း ခါးနှစ်ဖက်ထောက်လိုက်သည်ထိ အံတင်းတင်း ကြိတ်ကာ ကျွန်တော့်ကို ကြည့်သည်။

ကျွန်တော်ကတော့ ညီမလေးကို မတွေ့ရမချင်း မကျေနပ်နိုင် သဖြင့် မခံချိမခံသာဖြစ်နေရသည်။

ညီမလေးကို ဆုံးရှုံးလိုက်ရသဖြင့် ကြေကွဲဝမ်းနည်းစိတ်၊ စိုးရိမ်ပူပန်စိတ်၊ ဒေါသလောင်ကျွမ်းစိတ်တွေနှင့် ကျွန်တော်လည်း သူ့အိမ်ရှေ့မှာ ခွဲကောင်းနေခြင်းဖြစ်သည်။

"ဒီမှာ"

"ဘာလဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ပြန်မလား မပြန်ဘူးလား"

"မပြန်ဘူး"

"ဒါဖြင့် အဲဒီမှာသာ လဲဆေးလိုက်တော့"

"ဘာ"

"ဝေး အိမ်ရှေ့မှာ ဘယ်သူတွေရောက်နေတာလဲ သမီး"

ဆိုသည့် ဘိုသံခပ်ဝဲဝဲနှင့် ထွက်လာသည့် အဘွားကြီး တစ်ယောက်ကို သူမ––

"အန္နား ဒီမှာ ဘယ်က ညွှေ့သည်မှန်းလဲမသိဘူး၊ ကေဇင်ကို လာမေးနေတယ် မရှိပါဘူး မသိပါဘူးပြောလဲမပြန်ဘူး။ ဘယ်လိုလူလဲ မသိဘူး။ ရိုင်းလိုက်တာလွန်ရော"

"ခင်ဗျား ချေချောင်ငံပြောမှပေါ့ဗျာ။ ဘယ်နှယ့် ဒီမှာ ညီမလေး ပျောက်နေလို့ ဒေါင်းတောက်နေတဲ့ဟာ။ မနေ့ကတည်းက စိတ်ပူရလွန်းလို့ စုတ်ပြတ်သတ်နေပြီ ကြည့်ဦး၊ နည်းနည်းပါးပါးတော့ ကိုယ်ချင်းစာပေါ့ဗျ"

"ဟေ"

"ကြည့် အန္နား ဘယ်လောက်စွာလိုက်သလဲ။ သူ့ညီမကို ကေဇင်က နိုးပြေးသွားတယ်ဆိုပြီး လာပြန်ခေါ်နေတာ။ မှန်းဖို့ကောင်းတယ်"

"ဩော် ဒီလိုကိုး လာ လာ။ သားဝင်လေ အေးအေးဆေးဆေးပေါ့ကွယ်။ ရောက်တုန်း ဖြည်းဖြည်းပြောကြတာပေါ့၊ ဝင်ပါ"





"ဟုတ်ကဲ့"

ကျွန်တော့်ကို အဘွားကြီးက လိုလိုလားလားဖြေ့ခံပေးခဲ့ပေမဲ့ သူကတော့ တင်းမာစူပုတ်စွာ ကြည့်နေသည်။

(တော်တော်လှတဲ့ ကောင်မလေး၊ ကျွန်တော်နဲ့ရွယ်တူလောက်ဆော့ ရှိမည်။ ဒေါသကြီးပုံရသည်။ ကျွန်တော်ကလည်း တင်းမာနေသည်ကိုး။)

"ကဲ သားပြောပါဦး သားရဲ့ ညီမက"

"ဟုတ်ကဲ့ ဒီလိုပါ အဒေါ်၊ ညီမလေးနဲ့ ကေဇင်နဲ့ချစ်သူတွေဖြစ်နေကြပါတယ်။ ကျွန်တော်လဲ သူတို့ အဲလောက်မိုက်လိမ့်မယ်ထင်လို့ ခပ်ပေါ့ပေါ့နေမိတာ။ ခုမနေ့ကပဲ သူတို့ထွက်ပြေးသွားကြတယ်။ အဲဒါ ကျွန်တော် ညီမလေးကို ပြန်လာခေါ်တာပါ"

"အန္နားလဲခုမှ ဒီအကြောင်းတွေသိတာ။ သား ဘယ်လိုလုပ်မလဲ တောက်နိုင်ဘူး ဒီကောင်လေးအိမ်မှ ပြန်မလာတာ"

"ဗျာ"

ကျွန်တော် မျှော်လင့်ချက်တွေ ပျောက်ဆုံးလွင့်စဉ်သွားသလို အကြီးအကျယ်စိတ်ဓာတ်ကျသွားရလေသည်။

တစ်လမ်းလုံး တွေ့လိမ့်မည်ဟု မျှော်လင့်ယုံကြည်ခဲ့သမျှ ရောက်မှ ဘာသဲလွန်စမှမရတာ ထိုက်တန်နိုင်ပါ့မလား။

"စိတ်မကောင်းပါဘူးကွယ်။ သူတို့ပြန်လာရင် အန္နားတို့ ခေါ်ထားပေးပါ့မယ်။ ကောင်းကောင်းမွန်မွန် စောင့်ရှောက်ပေးမယ် သနော်။ ပြီးတော့ ထာဝရဘုရားသခင်ဆီမှာ အန္နားသူတို့ကို အပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



စောင့်ရှောက်ဖို့ဆုတောင်းပေးပါ့မယ်"

"ကျွန်တော့် ညီမလေးကို မတွေ့နိုင်တော့ဘူးလား အဒေါ်ရယ် ကျွန်တော်သိပ်စိတ်ပူနေလို့ပါ"

"ပြန်တော့လာကြမှာပါ။ ကေဇင်လဲ ဘာမှလုပ်တတ်ကိုင်တတ်တဲ့ ကလေးမှမဟုတ်တာ။ ဒီပြန်ခေါ်လာမှာ အနူးကိုယုံပါသား။ ခဏတော့ စောင့်နေလိုက် မပြန်နဲ့ဦးပေါ့။ ပြီးတော့ သူတို့အပါး ပြန်လာရင် အကျိုးအကြောင်းပြောပြီး လိုက်ရှာခိုင်းကြည့်ဦးမယ်"

"ဒါဖြင့် ကောင်းပါပြီ အဒေါ်။ ကျွန်တော်ဒီမှာ ခဏရက်ကြာကြာနေပြီး စောင့်ကြည့်နေအုံးမယ်။ သူတို့ပြန်လာရင်သာ ကျွန်တော့်ကို ဆက်သွယ်ပေးပါ။ ကျွန်တော်ခု တောင်ဇလပ်ဟိုတယ်မှာ တည်းမယ် အဒေါ်"

"ကောင်းပြီ ကောင်းပြီ၊ သူတို့သတင်းရတာနဲ့ အနူးတို့ဆက်သွယ်မယ်ကလေး"

ကျွန်တော်မတ်တတ်ထလိုက်တော့ ကောင်မလေးက စူပုတ်ပုတ် မျက်နှာလေးနှင့် ကျွန်တော့်နောက်ကနေ ခပ်ရှိုရှိုပါလာသည်။

ပြီးလျှင် တံခါးနားထိရောက်တော့မှ အနည်းငယ် ဝဲချင်ချင် လေသံလေးဖြင့်––

"ရှင်လဲညီမ ကျွန်မဘက်လဲ မောင်ပါ။ နှစ်ယောက်စလုံးပတ် သက်နေပြီဆိုတော့ နောက်စကားပြောဆင်ခြင်ပါ"

"မဆင်ခြင်ရင်ရောဗျာ"

"ကျွန်မရဲ့ အစ်ကိုဝမ်းကွဲတွေ မောင်ဝမ်းကွဲတွေရှိတယ်လေ"





ကနောင်ပါးတို့က လက်သီးပြင်းတယ်၊ လက်ဇေ့သမားတွေ"

"ဟာ အနားလာပြီး လာခြောက်နေတာပဲ မကြောက်ဘူးဗျာ၊ ကျွန်တော်ကတော့ ကျွန်တော့ညီမ မတွေ့ရမချင်း ဒီမြို့ကနေ ပြန်ကိုမပြန်ဘူး"

မျက်နေသော ဒေါသဖြင့် သူမကို လှည့်မဲတော့သူမကလည်း တစ်ပြန်စိတ်ဆိုးမာန်ဆိုးဖြစ်ကာ ဝုန်းဒိုင်းကြဲပြန်ဝင်သွားတော့သည်။

"သိပ်ပိုတဲ့သူ၊ သူ့ညီမသူနိုင်အောင်ထိန်းပါလားလို့ ဟွန်း"

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

ကလေးမြို့လေးက မီးကမမှန်သဖြင့် ဟိုတယ်မှာ အဲယားကွန်း လုံလုံလောက်လောက်အခန်းတွေမရှိပါ။

မတတ်နိုင် ကျွန်တော့်ညီမလေးအတွက် ခက္ခခံရမည်ဖြစ်သည်။

ကျွန်တော်ကလေးရောက်ကတည်းက တစ်နေ့လုံးငှားထား သည့် ကားတစ်စီးနှင့် ကျွန်တော်မြို့အနှံ့ ညီမလေးကို လျှောက်ရှာ ကြည့်မိသည်။

ဘယ်လိုမှကို ခြေရာရှာမရနိုင်ချေ။ ညီမလေးက အလှအဝ အဝတ်အစား မက်မောသဖြင့် "နှင်းသက်သက်ဝေစတိုး"ဆိုင်တွေ လိုက်ရှာမိသလို ဟားခါးမြို့နားထိပင် ကျွန်တော်ရောက်ခဲ့တော့သည်။

ကလေးမြို့က ထွက်လိုက်သည်နှင့် ကလေးတက္ကသိုလ်ပြီးလျှင် ရှုခင်းသာ ထိုမှ ဟားခါးမြို့ဝင်ထိ လျှောက်ရှာခဲ့မိလေသည်။





တကယ်တော့ ကလေးမြို့က ချင်းတောင်တန်းတွေ ပတ်ပတ် လည်ဝိုင်းရံနေကာ ရှုခင်းသာကုန်းနေကြည့်လျှင် တစ်မြို့လုံးကို စီးမြင် ရလေသည်။

"အစ်ကို ဒါ ကျွန်တော်တို့မြို့မှာ အလှဆုံးနေရာပဲ"

"အေး တကယ့်ကို စိတ်ချမ်းသာစရာပဲကွာ၊ ညီမလေးရဲ့ သောကသာမရှိရင် ဘယ်လောက်များ အေးအေးဆေးဆေးခံစားလို့ ကောင်းလိုက်မလဲ"

"ပြန်တွေ့မှာပါ အစ်ကိုရာ၊ အစ်ကို့ဒီလောက်ဆန္ဒပြင်းနေမှ တော့ ပြန်ကိုတွေ့ပါတယ်။ ကျွန်တော်လဲဝိုင်းရှာပေးပါ့မယ်"

"အေးပါကွာ"

"လာ အစ်ကို နည်းနည်း မိုးချုပ်ပြီ မြို့ထဲပြန်ဝင်ရအောင် အစ်ကို ဘုရားဖူးဦးမလား"

"အေး ကောင်းတာပေါ့"

ကားဆရာလေး လိုက်ပို့ပေးသည့် အောင်မင်္ဂလာရပ်ကွက်ထဲ က ရွှေဘုံသာဘုရားကြီးကို ကျွန်တော်ဖူးမြော်ခဲ့မိသည်။

ကျွန်တော်ဘုရားမှာလည်း ညီမလေးကို အမြန်ဆုံး ပြန်တွေ့ရဖို့ ပဲ ဝမ်းနည်းကြေကွဲစွာ ဆုတောင်းဖြစ်ပြန်သည်။

ဘုရားကအပြန်မှာတော့ ကျွန်တော့်အတွက်လိုအပ်သည့် ဆေးအနည်းငယ်ကို "တိမ်းတိုက်"မှာ ဝင်ဝယ်လာခဲ့သည်။

ကျွန်တော် ညီမလေးစိတ်နှင့် အိပ်မရခဲ့တာ။ ညီမလေးပျောက် သွားသည့်နေ့ကတည်းကပင်၊ မေ့ဆိလည်းသတိမရနိုင် နေ့နေ့ညည

www.burmeseclassic.com



ညီမလေးအတွေးတွေဖြင့်သာ ပူပန်သောကတွေနှင့် စိတ်တွေနောက်ကျိနေရလေပြီ။ တကယ်တော့ ညီမလေးကို ငွေကြေးပြည့်စုံမှုပဲ ပေးနိုင်ခဲ့ပြီး ကောင်းကောင်းမစောင့်ရှောက်နိုင်ခဲ့ပါလားဟု ကျွန်တော် တသိမ့်သိမ့်နောင်တရနေခြင်းပင်)

"အစ်ကိုခာယ်ဝင်ဦးမလဲ"

"အေးဗျာ ကျွန်တော့်ကို တာဟန်းပဲလိုက်ပို့ပေးဦး တစ်ချက်တော့ သတင်းဝင်မေးဦးမှ ဖြစ်မယ်"

"ဘယ်လိုလဲအစ်ကို ကျွန်တော်ပြောတာမှန်တယ်မဟုတ်လား။ အဲ့ဒီအိမ်မှာ နေခြည်မြမြကို တွေ့ခဲ့တယ်မဟုတ်လား"

"အင်း အဲဒီအမျိုးသမီးနာမည်က နေခြည်မြမြလား"

"ဟုတ်တယ်အစ်ကို ဘာစွာသလဲမမေးနဲ့၊ ဘယ်သူမှလဲလိုက်လို့မရဘူး။ သူစိန်မရေီချာ့(ချ်)သွားရင်း သူ့နောက်တကောက်ကောက်လိုက်ကြည့်တဲ့သူတွေ မနည်းဘူး။ ဟားဟား ကျွန်တော်တို့လဲ ပါဟယ်ဆိုပါတော့ အစ်ကို"

"ဩော် ဒီလိုလား"

ကျွန်တော့် စိတ်ထဲတစ်ချက်ပြုံးမိပေမဲ့ အပြင်မှာတော့ မပြုံးဖြစ်ပါ။ ကျွန်တော်တောင် သူမလှတာကို မငေးဘဲမနေမိအောင် ထိန်းချုပ်ချင်စိတ်ကို မျိုသိပ်၍မှ မရနိုင်ဘဲ။

"အစ်ကို့ကို ရယ်စရာတော့ ပြောရဦးမယ်။ ကျွန်တော်တို့မြို့က လှတော့လှတယ် ဒါပေမယ့် စာဆိုနဲ့စပ်ဆိုရင်တော့ ဟဲဟဲ"

"မင်းက အလာကြီးပါလား ပြောပါဦး"





ကားသမားလေးက သဘောကောင်းကာ ရယ်မောစရာပဲပြောတတ်သူပီပီ တဟဲဟဲ ရယ်သွမ်းသွေးကာ ပြောလေသည်။

"တောင်ကဖီလာ၊ မြစ်က ပြောင်းပြန် လူကကန့်လန့်တဲ့ဗျ။ ဟား ဟား ဟား အဲလိုမျိုးရယ်မော်စရာ စပ်ကြတာပေါ့ အစ်ကိုရာ"

"ဟာ တယ်ဟုတ်ပါလား။ ကိုယ်တောင်နည်းနည်း ရယ်ချင်လာသလိုပဲ ကိုတင်"

ဒီတစ်ခါတော့ ကျွန်တော်ပါရယ်မိတော့သည်။ ကားသမားလေးက ကွမ်းတရာဆင်းဝယ်ပြီး ကျွန်တော့်ကို လှမ်းပေးသည်။

"ဟား အစ်ကို ကွမ်းဝါးရင်းတွေးတာ ဓိမ်ရှိတာပေါ့"

"ဓိမ်မရှိနိုင်ပါဘူး ကိုယ့်ညီရာ၊ ညီမလေးကိစ္စတွေးလေပူလေ ဖြစ်နေရတာ ပြဿနာက ဘာသတင်းမှမရသေးတာပဲ"

"ကြည့်ရတာ ဒီကိုတန်းမလာဘဲ တစ်နေရာရာမှာသွားရှောင်နေကြတာများလားအစ်ကို"

"ဒါလဲဖြစ်နိုင်တာပေါ့ တွေးလေဝေးလေနဲ့ ကိုယ်လဲ တော်တော်ခေါင်းစားရကျပ်ပြီကိုတင်"

"သိပ်လဲ စိတ်မာတ်မကျပါနဲ့အစ်ကိုရာ ပြန်တွေ့မှာပါ။ ကျွန်တော်လဲ လက်လှမ်းမီသလောက် အနီးအနားမြို့တွေအားလုံး အေးထားပါသေးတယ်"

"အေးကွာ ဘာပဲဖြစ်ဖြစ်၊ ကိုယ်ဒီမြို့မှာ မင်းလိုမိတ်ဆွေကောင်းရှိတာပဲ အားတက်ရမလိုဖြစ်နေပြီ"

"အစ်ကို ဒီမှာ ဘယ်လောက်ကြာကြာ စောင့်မယ်စိတ်ကူးလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အင်းဆယ်ရှက် တစ်ပတ်ပေါ့။ ရန်ကုန်လဲမပြန်လို့မဖြစ်သေးဘူး"

(ပိုပြီး စိတ်မောဖို့ကောင်းသည်က စေ့စပ်မည့်နေ့ရောက်မှ ကျွန်တော် ထိုပြဿနာကြီးကို ရင်ဆိုင်လိုက်ရခြင်းပင်၊ မေကတော့ ရှုးမတတ်ဒေါင်းတောက်နေမှာ သေချာသည်။ ကျွန်တော် ရန်ကုန်ပြန်ရောက်လျှင်လည်း မေ့ကို ဘယ်လိုရင်ဆိုင်ရမှန်းပင်မသိတော့၊ ကျွန်တော်ဒီရောက်ဖို့ထွက်လာကတည်းက မေ့ကို တစ်ချက်ကလေးမှ မဆက်သွယ်ခဲ့တာဖြစ်သည်။ သေချာတာ ကျွန်တော်နှင့် မေ ပြတ်ပြီဖြစ်သည်။ မတတ်နိုင်တော့)

ညီမလေးအတွက် ရင်ကွဲမတတ်ခံစားနေရသည့် ဒုက္ခကို မေသိအောင် ကျွန်တော်မရှင်းပြချင်တော့။

တကယ်တော့ ကျွန်တော် ညီမလေးကို အရမ်းချစ်ခဲ့သူပါ။ အမြဲတမ်းလှပကြော့မော့စွာ နေတတ်သောညီမလေး။ အဝတ်အစား အသစ်အဆန်းမြင်လျှင် အလွန်ခုံမင်တတ်မက်လှသော ညီမလေး၊ ရည်စားတစ်ယောက်ကို ခပ်လွှယ်လွှယ်တွဲတတ်သော ညီမလေးက ဘာဖြစ်လို့များ ကေခင်နဲ့ကြမှာ စုံမက်ခုံမင်ပြီး ကောက်ကောက်ပါ အောင်လိုက်သွားခဲ့သည်မသိ။

အိမ်မှာဆို တကုပ်ကုပ်နှင့် ကျွန်တော့်ကွယ်ရာဆို လုပ်ချင်တာ လုပ်လေ့ရှိသော ညီမလေးကို ကျွန်တော်စိတ်တိုင်းမကျတိုင်း ဆူပူအော်ငေါက်ပေမဲ့ တကယ်တော့ ကျွန်တော်ညီမလေးကို အရမ်းချစ်လေသည်။





ဖေဖေနှင့် မေမေဆုံးပြီကတည်းက ဒီအရွယ်ထိရောက်အောင် ကျွန်တော်ထိန်းသိမ်းစောင့်ရှောက်လာခဲ့ခြင်းပင်။

ခုတော့ ကျွန်တော့်ရင်ခွင်ကို ခြေစုံကန်ကာ ထွက်ပြေးသွားခဲ့ပြီ။

"ညီမလေး"ဟု အော်ငတ်မွတ်မွတ်ခေါ်ကြည့်မိချင်ပေမဲ့ ညီမလေးကတော့ မရှိတော့။

ကျွန်တော်တို့ မောင်နှမ ရှင်ကွဲကွဲနေရခြင်းကို ကျွန်တော်မချိမဆံ့ခံစားနေရတော့သည်။

ဒီနေ့လည်း ကျွန်တော် ညီမလေးသတင်းသိရအောင် သူမတို့အိမ်တစ်ခေါက်သွားကြည့်သေးသည်။

"ဘာသတင်းကြားလဲ မနေခြည်မြမြ"

"ဟင် ရှင်က ကျွန်မနာမည်ဘယ်လိုသိတာတုံး"

"တစ်ယောက်ယောက်ဆိုပါတော့ ခုချိန်ထိ သူတို့သတင်းဘာမှ မရဘူးလား"

"ဒါပေါ့"

"မင်းကြည့်ရတာ ဒီကိစ္စ သိပ်အာရုံမထားသလိုဘဲ၊ ဘယ်လိုဖြစ်တာလဲ မင်းနည်းနည်းလေးမှ မင်းမောင်ကို စိတ်မပူဘူးလား"

"စိတ်ပူနေလို့လဲ ဘာဖြစ်လာမှာမို့လဲ၊ ကိစ္စကဖြစ်ပြီးသွားပြီပဲ အခုကက ဟိုဘက်ဒီဘက်သဘောတူ မတူဘဲ"

လှပသည့် မျက်နှာလေးကို ပင့် ချီကာ မော့ထားသည့် သူမပုံစံက ကျွန်တော့်ဒေါသလို ရန်းကြွပေါက်တွဲထွက်လာအောင်



www.burmeseclassic.com

www.burmeseclassic.com



တွန်းအားပေးနေသလို။

ကျွန်တော် စူးစူးရှရှသူမကို စိုက်ကြည့်ကာ–

"ကျွန်တော်က မိန်းကလေးရှင် ဖြစ်နေပြီ။ ကျွန်တော်ပဲ ဆုံးဖြတ်မယ်"

"ဘယ်ရမလဲ ဒီဘက်ကလဲမောင်အရင်းပါနော်၊ တစ်ခါတည်း ပြောလိုက်မယ်၊ ရုပ်ရှင်ထဲကလို သူတို့နှစ်ယောက်ကို ပြန်ခွဲဖို့ လိုက်လာတဲ့ လူကြမ်းမှုဆိုးတော့ ရှင်အဖြစ်မခံနဲ့၊ ကျွန်မတို့ဘက် ကတော့ သူတို့ချစ်ခင်စုံမက်လို့ပဲ လိုက်ပြေးကြတဲ့ကိစ္စကို ဘာမှမတား ချင်တော့ဘူး ကိစ္စကပြတ်ပြီ"

"ဟာ ခင်ဗျား ဘယ်လိုတွေးခေါ်တာလဲဗျာ။ တစ်သက်မှာ တစ်ကြိမ် အပျိုလူပျိုအိမ်ထောင်ပြုရတဲ့ကိစ္စ၊ ခုလောက်လွယ်လွယ် ကူကူနဲ့ ခေါင်းညိတ်ပေးလို့ရမလား။ ပြီးတော့ ခင်ဗျားမောင်က လူကောင်းလား လူပျော့လူညံ့လားဆိုတာက ကျွန်တော်လေ့လာရမှာ ပေါ့"

"ဝမ်နည်းစရာပဲ ရှင့်မှာ အဲဒီအခွင့်အရေးမရှိနိုင်တော့ဘူး။ ရက်ကြာနေပြီ ရှင်သဘောတူတူ မတူတူ ပေးစားရတော့မှာ မတရား တော့မပြောနဲ့"

"နေပါဦး ဒီပြဿနာက ပေါ့သေးသေးလို့ မင်းတို့မြင်နေ တာလား။ မင်းဘယ်လိုအစ်မမျိုးလဲကွ"

"ရှင့် ညီမကို မမြင်သေးဖူးသေးပေမဲ့ မောင်လေးဘာသာ ဟ–ာယ်ချစ်မြတ်နိုးနေပြီဆိုရင် သဘောမတူစရာ မရှိပါဘူး။





ရှင်ပေးစားဖို့ပြင်ထား"

"ဟင်"

သူ ခပ်ရိရိပြုံးကာ အိမ်ထဲအရင်ဝင်သွားသည်။ ကျွန်တော်အံ ကြိတ်ရုံကလွဲပြီး ဘာမှမတတ်နိုင်တော့။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄)

ထိုမြို့ကလေးကိုရောက်လာပြီးကတည်းက ကျွန်တော်ရန်ကုန်ကို မပြန်ချင်တော့တာ ဘာကြောင့်မှန်းမသိပါ။

ကျွန်တော့်ဆိုင်ကို ပစ်ထားခဲ့တာကြာပေမဲ့ ဆိုင်ကိုလည်း ဘာအကြောင်း၊ ဘာသတင်းမှ လှမ်းမပြောခဲ့ပေ။ ညီမလေးအတွက်ဆိုလျှင် ကျွန်တော့်အတွက် ဘာတွေပဲဆုံးရှုံး ဆုံးရှုံး စွန့်လွှတ်ခံနိုင်လေသည်။

ညီမလေးတို့ သတင်းကို စုံစမ်းရင်းဖြင့် ကျွန်တော်သူမတို့ဆီ မကြာခဏလာရောက်နေရသည်။

ကျွန်တော့်ကို မြင်တွေ့ပါများနေပြီမို့ သူမ၏ အပါးနှင့်အနူးက ရင်းနှီးကျွမ်းဝင်နေကြပြီ။

ကျွန်တော့်ကိုဆို အနူးတို့က သူတို့ဒေသ ရိုးရာ အရက်ဖြစ်သော လိုင်မီးနှင့် ဧည့်ခံတတ်ကြသည်။





တစ်ခါတစ်ရံ သူတို့က ထမင်းစာချိန်နှင့်ဆုံလျှင်တော့ ကျွန်တော့်ကိုပါ ရင်းရင်းနှီးနှီးထမင်းဝင်စားခိုင်းကြသည်။ (သူမကတော့ မပါပေ၊ သူမက ကျွန်တော့်ကိုဆို ရှုပုတ်ပုတ်နှင့် အမြဲကြည့်တတ်ဆက်ဆံတတ်သည့် အချိုးကတော့မပြောင်းပါ။

ချစ်စရာကောင်းတာက သူတို့က ထမင်းစားပွဲဝိုင်းမှာ စားတာထက် ကြမ်းပေါ်ဖယောင်းပုဆိုးစတွေဖြန့်ခင်းကာ ဟင်းပန်းကန်တွေပုံချပြီး အားပါးတရစားသောက်တတ်ကြခြင်းပင်။

ပြီးတော့ သူတို့နှစ်သက်သည့် ဟင်းသီးဟင်းရွက်တွေကို ရေနွေးပူပူနှင့် ပြုတ်ပြီး စားတာမျိုး၊ အသားငါးတွေကို ပြုတ်စားတာမျိုးနှင့် ဆားတို့ ငရုတ်သီးစိမ်းတောင့်တို့ အမြဲတွဲဖက်စားသုံးတတ်လေသည်။

အစကတော့ ကျွန်တော်စားမဝင်ပါ။ အချိုမှုန့် ငံပြာရည်လုံးဝမသုံးဘဲ ခပ်ပေါ့ပေါ့ ဟင်းလျာတွေကို ကျွန်တော်ဘယ်လိုမှ စားမရခဲ့ပါ။

သို့သော် ကျွန်တော်ရောက်ချိန်တိုင်း သူတို့ထမင်းဝိုင်းနှင့်ဆုံလျှင် လက်ဆုံစားသောက်ရသဖြင့် ကျွန်တော် ဟင်းတွေကိုနှစ်သက်တတ်ခဲ့ပြီဖြစ်သည်။

အထူးသဖြင့် သူတို့ဒေသမှာ အထူးကျင်းပလေ့ရှိသည့် ခရစ်စမတ်ပွဲတော်ရက်မှာ ကျွန်တော်ရှိနေခြင်းမို့ ပျော်စရာကောင်းသည့် ဓလေ့ထုံးတမ်း အစဉ်အလာတွေနှင့် ကျွန်တော်ကြုံကြိုက်ခဲ့ရသည်။

ဒီမှာနေတာကြာလာသည်မို့လည်း သူတို့ချင်းတွေမှာ ပဲခါးချင်း၊ ဖလမ်းချင်း၊ မိဆူရန်ချင်း၊ တီးတိန်ချင်း၊ မတူပီချင်း စသည့်



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် မြို့တွေအလိုက်နေထိုင်သည့် ချင်းလူမျိုးကွဲတွေရှိမှန်း သိလာရသည်။

သူတို့ရိုးရာစလေ့ထုံးတမ်း အစဉ်အလာအရ နှစ်စဉ်ကျင်းပလေ့ရှိသည့် ခရစ်စမတ်နေ့မှာတော့ ကျွန်တော် အပါးတိုက်သော လိုင်မီးအရက်နှင့် ခွေးသားကို စားခဲ့ရလေသည်။

"သောက်ကလေး မင်းလိုင်မီးကြိုက်တယ်မဟုတ်လား၊ ရော့ ခွေးသားဆန်ပြုတ်နဲ့မြည်း"

"ခင်ဗျာ"

"ငါတို့ဆီမှာ ခွေးသားက တအားဈေးကြီးတယ်၊ ပွဲတော်ရက်မတိုင်ခင်ကတည်းက အကြာကြီးမှာထားရတယ်၊ မင်းအဲ့ဒီအသား မစားရင်လဲ နွားနောက်သားလဲရှိတယ်၊ ကြိုက်တာမြည်းကွနော် ပျော်ပျော်ပါးပါးပေါ့"

"ဟုတ်ကဲ့ ဦးလေး"

"မင်းအနူးလဲ ပျော်နေတာတွေ့လား၊ သူနဲ့ငါက ဘာသာမတူကြပေမဲ့ တစ်ယောက်နဲ့ တစ်ယောက်နားလည်မှုရှိတယ်လေ၊ ငါလဲ ငါ့ဘာသာငါ ကိုးကွယ်တယ်၊ သူလဲ သူ့ဘာသာသူရှိခိုးတယ်၊ ငါ့သမီးက ခရစ်ယာန်ယူတယ်၊ ငါ့သားက ဗုဒ္ဓဘာသာယူတယ်၊ အဲလို လွတ်လွတ်လပ်လပ်ကိုးကွယ်ကြတာ ကောဇင်ဆို ငါတို့အလိုလိုက်လို့ ဆိုးမှဆိုး"

"ဒီကောင်ဖဲရိုက်တယ်၊ အမဲလိုက်တယ်၊ ရန်ခဏခဏဖြစ်တယ်၊ ကောင်းတာမလုပ်ဘူး၊ မကောင်းတာပဲ အစုံလိုက်လုပ်တယ် ဟဲ ဟဲ





ဟဲ"

အဘိုးကြီးကလည်း မူးနေပြီမို့ သူ့သားအကြောင်း ရယ်ရယ်မောမော ပြောနိုင်ပေမဲ့ ကျွန်တော်ကတော့ စိတ်မအေးနိုင်တော့။

(ညီမလေး ဘယ်ရောက်နေလဲ ဘယ်မှာပုန်းနေကြတာလဲ ဟိုကောင်မူးပြီးမှ ရိုက်နေမလား)

ကျွန်တော့်ရင်ထဲ မီးတောက်နေသည့် အရက်ရှိန်နှင့်ပါ ပိုပြီး ရင်ပူသွားရတာ အရက်ခွက်ကြီးကိုင်လျက်နှင့် ခြံထဲဆင်းလာခဲ့သည်။

ထိုညမှာ သူမကတစ်ကိုယ်လုံး တင်းရင်းနေအောင်ကျပ်နေသည့် ဖြူလွလွဂါဝန်ရှည်လေးနှင့်၊ ပြီးတော့ ပဝါဖြူလေးကို ခပ်ရှုရှုခြုံထားသေးသည်။

သိပ်လှသော သူမ၏အလှကို ကြော့ရှင်းနေသည့်လည်တိုင်လေးမှာ ဆင်မြန်းထားသည့်ပုလဲလည်ဆွဲ ဖြူဖြူက ပိုပြီးလှပနေစေသည်။

လှလိုက်တာ

"မေ"

မေရော နေခြည်လောက်လှလား--

အင်း သူမတို့နှစ်ယောက်ဘယ်သူမှ မပိုနိုင်ကြတာ သေချာသည်။

မေရော သူမရော လှပကြော့မော့နေသည့်အလှက အားလုံးငေးမောလည်ပြန်ကြည့်ရမယ့်အလှမျိုး။

(မေ မင်းဘယ်လောက်စိတ်ဆိုးနာကြည်းနေလိမ့်မလဲ မောင်တို့ ပြတ်ပြီထင်တယ် မေ)

www.burmeseclassic.com



ကျွန်တော်သက်ပြင်းရှိုက်မိကာ ကျွန်တော့်ဆီ လျှောက်လာသည့် သူမထံ ဖန်ခွက်လှမ်းပေးလိုက်သည်။

"ကျွန်တော်မဝသေးဘူး"

"ထည့်သောက်ပေါ့"

"ခင်ဗျားဧည့်ခံမပေးနိုင်ဘူးလား"

"ဘယ်လို"

ကျွန်တော့်အကြည့်ရဲရဲဖြင့် စူးစိုက်ကြည့်လိုက်တာတောင် သူမက ရှိုးတိုးရှန့်တန့် ရက်ရွံ့တွန့်ဆုတ်ခြင်းမဖြစ်ဘဲ ပြန်စိုက်ကြည့် သည်။

ထိုအခါ ကျွန်တော်စိတ်လှုပ်ရှားမှုတွေဖြင့် ရင်တထိတ်ထိတ် ခုန်လာရသည်။

"မြ"

"ဘယ်လို ရှင် ဘယ်လိုခေါ်လိုက်တာလဲ"

"ရှန်"

အရက်ရှိန်ကလေးနှင့် ကျွန်တော်နှုတ်သွက်သွားခြင်းပါ။ သူမ မျက်လုံးတွေ တစ်ချက်ဖြာသွားပြီး အနည်းငယ်တုန်ယင်သွားသံမျိုးဖြင့်–

"အဖျားဆွတ်ခေါ်တာ ရည်းစားတွေမှခေါ်ကြတာပဲ"

"ကျွန်တော်မှားသွားလို့လား"

"ရည်းစားဖြစ်ရင်တော့ ပေးခေါ်မှာပေါ့"

"ဒါဖြင့်လဲ"

"ဘာလဲ"





ဘယ်လောက်ညံ့ဖို့ကောင်းလိုက်သလဲဆိုရင် ကျွန်တော့်ရင်ထဲက ခံသိစိတ်တံခါးတစ်ချက် လှပ်ခနဲပွင့်ဟသွားခြင်းပင်။

"ဒါ ဘယ်လိုမှ မရည်ရွယ်ထားခဲ့တာအမှန်ပါ"

"ရည်းစားဖြစ်ခွင့်ပေးနိုင်မလားမြ"

"ဘယ်လို"

သူမ မျက်နှာအတိယ်တလန့်ဖြစ်သွားသလို နှုတ်ခမ်းတွေပင် ပွင့်ဟသွားခိုက်မှာ ကျွန်တော်သတ္တိနည်းစွာ အလျင်ကျောခိုင်းလိုက် တော့သည်။

"ခွင့်လွှတ်ပါ"

"တောင်းပန်ပါတယ်မြ၊ တကယ်တော့ ဒီလိုအချိန်မျိုးမှာ ကျွန်တော်မပြောသင့်ပါဘူး။ ဒါပေမဲ့ ပြောမိသွားခဲ့ပြီဖြစ်သည်အတွက် မြလက်မခံနိုင်ရင် ကျွန်တော်တစ်ခါတည်းရုပ်သိမ်းပေးလိုက်မှာပါ"

"ဒါ ဘယ်လဲ ရုပ်စမ်း"

"အင်း"

ကျွန်တော့် တစ်ကိုယ်လုံးဆတ်ခနဲ တုန်သွားသည်ထိ သူမအသံ ဘ ဩဇာအပြည့်ရှိလေသည်။

"ဒီဘက်လှည့်ကြည့်ပါ ကိုလင်းဇော်"

"ခင်ဗျာ"

"ရှင် ကျွန်မမျက်နှာကို သေသေချာချာကြည့်ပြီးမှ ထပ်ပြော ။"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ခုနက စကားကျွန်မကို ထပ်ပြောပါ"

"ကျွန်တော် မူး မူးလို့ ပြောတာပါ"

"မညာနဲ့"

"ဟင်"

သူမက ကျွန်တော့်ရင်ဘတ်ကို ဝုန်းခနဲ တစ်ချက်ဆောင့်တွန်းပစ်ကာ -

"ညာတာကို ကျွန်မ မကြိုက်ဘူး၊ သိပ်မုန်းတယ် ကိုလင်းဇော်၊ မိန်းကလေးတစ်ယောက်ကို ရည်းစားဖြစ်ခွင့်တောင်းတာ ရှင်တကယ် ကျွန်မကို ချစ်မိလို့လား"

"ဗျာ"

မျှော်လင့်မထားပါဘဲ အလစ်မှာအထိုးခံလိုက်ရသည့်လက်သီး တစ်ချက်လို ကျွန်တော်နောက်သို့ပင် ယိုင်သွားရသည်။

ထိုအခိုက် ကျွန်တော်တို့နှစ်ယောက်ကြားက တိတ်ဆိတ်မှုက ကြောက်ခမန်းလိလိ-

"ပြောပါ ရှင့်ရင်ထဲကစကားကို ကျွန်မကြားချင်တယ်"

"မြ"

"မလိမ်နဲ့ လိမ်ဖို့တော့မကြိုးစားနဲ့၊ ရှင်ကျွန်မကို ချစ်ခွင့်တောင်းပြီလား ရိုးရိုးသားသားဖြေပါ"

"ကျွန်တော်လေ"

ကျွန်တော့်အသံအက်ကွဲစွာ နှလုံးသားထဲကနေ လည်ချောင်းဆီသို့ ထိုးခွဲထွက်လာခြင်းပါ။





ကျွန်တော် သူမဘက်ကတုံ့ပြန်မှုကို ရင်မဆိုင်ရဲတော့ပေ။ အကြောက်တစ်မျိုးဖြင့် သိပ်ကြောက်သွားမိချိန်မှာ-

"ကောင်းပြီ ရှင့်ကို ကျွန်မ မြလို့ခေါ်ခွင့်ပြုမယ်"

"ဟင်"

သူမတစ်ချက်လှပစွာပြုံးပြီး ချာခနဲလှည့် ထွက်ပြေးသွားလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

လောကကြီးမှာ တစ်ယောက်ကို တစ်ယောက် ချစ်ကြသည် ဖွင့်ဟဝန်ခံကြခြင်းမရှိဘဲနှင့် ချစ်သူတွေဖြစ်သွားကြတာ ကျွန်တော် မြနှစ်ယောက်သာရှိပါလိမ့်မည်။

ကျွန်တော်ကဲကောင်းချင်တော့ သူမက သူမအပါးနှင့်အနီး ဘာပြောထားသည်မသိ လူကြီးတွေက၊ အလျှင်ကထက် သူ့အ ပိုပြီး ဖက်လှဲတကင်းရှိကြသည်။ နွေးနွေးထွေးထွေး ဆက်ဆံ သည်။

ခုချိန်မှာ ကျွန်တော့်ညီမ လူမိုက်နှင့်ပေါင်းသင်းနေလျှင်တော ကျွန်တော်ဘယ်လိုနည်းနှင့် ခွဲထုတ်ရမပါ့မလဲဟု ခေါင်းတောက်အော စဉ်းစားနေရပြီဖြစ်သည်။

ကေဇင့်လို လူမိုက်လူတေ လူပျော့မို့ ကျွန်တော်သဘောမ နိုင်ပါ။





ခွဲမည်ဆိုလျှင်လည်း ကျွန်တော့်အပေါ်ရိုးသားစွာ ဆက်ဆံပေါင်း သင်းကြသည့် အပါးနှင့်အနီးမျက်နှာကို ကျွန်တော်ဘယ်လိုပြရမည် သည်း။ ပြီးတော့ သူမ၊ သူမမောင်ဆိုးကြောင်းပြောလျှင် ဆတ်ဆတ် ါအောင်နာတတ် ကာကွယ်တတ်သည့်သူမက ကျွန်တော့်ချစ်သူဖြစ် သို့နေပြီ။

ကျွန်တော်သူမကို ဘယ်လိုမျက်နှာပြရမည်နည်း။

မဖြစ်နိုင်တော့။

ကျွန်တော် သေသေချာချာဆုံးဖြတ်ချက်ကို ပိုင်ပိုင်နိုင်နိုင် ချလိုက်တော့သည်။

ကျွန်တော် သူတို့ကိုတွေ့လျှင်မခွဲတော့။ ညီမလေးကိုလည်း ခိန်မခေါ်တော့။ သူတို့နှစ်ယောက်ကို တတ်နိုင်သရွေ့မင်္ဂလာဆောင် ေးကာ ထားခဲ့တော့မည်။

ကျွန်တော့်မေတ္တာနှင့် စေတနာကို ညီမလေးသိအောင်ပြရမည်။ ကျွန်တော်သူတို့ကို မခွဲ တော့ပါ။

(အချို့ ယောက်ျားလေးတွေ လူပျိုဘဝဘယ်လောက်ဆိုးဆိုး ာတေ အိမ်ထောင်ကျလျှင် လိမ္မာသွားတတ်ကြတာမျိုး ရှိသလို၊ အချို့လိမ္မာယဉ်ကျေးသည့် ယောက်ျားတွေဟာ အိမ်ထောင်ကျမှ ိုးပေတေကာ အသုံးမကျသည့် လူတွေဖြစ်သွားကြတာမျိုးလည်း သည်။)

ဒါ ညီမလေးရဲ့ ကုသိုလ်ပင်၊ ကျွန်တော်ဇွတ်မဖန်တီးချင်တော့ ာလို ကျွန်တော် စိတ်လျှော့လိုက်ချိန်မှာ ကျွန်တော့်စိတ်တွေက



www.burmeseclassic.com

www.burmeseclassic.com



အလျှင်ကလို အပူမလောင်တော့ဘဲ အေးငြိမ်းသွားတော့သည်။

"ကို"

"အင်း ဘာလဲမြ"

"ဒီနေ့ အပါးပြန်လာရင် ကျွန်မဘုရားကျောင်းသွားမလို့ ကိုယ်လိုက်ပို့မယ်မဟုတ်လား"

"ရတယ်လေ"

"ကျွန်မ ဘုရားဝတ်ပြုပြီးရင် ကိုနဲ့ ရှုခင်းသာဘက်ထွက်လည်မယ်"

"ကောင်းသားပဲ ကိုတင်လဲပါလာတာပဲ"

"ရှင်ကားငှားစီးနေတာ စရိတ်မထောင်းသေးဘူးလားကို"

"ဆိုပါတော့"

တကယ်တော့မြက ကျွန်တော်တို့၏ ဘဝရပ်တည်မှု အဆင့်အတန်း၊ ငွေကြေးနေပြည့်စုံမှုမရှိဆိုတာတွေကို ဘာတစ်ခုမှလည်းမမေး၊ ဘာမှလည်းမသိဘဲနှင့် ကျွန်တော့်ကို လက်ခံခဲ့ခြင်းဖြစ်သည်။

"နေဦး ကိုကိုမေးရဦးမယ် ဒီကိုလာစက လူကိုအော်လှား ငေါက်လား၊ ရန်တွေ့လားနဲ့ အဲဒါ ဘယ်လိုဖြစ်ရတာလဲ"

"မြကရော ဘာထူးလို့လဲ ကိုကိုကို အမြဲ သုန်သုန်မှုန်မှုန်နဲ့ ဆက်ဆံတာ၊ စွာလိုက်တာလဲ မပြောနဲ့ အဲဒါဘာဖြစ်လို့လဲ"

"အဲဒါ ကျွန်မက မိန်းကလေးလေ၊ ယောကျ်ားလေးရှင်ကို အထက်စီးက ဆက်ဆံကြတာပေါ့"

"မှားပါတယ်"





"ဘာမှားတာလဲ၊ ဒီဘက်လှည့် ဒီဘက်လှည့်မရယ်နဲ့ ဟိုဘက်မှာ ဘယ်သူမှမရှိဘဲနဲ့ ဒီကိုကြည့် ဘာမှားတယ်ပြောတာလဲ"

"သြော် ကိုက ညီမလေးအတွက် စိတ်စောပြီးငြူစူပြောဆိုမိခဲ့တာပါ၊ မြကိုစိတ်ဆိုးအောင် လုပ်ခဲ့တာမဟုတ်ပါဘူး"

"အကြောကြီးနဲ့ပါနော် ဟွန်း မသိရင်ခက်မယ်"

"မြက အဲလို ထင်တယ်ပေါ့"

"အင်း မဟုတ်ဘူးလား"

"မဟုတ်ပါဘူး မြကိုကြည့်ပြီး တစ်နေ့ ငါရည်းစားလေးဖြစ်ရင် သိပ်ကောင်းမှာလို့ တွေးမိတာ"

"မြလဲ အဲသည်လိုပဲ"

"ဘယ်လို"

"သြော် အလကားနေ ညီမအတွက်စိတ်တွေပူပြီး စိုးရိမ်ပူပန်နေတဲ့ အစ်ကိုတစ်ယောက်ရဲ့ မေတ္တာကိုကြည့်ပြီး သူ့မှာရည်းစားသာရှိရင် သူဘယ်လောက်ချစ်လိုက် ပူပန်လိုက်မလဲလို့ မြလဲ အဲဒီလို တွေးကြည့်ဖူးတယ်"

"ဟင် ဒါဖြင့် ကိုကိုနဲ့ အတွေးချင်းတူခဲ့တာပဲ"

"ဒါပေါ့"

ဒီရက်ပိုင်းတွေမှာ ကျွန်တော်နှင့်မြ ပိုပြီး ရင်းနှီးခဲ့ကြသည်။ ကျွန်တော်မြနှင့် တွဲတော့မှ မြ၏ပွင့်လင်းမှု၊ ရိုးသားမှု၊ ဟန်မဆောင်တတ်မှု၊ ဒေါသကြီး စိတ်ဆက်တတ်မှုတွေကို တဖြည်းဖြည်းပိုသိမြင်လာခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



(နောင်မှာ ကျွန်တော်နှင့် ပတ်သက်နေသည့် မိန်းကလေးနှစ်ယောက်စလုံးဟာ စကားကို ပွင့်ပွင့်လင်းလင်းပြောတတ်၊ ခံစားချက်ကိုမဖုံးကွယ်တတ်၊ ဒေါသကို မထိန်းချုပ်တတ်၊ ရက်စက်ကြမ်းကြုတ်သည့်စကားတွေကို မပြောမိဖို့ မဆင်ခြင်းတတ်ကြသူတွေပင်။ သူတို့၏မျှော်လင့်ချက်တစ်ခုက ကျွန်တော့်အတွက်တော့ သွေးပျက်စရာကြောက်စရာအတိ၊ ပြတ်သားလှချည်လားဟု အံ့ဩတုန်လှုပ်မှု၊ အငြိုးကြီးလှချည်လားဟု ထိတ်လန့်ကြောက်ရွံ့မှုတွေနှင့် ကျွန်တော်အကျဉ်းအကျပ်ထဲ ရောက်နေခဲ့ရသည်ကို မကြာခင်မှာ ရင်ဆိုင်လိုက်ရခြင်းဖြစ်သည်။)

ဒီနေ့လည်း ကျွန်တော် မြဘုရားဝတ်ပြုနေကြ စိန်မေရီဘုရားရှိခိုးကျောင်းကို လိုက်ပို့ပေးခဲ့သည်။

မြဘုရားဝတ်ပြုတာအရမ်းချစ်ဖို့ကောင်းပါသည်။ ဘုရားဝတ်ပြုပြီး ကျွန်တော့်ရှေ့လျှောက်လာသည့် မြကို ကျွန်တော်အပြုံးတစ်ချက်နှင့်–

"ဘာတွေ ဆုတောင်းနေတာလဲမြ"

"မြလား"

"အင်း ကိုသိချင်လာလို့"

"မြတို့လိုက်ရှာနေတဲ့ မောင်လေးနဲ့ ညီမလေးတို့ အမြန်ဆုံးဘေးကင်းကင်းနဲ့ ပြန်တွေ့ဖို့ရယ်။ ပြီးတော့"

"ဆက်ပြောလေ မြ"

"ကိုယ့် ရင်ထဲကသစ္စာတရားတစ်ခုကို ဘုရားသခင်ဆီမှာ





ဆောင်းတယ်လေ"

"ဟင်"

ခနဲ ကျွန်တော့်မျက်လုံးများပြာဝေသွားသည်ထိ မိုက်ခနဲပင်ဖြစ်သွားရသည်။

"သစ္စာတရား"

လာပြန်ပြီ တစ်ယောက်"

မြဟာ ဒုတိယမေပါပဲလား။

အဲသည့် သစ္စာတရားဆိုတဲ့ စကားလုံးကြားလိုက်တာနဲ့ ကျွန်တော့်တစ်ကိုယ်လုံး ပြာကျသွားမတတ်လောင်မြိုက်သွားရတာ–

ဘုရား ဘုရား

"မြကို ချစ်ဖို့ထက် သစ္စာရှိဖို့ပဲလိုတယ်"

"ကို"

"အင်"

"မြပြောတာ ကြားလား"

"အင်း –အင်း အင်း"

"မြ ကို့ဆီက အဲဒီတစ်ခုပဲတောင်းမှာ၊ မြကဒီမြို့မှာ ဘယ်သူနဲ့မှလဲမတွဲဖူးဘူး၊ ဘယ်သူ့ကိုမှလဲ မချစ်ဖူးဘူး၊ ခု မြ ပတ်ဝန်းကျင်ကိုထည့်တွက်တာ ကို တစ်ယောက်တည်းရှိသေးတယ်။ အဲဒီအတွက် မြရဲ့ ကိုယ်ကျင့်တရားရယ်၊ သိက္ခာရယ်၊ ဘဝရယ်၊ တန်ဖိုးရယ်ကို ကိုပဲပိုင်တယ်က၊ ကိုကာကွယ်ပေးရမယ်"

ကျွန်တော် ခေါင်းပင်မညိတ်မိအောင် ကြောက်ခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



မြဆီက စကားတွေက ကျွန်တော့်အတွက်တော့ ကြောက်ပြီးရင်း ကြောက်စရာလိုလို။

"ခုလေ မြ အပါးနဲ့ အနူးကို မြတို့အကြောင်းတောင် ဖွင့်ပြောထားသေးတယ်"

ဘုရား။

ဟု ကျွန်တော်နှုတ်ခမ်းဆတ်ခနဲ တုန်ယင်သွားတာကို အမြန်ဖိကိုက်ထားလိုက်ရသည်။

"အို ဘယ်လိုကြီးဖြစ်နေတာလဲ လာ လမ်းကူးပါမယ်ဆိုမှ"

"အင်း လေ သွားကြတာပေါ့"

"ကိုကို ချင်းပြည်နယ်က ထွက်တဲ့ သစ်သီးတွေဝယ်ကျွေးမယ်၊ ကို သစ်သီးကြိုက်တယ်မဟုတ်လား"

"ကြိုက် ကြိုက်ပါတယ် မြ"

"အင်း-- ကို ကြိုက်တယ်ဆိုရင်လဲ မြတို့ သစ်သီးအရင်ဝင်ဝယ်ပြီးမှ အိမ်ပြန်ကြတာပေါ့"

"အင်း"

"ကို"

"အင်"

"ကို့လက်မောင်းကို မြချိတ်လိုက်မယ်နော်"

အင်းခနဲ ကျွန်တော့်နှုတ်က အာမေဋိတ်သံမထွက်ရအောင် အမြန်ထိန်းချုပ်လိုက်လေသည်။

မြတ်စွာဘုရားရေ-





နေခြည်မြမြဟာ ဒုတိယ မေမင်းပိုင်လို မိန်းမမျိုးပါလား။ ကျွန်တော့်အပေါ်လည်း ချုပ်ချယ်လွှမ်းမိုးချင်တာ မေလိုပါပဲ။ မေ --ပြီးတော့ --မြ။

* * *

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

ညီမလေးတို့ကို ပြန်ရှာတွေ့ပြီဆိုသော သတင်းအရ ကျွန်တော်နှင့်မြ သူတို့ရှိနေမည့် ကလေးဝမြို့လေးထံ ပြန်ဆင်းလာခဲ့ရသည်။

"ဘာဖြစ်လို့များ ဒီမှာလာပုန်းနေကြတာလဲမသိပါဘူးကိုရယ်၊ အင်း ကလေးတွေများ ခက်ပါဘိတော့၊ သူတို့လုပ်ချင်ရာလုပ်မယ်၊ ပြီးတော့မှ လူကြီးတွေကို သတိရပြီး ဟိုကြောက်ရ၊ ဟိုထိတ်လန့်ရနဲ့ ဖြစ်ကြပြီ"

"ကိုတော့ သူတို့ကို ဒီပြန်ခေါ်လာမယ်လို့ပဲ စိတ်ကူးတယ်မြ"

"အင်း ပြန်ခေါ်ရမှာပေါ့၊ ကျွန်မတို့ ပြန်မခေါ်ဘဲပစ်ထားလို့မှ မရတာ"

တစ်လမ်းလုံး ကျွန်တော်နှင့် မြ ညီမလေးတို့အတွက် အစီအစဉ်တွေ ဆွဲလာရတာ စိတ်တွေလှုပ်ရှားနေမိကြသည်။

ကလေးဝရောက်တော့လည်း လူတစ်ယောက်ညွှန်ပြလိုက်သည့် အိမ်ခပ်နိမ့်နိမ့်လေးတွေထဲက ခွေးနစ်ကောင်ကြိုးချည်ထားသည့် အိမ်လေး





ပေါ်တက်လိုက်ကြသည်။

"ဘယ်က စပြောရင်ကောင်းမလဲ မြ"

"ဩော် ကိုကလဲ လာပြန်ခေါ်တဲ့ဟာ ချော့မော့ပြောရမှာပေါ့"

"အင်း"

ကျွန်တော်တို့ အိမ်ပေါ်ရောက်လိုက်သည်ဆိုရင်ပဲ –

"ဘယ်သူလဲ"

ဟု ပြေးထွက်လာသည့် ညီမလေးကို တွေ့လိုက်ရသည်။

"ညီမလေး"

"ဟင် ကိုကြီး"

ညီမလေးမျက်လုံးတွေက ဖြန်းဆိုချက်ခြင်း လင်းလက်သွားသလို နှုတ်ခမ်းတွေကလဲ အံ့အားသင့်စွာ ပြုံးသွားလေသည်။

သို့သော် –

အိမ်ထဲမှ ထွက်လာသည့် အသား နီစပ်စပ်နှင့်ခပ်ချောချော ကောင်လေးကြောင့် ညီမလေးအပြုံးတွေ ရပ်တန့်သွားတာ သေချာလေသည်။

"မမ ပါလား"

"ကောဇင်"

မြက သူ့မောင်လေးလက်ကို လှမ်းဆုပ်ကိုင်ကာ ကျွန်တော်ကို လှည့်ကြည့်ပြီး –

"မင်းတို့ ဒီရောက်နေတယ်ဆိုလို့ မမတို့လာခေါ်တာ ပြန်လိုက်ခဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"အမလေးဗျာ ဒီရောက်တာတောင် လေးရက်မပြည့်သေးဘူး သတင်းကလဲ မြန်လိုက်တာ ဒါနဲ့ဒီလူက ဘယ်သူလဲ မမ"

"အဲ့ဒါ မင်းယောက်ဖပေါ့ မင်းကောင်မလေး အစ်ကို"

"ဩော်"

ကောင်လေးမျက်လုံးတွေက ကျွန်တော့်ကို စူးရှရန်လိုနေသလို ညီမလေးကတော့ ကျွန်တော်လိုက်ခေါ်တာကို ပျော်လည်းပျော်ပြီး ကြောက်လည်း ကြောက်ဖြင့် ကျွန်တော်တို့ကိုသာ အငမ်းမရလိုက်ကြည့် နေရှာသည်။

"ကောဇင် ငါတို့ထိုင်မယ်"

ကျွန်တော် အသံခပ်ပြတ်ပြတ်နှင့် တစ်ခွန်းတည်းပြောကာ ဝင်ထိုင်လိုက်တော့ မြကပါ လိုက်ထိုင်သည်။

"ပြောလေ ခေါ်ကြတာ ဘာကိစ္စရှိလို့လဲ"

"ဘယ်လိုကွ"

ကောင်လေးက အော်ကျယ် အော်ကျယ်နှင့် အသားလွတ်ကြီး ပြန်မေးခွန်းထုတ်နေသဖြင့် ကျွန်တော် ဒေါသထွက်သွားရဆဲ မြက ဘာမှမပြောဖို့ မျက်လုံးတွေနှင့် တားမြစ်နေပြန်သည်။ (တော်တော် ဆိုးမယ့်ကောင်)

မြတ်စွာဘုရား ကျွန်တော့်မှာ ယောက်ဖလည်းကြောက်ရ၊ သူ့အစ်မ လည်းကြောက်ရ၊ အဲလိုအဖြစ်မျိုးကြီးလား။

သို့သော် ကျွန်တော်ပွဲဦးတော့ အကျိုးမခံနိုင် -

"ကောဇင် ငါတို့ အေးအေးဆေးဆေးစကားပြောကြရအောင်





မင်းလဲထိုင်"

"အေးအေးဆေးဆေးဆိုတဲ့ စကားက လှအောင်သုံးတာပဲဖြစ်မှာ၊ ကျွန်တော်တစ်ခုပဲပြောမယ်၊ ခု ခင်ဗျားတို့လာခေါ်တာခွဲဖို့ဆိုရင်တော့ ဝမ်းနည်းစရာ နောင်တရစရာတွေဖြစ်လာလိမ့်မယ်၊ ဘာလို့လဲဆိုတော့ ကျွန်တော်တို့က တရားရုံးမှာ လက်ထပ်ပြီးကြပြီ။ အဲဒီတော့ ရုပ်ရှင်ထဲကအတိုင်း ခွဲဖို့လိုက်လာကြတယ်ဆိုရင်တော့ ပြန်ကြပေတော့"

"ဟေ့ကောင် မင်းစကားကြည့်ပြောစမ်း၊ မင်းတို့ကို ငါတို့ခေါ်တာလို့ပြောပြီးပြီလေ၊ မင်းဆီ ငါ့ညီမခိုးရာလိုက်သွားတဲ့နေ့ကတည်းက ငါ ဒီမြို့ပေါ်ရောက်နေတာကွ နားလည်လား"

"ဟင် ဒါဖြင့် ကိုကြီး ကိုကြီးစေ့စပ်ပွဲက"

"အရေးမပါဘူး၊ ညီမလေး လောကမှာကိုကြီးအတွက် ညီမလေးကိုပြန်ရဖို့ပဲ။ အရေးကြီးခဲ့တာ ကိုကြီးအားလုံးကို ဆုံးရှုံးခံလိုက်ရတယ်၊ အဲဒီလောက်ထိ ငါ့ညီမကိုပဲ ကိုကြီး တန်ဖိုးထားခဲ့ချစ်ခဲ့တာ"

"ရှင်"

နှင့်ခဲနဲ့ ကြေကွဲ ရိပ်တွေနှင့် မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလာသည့် ညီမလေးက သူ့ပခုံးကို ခေါင်းမှီကာရှိုက်တော့သည်။

"တိတ်နော် တိတ်တိတ် ကိုကြီးရောက်လာပြီပဲအခုက ညီမလေးကို ဆူခဲ့ပူခဲ့တာ စိတ်ပူလို့ သိပ်ချစ်လို့ပါကွာနော်"

ကျွန်တော်အသံကို မတုန်အောင် ကြိုးစားထိန်းလိုက်ချိန်မှာ



www.burmeseclassic.com

www.burmeseclassic.com



ဝုန်း ခနဲစားပွဲကို ဆောင့်တွန်းလျက် ကျွန်တော့်ရှေ့ မြက ဒေါသတကြီး လာရပ်သည်။

"ဘာအဓိပ္ပာယ်လဲကို ထစမ်းပါဦး၊ ရှင်းစမ်းပါအုံး စေ့စပ်ပွဲ စေ့စပ်မယ့်သူကိုမှာ ရှိပြီးသားပေါ့ အဲလိုလား"

"ဟင်"

အံတင်းတင်းကြိတ်ကာ မီးဝင်းဝင်းတောက်နေသော မြ မျက်လုံးတွေကို ကျွန်တော်ထိတ်လန့်စွာ ရင်ဆိုင်မိသွားသည်။

"မြ"

"ပြောပါ ကိုမှာ စေ့စပ်ရမယ့် မိန်းကလေးရှိနှင့်ခဲ့ပြီးသားလား၊ တစ်ခွန်းတည်းဖြေ ကျွန်မသိပ်ဒေါသထွက်နေတယ်နော်"

"ကိုရှင်းပြမယ် မြ"

"ကိုကြီး""

"ကောင်းရောကွာ"

ကေဇင်က ထိုင်ခုံကို ခြေထောက်နှင့်ဆောင့်ကန်ကာ ပမာမခန့် အမူအရာနှင့်ထွက်သွားတော့သည်။

ညီမလေးကတော့ ကျွန်တော်နှင့် မြ အေးအေးဆေးဆေးပြောနိုင်ကြရန် သတိခနဲ ထွက်ပြေးသွားလေသည်။

"ပြောလေ ပြောပါ၊ ကိုရဲ့ဘာခုမှ နှုတ်နှေးနေရတာလဲ ကျွန်မမေးတာ မှန်တယ်မဟုတ်လား ပြော"

မြ ရုတ်တရက် အကျယ်ကြီးထအော်လိုက်ပုံက ကျွန်တော် နားပင် သည်းမခံနိုင်လောက်အောင် ကျွန်တော်လည်း ဒေါသကြီးသော





သူမကို ဘယ်လိုဖြေရှင်းရမှန်းမသိသည့် တုန်ယင်မှုဖြင့် စိတ်လှုပ်ရှားနေသလို သူမလည်း တဆတ်ဆတ် တုန်ယင်ယိမ်းခါနေသည်။

ညီမလေးကို ပြန်လာခေါ်ကာမှ ညီမလေးတို့နှင့် ပြဿနာမတက်ရဘဲ သူမနှင့် ပြဿနာတက်ခဲ့ရသည်။

"ဒီလိုမြ ကိုကို့မှာ ဟို ဟိုလူကြီးချင်း သဘောတူထားတဲ့ မိန်းကလေးတစ်ယောက်ရှိတယ်"

"သြော်"

ကျွန်တော် ညာလိုက်ရခြင်းပါ( စိတ်မကောင်းပါဘူး မေ တောင်းပန်ပါတယ်၊ မောင် အကျဉ်းအကျပ်ထဲရောက်သွားလို့ လိမ်ပြောမိတာပါ)

"အဲ ဒီမိန်းကလေးက မေမင်းပိုင်တဲ့၊ သူနဲ့ စေ့စပ်မယ့်နေ့မှာ တိုက်တိုက်ဆိုင်ဆိုင် ညီမလေးထွက်ပြေးသွားတာမို့ ကိုတို့လဲစေ့စပ်ပွဲ ပျက်ခဲ့ရတယ်"

"နေပါဦး ကိုက ဘာဖြစ်လို့ အဲဒီအကြောင်းတွေကို ကျွန်မကို မပြောရတာလဲ။ ခုမှ ကျွန်မသိရတာ မရဘူး။ ရှင် ရှင်းရှင်းပဲပြော ဟိုတစ်ယောက်ကို ရှင် ချစ်ခဲ့ဖူးလား"

ဘယ့်နှယ့်ပြောလိုက်ပါလဲဗျာ၊ ချစ်မြတ်နိုးလွန်းလို့ သုံးနှစ်သုံးမိုးတောင်ကြိုးစားခဲ့ရတာ ဒါပေမဲ့ နောက်ပိုင်းရည်းစားဘဝမှာ ဆောင်ကြောက်ရလွန်းလို့ ကျွန်တော်မယူချင်တော့တာ၊ လက်ထပ်ချင်စိတ်မရှိတော့လောက်အောင် ကြောက်နေတဲ့ကောင်ဗျ စိတ်ထဲက ဖြေနေခြင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဖြေလေ"

"ဟင်"

သူမအံကြိတ်ထားပုံက ဘယ်လောက်ထိ အားပါသလဲဆိုရင် နှုတ်ခမ်းသားတွေ ပေါက်ပြဲစုတ်ပြတ်ကုန်ကာ သွေးပင်စို့နေလေပြီ။

"ကို ချစ် ချစ်ခဲ့ဖူးတယ်"

"အမလေး"

ဟု သူမက တမင့်ခပ်ရိရိ၊ ခပ်ထေ့ထေ့နှုတ်ခမ်းကို မဲ့ကာ ကျွန်တော်ကို အလွတ်မပေးစတမ်းကြည့်သည်။

ပြီးလျှင် –

"ရှင် သေချာမှတ်ထားစမ်းကို"

"မိန်းမနှစ်ယောက်ကို တပြိုင်နက်တည်း ချစ်နေတဲ့ယောကျ်ား တစ်ယောက်ဆီက ကျွန်မလိုချင်တာတစ်ခုပဲ"

"ခုပဲ ပြောမယ်"

"အဲဒါ ကျွန်မကိုလက်ထပ်ခြင်းပဲ"

"ကျွန်မက ဘဝကို အချစ်နဲ့သစ္စာကိုရွေးချယ်ဖို့ဆိုရင် သစ္စာတရားကိုပဲ ရွေးချယ်ရလိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့လိုလူမျိုးတွေက သိပ်သစ္စာကြီးတတ်ကြလို့ပဲ"

ဘုရား

ဟု ကျွန်တော်ယိုင်ခနဲပင်ဖြစ်သွားရလသေည်။ လာပြန်ပြီ မိန်းမတစ်ယောက်၊ တစ်ယောက်ကလည်းသစ္စာတရား၊ နောက်တစ်ယောက်ကလည်းသစ္စာတရား ကျွန်တော်ဒုက္ခရောက်တာသေချာပြီ





ဘုရား ဘုရား။

"ဒီမှာကို အဲဒီကိစ္စက ရှင့်အတွက် သေပစ်ချင်စရာကောင်းလောက်အောင် မတန်တဆစိတ်ဆင်းရဲရမယ့် ကိစ္စကြီးများ ဖြစ်နေမလားပဲ"

"ဒါပေမဲ့"

"ကျွန်မ မငဲ့ညှာနိုင်ဘူး"

မြတ်စွာဘုရား ကျွန်တော်ဒုက္ခတွေ့လေပြီ။ တိုက်တိုက်ဆိုင်ဆိုင် လောကမှာ သစ္စာတရားကိုသာ ရွေးချယ်တတ်ကြတဲ့ မိန်းမ နှစ်ယောက်နှင့်မှ ကျွန်တော်လိုလူသားမျိုး ကြုံတွေ့ခဲ့ရပြီ။ ကျွန်တော် ဘယ်သူ့ကိုမှ လက်မထပ်ရဲလောက်အောင် ကြောက်နေမိတာပါ။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

ကေဇင်နှင့် ညီမလေးကို ပြန်ခေါ်လာဖို့တောင် ကျွန်တော်က စိတ်ဆိုးတင်းမာနေသည့် မြမျက်နှာနှင့်အတော်ပင် နိမ့်ချအောက်ကျို့ကာ ချော့မော့ယူရသည်။

ညီမလေးက ရွှင်ရွှင်ပျပျ ပြန်လိုက်ပေမဲ့ ကေဇင်ကတော့ မျက်နှာထား ရှုတင်းတင်း မှုန်သိုးသိုးနှင့် –

(ဘာကောင်မှန်းမသိ။ သူလဲ ဘာကောင်မှဟုတ်တာလဲမဟုတ်ဘဲ၊ ကိုယ်ခြေထောက်ပေါ်တောင် ကိုယ်မရပ်နိုင်သေးတာ ဒါတောင် သူက ရှုတင်းတင်း။ သူ့ကိုပဲ အားလုံးက ကြောက်ရလန့်ရမလို အချိုးမပြေတာ တောက်)

ကျွန်တော် ကေဇင့်ကို မကျေနပ်သမျှ ရင်ထဲကသာ ကျိန်ဆဲဆဲရေးနေရသည်။

မြကလည်း အတော်လျှင်သည်။ ကျွန်တော် သူတို့ကို တစ်ဖက်ရလှည့်နည်းနှင့် ခွဲမှာကြောက်၍ သူ့မောင်ဘက်ကနေ ကာကွယ်ရပ်





တည်ပေးထားသည်။

အပြန်မှာတော့ ညီမလေးက ကျွန်တော်နှင့် ကားနောက်ခန်းက ဝင်ထိုင်သည်။ သူတို့မောင်နှမက ကားရှေ့ခန်းမှာ၊ ကားသမားကလည်း အပြန်ခရီးကို ခပ်မြန်မြန်မောင်းနှင်နေသည်။

"ညီမလေး"

"ရှင် ကိုကြီး"

"နင် ဘယ်လိုကောင်မျိုးကို ယူထားတာလဲဟင်"

ထိုစကားကို ကျွန်တော်သူတို့မောင်နှမ မကြားအောင် ခပ်တိုးတိုးလေသံဖြင့် ကပ်မေးလိုက်ခြင်းပါ။

(တကယ်တော့ ကျွန်တော်တို့စီးလာသည့် ကားက ဂျစ်ကားမို့ စက်သံကပြင်းသည့်အတွက် ကျွန်တော်ညီမလေးကို မေးလိုက်သည့်စကား သူတို့မောင်နှမဘယ်လိုမှ မကြားနိုင်ပါ)

"သူက နည်းနည်းတော့ ဆိုးတယ်၊ ပါးစပ်လဲ ကြမ်းတယ်၊ ဒါပေမဲ့ ညလေးကိုတော့ သိပ်ချစ်ရှာတယ်"

"ညည်းဘဝတစ်ခုလုံးအတွက် သူ့ကိုယုံပြီလား"

ကျွန်တော်မခံချိမခံသာဖြစ်ကာ ရင်ထဲရှိသည့်အတိုင်း ပြောမိခြင်းပါ။

ဒါကို ညီမလေးက ယုံကြည်နိုင်သည့်အပြုံးမျိုးဖြင့် –

"အင်းပေါ့ ကိုကြီးရဲ့ ညလေးတို့နှစ်ယောက်လုံးက မလိုက်ဖက်ပေမဲ့ သေတဲ့အထိ ပေါင်းသင်းသွားကြမယ်လို့ သစ္စာတော်ဆိုပြီးကြပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရလေ –

ကျွန်တော်နှင့် ပတ်သက်လာလျှင် အင်မတန်သိသိပ်လှို့ဝှက်တတ်သော၊ စကားနည်းလှသော ပြန်မပြောနားမထောင် မခံယူချင်မျိုးနှင့် လုပ်ချင်ရာလုပ်လေ့ရှိသော ညီမဖြစ်သူက ခုတော့ မရှက်မကြောက် ဝန်ခံလိုက်လေပြီ။

ကျွန်တော်တောင် အံ့အားသင့်ဇွန်း၍ မှင်တက်မိက တုန်လှုပ်သွားရသည်။

"ညည်း ညည်း နောင်တမရဘူးလား ဟင်"

"ဟင့်အင်း ဘာနောင်တရစရာလိုလဲ ကိုကြီးရယ်၊ သူက ကျန်တဲ့သူတွေအတွက် လူကြမ်း၊ လူမိုက်ဖြစ်ပေမဲ့ ညလေးအပေါ်မှာတော့ကောင်းရှာတယ်"

"ဟုတ်ပြီ သူကဘာလုပ်တတ်လဲ"

"မကောင်းတာအကုန်လုပ်တတ်တယ်"

"ဘယ်လို"

"ဘုရား မကြိုက်တဲ့ကစ္စတွေပေါ့ ကိုကြီး၊ လောင်းကစားမှန်သမျှအားလုံးလုပ်တယ်"

"ဒါဖြင့်"

"အင်း ဟင် သူတတ်တဲ့ပညာနဲ့တော့ ရှာကျွေးရှာပါတယ်"

ဘုရား –

ကျွန်တော်ရင်ကွဲသွားသံကို ကျွန်တော်ပဲပြန်ကြားလိုက်ရလေသည်။ တကယ်တော့ ကျွန်တော်က ညီမလေးက ကောဇင့်လိုလူစား





မျိုးကို စိတ်ကုန်စိတ်ပျက်နေမှာဟု ကျိတ်တွေးကာ စိတ်ပူနေမိခြင်း။ ဒါကြောင့်မို့လည်း ကျွန်တော်ညလေးကို အုပ်မိုးကာကွယ်ပေးချင်ခဲ့မိခြင်း။

သို့သော်

ညီမလေး၏ အချစ်ကပြောင်ပြောက်လှစွာ သတ္တိတွေ၊ ရဲရင့်မှုတွေလည်းရှိနေတာကို ကျွန်တော်က အံ့သြစွာ နာကျင်မဆုံးနိုင်။

"ညည်းနည်းနည်းလေးမှ ဒီကောင်ကို စိတ်မပျက်မိဘူးလား"

"– – –"

ကျွန်တော့်အတွက် ဒါနောက်ဆုံးမေးခွန်းပင် ညီမလေးက ရှက်ကိုးရက်ကန်းပြုံးပြကာ –

"ဟင့်အင်း ညလေးတစ်ဘဝလုံးအထိ သူ့ကို ချစ်နေမိမှာ"

"ဩော်"

ကျွန်တော့်အတွက် မျှော်လင့်ချက်လေးတောင် မရှိနိုင်တော့၊ ညလေးစိတ်ဓာတ်က ပြတ်သား ခိုင်မာနေပြီမို့ ကျွန်တော်အကြီးအကျယ် အံ့သြစွာနာကျင်ရလေသည်။

"ကိုကြီး"

"အင်"

"ညလေးတို့ကို မခွဲပါနဲ့နော်"

"အင်း"

"ညလေး အိမ်ကထွက်သွားကတည်းက ကိုကြီးရဲ့စေ့စပ်ပွဲကိုတောင်ဖျက်ပြီး ညလေးနောက်လိုက်ရှာနေတာကိုသိပြီး ညလေးအပေါ်



www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့ ကိုကြီးရဲ့မေတ္တာနဲ့ စေတနာကိုယုံပါပြီ ကိုကြီးရယ်'"

"အင်းပါကွာ"

ညီမလေးက တစ်ခါဖူးမှ ကျွန်တော့် မေတ္တာစေတနာကို သဘောပေါက်သူမဟုတ်။ ခုမှ မျက်ရည်လေး တလည်လည်နှင့် စကားတွေလည်း အများကြီးပြောနေလေပြီ။ (အရင်က အင်မတန် စကားနည်းတဲ့ ညီမလေးရယ်ပါ၊ ခုတော့ အသက်အရွယ်နှင့် မလိုက်အောင် ရင့်ကျက်သွားသလိုလို၊ အင်း ဒါတွေဟာ ညလေး အချစ်ဆိုတာကြီးကြောင့် ပြောင်းလွဲသွားတာပဲဖြစ်မည်ပေါ့လေ)

ကျွန်တော် ညီမလေးတို့ကို ဘယ်လိုနည်းမျိုးနှင့်မှ ခွဲလို့မရတာ သေချာသည်။

"လူမိုက်မို့၊ လူညံ့တွေမို့ သဘောမတူနိုင်ပါဘူး"

ဟုဆိုကာ သူတို့ကို ပြန်ခွဲဖို့ဆုံးဖြတ်လာသည့် ကျွန်တော့် ရည်မှန်းချက်လည်း မြကြောင့် လုံးလုံးပျောက်ကွယ်ရလေပြီ။

မြတို့နှင့် နီးနီးကပ်ကပ်ပေါင်းသင်းဆက်ဆံကြည့်မှ သူတို့လို လူမျိုးတွေဟာ တစ်ယောက်ကိုတစ်ယောက် အရမ်းသစ္စာကြီးကြီးထား တတ်ကြကြောင်း။ တစ်ယောက်ကောင်းကျိုးအတွက်ဆိုလျှင်တောင် တစ်ယောက်က အသေခံဖို့အဆင်သင့်ရှိနေကြောင်း၊ အမြဲလိုလိုသူတို့၏ စိတ်ကူးစိတ်သန်းတွေက မြင့်မားနေတတ်ကြောင်း ကျွန်တော်သိပြီး သိမြင်ခဲ့ရပြီ။

မြ၏ ဖေဖေဆိုလျှင် အမြဲတောလိုက်ထွက်တတ်သည်။ သူအမဲ ပစ်ပြီးပြန်လာလျှင် တောဝက်၊ ဒါမှမဟုတ် ဂျီ၊ သို့မဟုတ် ဆတ်လို





အကောင်မျိုးကြီးတွေ ပါလာတတ်သည်။

သားကောင်တွေ၏ သားရေဖျက်လျှင် မြတို့မိသားစုက တခြားသူတွေကိုမခိုင်း၊ သူတို့ကိုယ်တိုင် မရွံ့မရှာ၊ မကြောက်မရွံ့ ပျော်ပျော်ပါးပါး လက်ယဉ်စွာ ကိုင်တတ် ခုတ်ဆေးကြောသန့်စင်တတ်ကြသည်။

အဲဒီအခါမျိုးတွေဆို အသက်သတ်လွတ် အမြဲမကြာခဏစား လေ့ရှိသည့် ကျွန်တော့်မှာ ထိုသွေးသံရဲရဲမြင်ကွင်းကို မကြည့်ရဲလောက်အောင် သုတ်ချေတင်ပြေးခဲ့ရလေသည်။

တကယ်တော့ ကျွန်တော်နှင့် ဒြတို့မိသားစု၏ စရိုက်အကျင့်၊ အယူအဆတွေက လုံးဝ ဆန့်ကျင်ဘက်တွေချည်းပင်။

သို့သော် –

ကျွန်တော်က ယောက်ျားပီသစွာ သိပ်လှသောမြကို ချစ်မိပါသည်။

ကျွန်တော့်အတွေးတွေဖြင့် ကျွန်တော် မရှုနိုင်မကယ်နိုင်ဖြစ်ကာ သက်ပြင်းအကြိမ်ကြိမ် ချနေရပြီ။

ကလေးမြို့ထဲ ပြန်ရောက်ခဲ့ကြပြီး မြတို့အိမ်ရှေ့ရောက်တာနှင့် ကျွန်တော်ကားပေါ်မှဆင်းလိုက်သည်နှင့် ကေဇင့်ပခုံးကိုပုတ်လိုက်ကာ –

"ကဲ ငါ့ညီမ ငါအိမ်ထဲမဝင်တော့ဘူး။ မင်းတို့လဲ ကိုယ့်အိမ်ကိုယ်ပြန်ရောက်ပြီပဲ၊ ငါစိတ်အေးပါပြီ၊ ငါလောလောဆယ်တော့ ရန်ကုန်မပြန်သေးဘူး၊ မင်းတို့ကို မင်္ဂလာဆောင်ပေးပြီးမှ ပြန်မယ်"

"ခုလောလောဆယ် မင်းတို့ လိုအပ်တာဝယ်ခြမ်းဖို့ ငွေ



www.burmeseclassic.com

www.burmeseclassic.com



တစ်သိန်းယူထား"

"အိုကေလေ"

ကောဇင်က တစ်ထောင်တန် အသစ်တစ်အုပ်ကို နှာခေါင်းနှင့် သေသေချာထိအပ်ကာ ရှုတ်ခနဲ တစ်ချက်နမ်းရှုပ်လေသည်။

"ညီမလေး"

"ရှင် ကိုကြီး"

"လိမ်လိမ်မာမာနေနော်၊ ကောဇင် မိဘတွေကိုလဲ ရိုသေရမယ်၊ စကားနားထောင်ရမယ်၊ လေးစားရမယ်နော် ကြားလား"

"ဟုတ်"

"ကိုကြီး မကြာမကြာလာကြည့်မယ်၊ ညီမလေးတို့ကို မင်္ဂလာဆောင်ပေးပြီးတာနဲ့ ကိုကြီးလဲ ပြန်မယ်ဟုတ်လား"

"ကျေးဇူးပဲ ကိုကြီး"

"မလိုပါဘူးကွာ"

ကျွန်တော် သူတို့နှစ်ယောက်ပခုံးကို ပုတ်ပြီး မြဆီလျှောက်လာခဲ့သည်။ မြ ပုံစံကမတုန်မလှုပ်၊ မလှုပ်မယှက်နဲ့ ကားနားမှာ ရပ်နေသည်။

ပြီးလျှင် မြက ကျွန်တော်ကို စိတ်ဆိုးပြေချင်ဟန်မကုန်ဘဲ တစ်ချက်စိုက်ကနဲ ကြည့်ကာ–

"ကို"

"ရှင် ရန်ကုန်ပြန်ပြေးဖို့စိတ်မကူးနဲ့ မရဘူးမှတ်၊ ကျွန်မနဲ့ လက်ထပ်သွားရမယ်"





"ဟင်"

မေနဲ့ မြကို ကျွန်တော်လိပ်ပြာပင် လွင့်စဉ်သွားမတတ်ကြောက်ခဲ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

ဝမ်းနည်းစရာ ကောင်းတာက ညီမလေးခမျာ သူ့ယောကျ်ား စရိုက်ဆိုးတွေပါ ကူးစက်နေခဲ့ပြီကို တွေ့မြင်လာရသည်။

ကေဇင်က နဂိုကတည်းက အရာရာကို လေးလေးနက်နက် မတွေးတတ်ဘဲ လောင်းကစားမျိုးစုံဖြင့် ဘဝကိုအလွယ်ကလေးဖြတ်သန်းတတ်တာကို ညီမလေးကပါ ဆုံးမပဲ့ပြင်မယူဘဲ ကေဇင်နှင့်အတူ လိုင်မီးအရက်လည်းသောက်၊ ခိုင်နီးလည်းငုံတတ်လာခဲ့သည်။

ကျွန်တော်ညီမဖြစ်သူအတွက် နမြောတသစွာ ခံစားရသည်မှာ တနင့်တပိုးပင်။

သူတို့လင်မယားနှစ်ယောက်စလုံး လောင်းကစားအလုပ်တွေကိုသာ လုပ်တော့သည်။ နိုင်တာနှင့် ကုန်အောင်သုံးဖြုန်းတတ်ကြကာ ရှုံးတာနှင့် ဟိုကချေး၊ ဒီကလှည့်နှင့် ဘာကိုမှ ပူပန်ကြောင့်ကြမှုမထားကြတော့။





မြတ်တို့လည်း အလိုလိုက်လွန်းလေသည်။ ကျွန်တော့်မှာ ညီမလေး အတွက်စိတ်ကူးမျှော်လင့်ခဲ့တာ အများကြီးပါ။ သို့သော်–

ကျွန်တော်မြင်တွေ့လိုက်ရသည်က ညီမလေးဟာ ပေါ့ပျက်ပျက်နှင့် ပေါ့ပေါ့နေ ပေါ့ပေါ့စားလူတန်းစားဖြစ်ခဲ့ပြီ။

ဘယ်လောက်ထိလဲဆိုရင် သူတို့အိမ်မှာတောင် မိသားစုအပျော် တစ်ပွဲကြေးနှင့် ဖဲကစားနေကြသည်ထိပင်။

ဘာဖြစ်လို့လဲဟု ကျွန်တော်စဉ်းစားမိတိုင်း အချစ်ဆိုသည့် အရာကြီးက ညီမလေး၏ ဘဝနုနုလေးကို ပြုပြင်ပြောင်းလဲပစ်လိုက်ခြင်းဖြစ်လိမ့်မည်။

ပိုဆိုးတာက ကေဇင့်အတွက် အမြဲလိုအပ်နေသော ငွေတွေက ကျွန်တော်မှာရှိနေတတ်တာကို သူသိလေသည်။

"ပိုက်ဆံပြတ်နေပြီ"

"စီးပျက်တယ်ကွာ၊ အဲဒီပွဲက ငွေနဲ့ ထပ်ရိုက်လိုက်ရင် ပိုက်ဆံက သဲခနဲပဲ"

ဆိုတာမျိုးတွေကို ကျွန်တော်ရှေ့ မကြာခဏပြောတတ်လာသည်။ ကျွန်တော်ဘာမှ ပြောချင်စိတ်မရှိသဖြင့် ငြိမ်နေလိုက်လျှင်–

"ညီမလေး မင်းအစ်ကိုနဲ့မင်းက ရန်ကုန်ကဆိုင်ကိုတူတူပိုင်ကြတာမလား၊ ခုမင်း မလုပ်နိုင်သေးလို့ မင်းအစ်ကိုက ဦးစီးနေရတာလေ၊ ဒီလိုလုပ်လေ မောင်တို့လဲအိမ်ထောင်သည်တွေဖြစ်ကုန်ကြပြီ၊ လစဉ်ဝင်ငွေတစ်ခုရှိမှ ငွေမပြတ်မှာ၊ ဒီတော့ လကုန်တိုင်း မင်းအစ်ကိုကို ဆိုင်ရဲ့အမြတ်တစ်ဝက်ခွဲခိုင်းပေါ့၊ မောင်က တရားမျှတအောင်ပြော



www.burmeseclassic.com

www.burmeseclassic.com



တာနော်"

"ဟင်"

ခနဲ ကျွန်တော်ဒေါသထောင်းခနဲ ထွက်သွားရသည်မှာ တစ်ကိုယ်လုံးတုန်ယင်သွားသည်ထိ။

ညီမလေးကတော့ သူ့ယောကျ်ားစကားအတွက် မျက်နှာပျက်ကာ ငြိမ်သက်ကျသွားသည်။

ကျွန်တော့်မှာ ဟော့ကောင်ဟု ရုတ်ခနဲ နေအောင်ဆောင့်ဆွဲကာ စိတ်ရှိလက်ရှိထိုးပစ်ချင်ပေမယ့် မြက ကျွန်တော့်ကိုကြည့်နေသည်။

တကယ်တော့ ကျွန်တော်တို့ဆိုင်ကလေးက ဖေဖေနှင့် မေမေ၏ လက်ငုပ်လက်ရင်း ဆိုင်ကလေး၊ မိဘတွေဆုံးပါးသွားကြချိန်မှာ ညီမလေးကလည်း ငယ်သေးသည်မို့ ကျွန်တော်ပဲဦးစီးပြီး ဆက်ပြီး ထိန်းသိမ်းစောင့်ရှောက်ခဲ့ရခြင်း။

(ဒါကို အလုပ်မလုပ်ချင်ဘဲ ပါးစပ်လှုပ်ရုံနှင့် ငွေရပေါက်ကိန်းကိုသာ တွက်လေ့ရှိတတ်သည့် ကောင်ကတော့ လောင်းကစားသမားပီပီ နှုတ်ရဲခဲ့လေပြီ။

အံ့ဩစရာကောင်းတာက ညီမလေးက သူ့ယောကျ်ားဘာလုပ်လုပ် ဘာပြောပြော တစ်ခွန်းမှမဟန့်ဘဲ နေသားတကျရှိနေသူလို ပုံစံမျိုးဖြင့် ရပ်တည်နေခြင်း)

တကယ်တော့ ညီမလေး၏ ဖြူစင်သော စိတ်ဓာတ်တွေကို အချစ်ဆိုတာကြီးကြောင့် ကျကျနနပျက်စီးခံခဲ့ရခြင်း ဖြစ်လိမ့်မည်။





ကျွန်တော့်မှာ ညီမလေးမျက်နှာမငယ်ရအောင် မင်္ဂလာလည်း ဆောင်ပေးခဲ့ပြီးပြီ၊ လိုအပ်သည့် ငွေတွေလည်း မကြာခဏထုတ်ပေးခဲ့ပြီးပြီ။

သို့သော်–

သူတို့လင်မယားက ရေလိုလေဖြစ်နေတာ၊ ဘာကိုမှ လေးလေးနက်နက်မတွေးခေါ်ဘဲ ငွေကိုသာ လွယ်လွယ်ရချင်နေကြသည်။

ထို့အတွက် ကျွန်တော်ဝမ်းနည်းစွာ စိတ်ထိခိုက်ရလေသည်။

ထိုအခါ ကျွန်တော် ရန်ကုန်ပြန်ဖို့ပဲ စဉ်းစားဆုံးဖြတ်လိုက်တော့သည်။

"ဘယ်လို ကိုကို ရန်ကုန်ပြန်မယ်ဟုတ်လား"

"အင်း"

"ကျွန်မကရော"

"အင်"

မြ မျက်နှာမှာ ရှန်းကြွပေါက်ကွဲထွက်လာသည့် ဒေါသတွေ၊ မခံချင်စိတ်တွေကို တွေ့နေရသည်။

ကျွန်တော့်ကိုလည်း မီးဝင်းဝင်းတောက်နေသည့် မျက်လုံးတွေဖြင့် စူးစူးရှရှစိုက်ကြည့်နေသည်။

"ကို ခဏပြန်တာပဲ၊ ရန်ကုန်မှာဆိုင်ကြီးပစ်ထားတာ ကြာပြီလေ၊ ဆိုင်ကိစ္စအတွက်ကို ပြန်ရမှာပေါ့"

"ဆိုင်ကိစ္စတစ်ခုတည်းအတွက် ဟုတ်ရဲ့လားကို၊ မြိုမိန်းမ မေမင်းပိုင်ကို ပြန်ချော့ဖို့အတွက်ရော မပါဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

မြက ထိထိရောက်ရောက်ကို ထိုးနှက်ချလိုက်ခြင်းပင်။ ကျွန်တော် ဖြေရှင်းလိုစိတ်မရှိသဖြင့် မျက်နှာကို တစ်ဖက်လှည့်နေလိုက်သည်။

(မေကတော့ ခေစပ်ပွဲ ပျက်သွားရတာကို ဘယ်လောက်စိတ်ထိခိုက်နာကျင်ခံပြင်းနေမည်မသိပေ။ ကျွန်တော်သူမဘဝကို ခြေမွလုံးထွေးပစ်လိုက်ပြီဟု နာကျင်မဆုံးရှိနေမှာ သေချာလေသည်။)

ကျွန်တော့်ကို ဘယ်လောက်ထိမုန်းနေမလဲဆိုတာ ကျွန်တော် ရန်ကုန်ပြန်ရောက်သည့်ချိန် ရင်ဆိုင်ရတော့မည်ဖြစ်သည်။

"ကို ကျွန်မပြောတာရော ရှင်ကြားရဲ့လား"

"စိတ်မပူပါနဲ့မြ၊ ကိုယ်တို့ပြတ်သွားကြတာ သေချာပါတယ်၊ သူကိုယ့်ကိုသတ်ပစ်ချင်လောက်အောင်ကို မုန်းနေမှာ သေချာတယ်"

"ရှင့်ကို မမုန်းဘဲနဲ့ချစ်နေသေးတယ်၊ ဒီအပြစ်ကြီးကို ခွင့်လွှတ်တယ်ဆိုရင် ရှင်ဘာလုပ်မလဲကို"

ကျွန်တော်ဘယ်လိုပြော၍ ပြောရမှန်းမသိအောင် အကျဉ်းအကျပ်ထဲရောက်သွားရလေသည်။

ပြီးတော့မှ သက်ပြင်းတစ်ချက်မသိမသာရှိုက်လိုက်ပြီးလျှင်-

"မဖြစ်နိုင်ဘူး မြ၊ ဘာလို့လဲဆိုတော့ သူတစ်သက် ဒီလောက်ရှက်စရာကောင်းတဲ့အဖြစ်မျိုး တစ်ခါမှကြုံဖူးတာမှမဟုတ်ဘဲ။ ကိုယ့်ကိုသတ်ပစ်ချင်လောက်အောင် မုန်းနေမှာဆိုတာ သိပ်သေချာတယ်"

"မထင်ဘူး ကျွန်မ အဲသလိုမထင်ဘူး၊ ကိုကို သူစောင့်နေလိမ့်





မယ်၊ ပြီးတော့ ကိုကိုမမုန်းနိုင်တာလဲသေချာတယ်"

"ဘာ ဘာဖြစ်လို့လဲ"

ကျွန်တော် ဆတ်ခနဲ တုန်ယင်သွားသည်ထိ မြပြောမည့်စကားကို စိတ်ဝင်တစားငေးကြည့်မိသွားသည်။

"ဘာဖြစ်လို့လဲဆိုတော့ ကျွန်မကိုယ်တိုင်တောင် ကိုကို မခွဲနိုင်အောင်ချစ်မိပြီကိုး"

ကျွန်တော်ထိတ်ခနဲ ရင်တစ်ချက်ပူသွားကာ ငြိမ်သက်သွားရလေသည်။

"မေ မေမင်းပိုင်"

"မြ နေခြည်မြမြ"

မြတ်စွာဘုရားရေ ကျွန်တော်ဒီမိန်းမနှစ်ယောက်ကြားမှာ ဘယ်လို ရုန်းထွက်ရပါ့မလဲ။

"ကို"

"ကိုက ရောဟင်"

"ကိုကို မြချစ်ပါတယ်"

"မယုံဘူး ကိုက ကျွန်မကိုရော သူ့ကိုရောချစ်နေတာ"

ကျွန်တော်အသက်ကင်းမဲ့သွားရလေပြီ။

"ကို ဘယ်သူ့ကိုမှ မစွန့်နိုင်ဘူးမဟုတ်လား၊ ကျွန်မပြောတာမဟုတ်ရင် ငြင်းနိုင်တယ်ကို ငြင်းပါ"

ကျွန်တော့်နှုတ်ခမ်းတွေပင် တင်းတင်းစေ့ပိတ်နေခဲ့ပြီ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတို့ မိန်းမသားဆိုတာ သိပ်အတ္တကြီးကြတယ်၊ တစ်ကိုယ်ကောင်းလဲဆန်တယ်၊ ပြဿနာတစ်ခုကို ဝုန်းဒိုင်းကြဲပြီး ဖြေရှင်းပစ်တတ်ကြတယ်၊ ပြင်းပြင်းထန်ထန် ချစ်တတ်ကြတယ်၊ ပြီးတော့ နင့်နင့်နဲနဲ မုန်းတတ်ကြတယ်"

"____"

အေးခဲမာကျောစွာ ပြတ်သားမှုအပြည့်ဖြင့် ရဲရင့်နေလေ သည်။

ကျွန်တော်ငြိမ်သက်စွာ အသက်ကို မှန်မှန်ရှူနိုင်ဖို့ မနည်းကြိုးစားရလေသည်။

"မြ"

"ဘာလဲကို ကိုပြောချင်တာပြောပါ၊ ကျွန်မနဲ့ပတ်သက်လာရင် ဘယ်တော့မှမထိန်ချန်နဲ့၊ ကျွန်မက ပွင့်ပွင့်လင်းလင်းပဲ ပြောတတ်တယ်"

"ကို့ကို ပြန်ခွင့်ပြုပါ၊ ကိုသွားလိုက် ပြန်လိုက်ရှိနေမှာပါ၊ ကို့ကို စိတ်ချပါ"

"ကျွန်မကရော ဒီအတိုင်းကျန်ခဲ့ပေးရမှာလား ကို"

"ခဏတော့ ခွဲကြတာပေါ့ မြရယ်နော်"

"ဝမ်းနည်းပါတယ်ကို ပြန်လို့မရဘူး ကို့ကို ပြန်ခွင့်မပြုနိုင်ဘူး"

"အကယ်၍ပြန်သွားမယ်ဆိုရင် ကျွန်မကို ဘုရားကျောင်းမှာ လက်ထပ်သွားရလိမ့်မယ်၊ ပြီးရင်ကိုပြန်တော့ ရပြီ"

"မြတ်စွာဘုရားရေ"

ဟုကျွန်တော့်ရင်ထဲက အရာအားလုံး အထိတ်တလန့် ထ





ခေါက်ကွဲ ကုန်တော့သည်။

မြက လှပသောနှုတ်ခမ်းလေးကို စုချွန်ကာ ခေါင်းမော့စွာပြုံးနေလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

တကယ်တော့ အစကတည်းက ကျွန်တော်မကောင်းခဲ့ခြင်းပါ။ ကျွန်တော်ရည်းစားတစ်ယောက်ရပြီး ဘယ်လောက်မှမကြာသေးခ မှာ နောက်ထပ်ရည်းစားတစ်ယောက်ထားမိခဲ့ခြင်းပင်။

ကံဆိုးတာက ကျွန်တော်ချစ်တဲ့ မိန်းမနှစ်ယောက်စလုံး ကျွန်တော်တုန်နေအောင် ကြောက်ရခြင်းပါ။

ထိုမိန်းမတွေက ကျွန်တော့်အပေါ် အနိုင်ယူကြ၊ ဗိုလ်ကျတ ကြပြီး ကျွန်တော်ကတော့ ဘာကိုမှ ပွင့်ပွင့်လင်းလင်းထုတ်မပြောရဲလော အောင် သူတို့တွေကို ကြောက်ရသူလည်း ဖြစ်နေပြန်တယ်။

အမှန်တကယ်ပါဗျာ။

ထိုမိန်းမနှစ်ယောက်ထဲကနေ ဘယ်သူ့ကိုမှ လက်မထပ် လောက်အောင် ကြောက်နေမိတော့တာပါ။

ကျွန်တော့်မှာ ရန်ကုန်မပြန်လို့လဲမရ၊ အလုပ်တွေ ပစ်ထားအ လည်းကြာပြီ။ ပြီးတော့ ဘယ်သူ့ကိုမှ အဆက်အသွယ်မလုပ်ခဲ့၍လည် အားလုံးက မျှော်လင့်တကြီးနှင့် စောင့်စားနေကြလိမ့်မည်။





ရန်ကုန်ပြန်မည်ဆိုတော့လည်း မြကသူမကို ဘုရားကျောင်းမှာ လက်ထပ်ပြီးမှ သွားရမည်တဲ့။

ကျွန်တော် မြလို ဒေါသကြီးလွန်းပြီး အတ္တကြီးသော မိန်းမတစ် ယောက်ကို ဘယ်လိုလက်ထပ်ရမှာလဲနည်း။

ကျွန်တော်မြကို လက်မထပ်ရဲပါ။

မေ့ကိုလဲ လက်မထပ်ရဲပါ။

ကျွန်တော် ထိုမိန်းမနှစ်ယောက်လက်ထဲက လွတ်အောင်ပြေး ဒီကမ္ဘာကြီးပေါ်မှာ မြေနေရာမရှိတော့ဘူးထင်သည်။

ကျွန်တော့်မှာ ကြာလေကြောက်ရလေ ဖြစ်လာသလို ကျွန်တော့် အတွက်တော့ စိတ်အနှောင့်အယှက်ဖြစ်စရာ မြင်ကွင်းတွေက စောင့် ကြိုနေတတ်လေသည်။

ခုဆို –

ညီမလေးပင် ဖဲရိုက်တတ်ခဲ့ပြီ။ ကျွန်တော့်ကို မြင်တာနှင့် ညီမလေးယောကျ်ားက ဘဏ်တိုက်ကြီးတစ်တိုက်လို၊ သို့မဟုတ် ကြက်ရလွယ်သည့် ငွေတွင်းကြီးလို ကစားနေရင်းမှ ညီမလေးကို အားတိုးလှမ်းပြောတတ်သည်။

ထိုအချိန်တွေဆို ညီမလေးက ကျွန်တော့်ရှေ့မျက်နှာငယ်လေး နှင့် ရောက်လာကာ ငွေတောင်းတော့သည်။ သူမယောကျ်ားကတော့ ကျွန်တော်မပေးဘဲ မနေရဲလောက်အောင် မိုက်တိမိုက်ကန်းမျက်နှာ နှင့် ထိမထင်စွာ ကြည့်နေတော့သည်။

“မြ နေခြည်မြမြ”



www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရားရေ ကျွန်တော်ဒီမိန်းမနှစ်ယောက်ကြားမှာ-

"ဟော့ ညလေး လာလေကွာ မရဘူးလား"

"ခဏလေး"

"ကျွတ် ကြာတယ် ဒီမှာ ငွေပြတ်သွားပြီ"

"ကိုကြီးပေးမှာပါ ခဏလေးနော်"

ကေဇင်က ကျွန်တော့်ကို ဒူးနန့်ကာ ရန်လိုသလိုကြည့်နေသည်မို့ ကျွန်တော့်စိတ်ထဲ ထောင်းခဲဖြစ်သွားရပေမဲ့ ညီမလေးမျက်နှာန မျိုသိပ်လိုက်ရသည်။

ဆိုးရွားတာက မြတို့တစ်အိမ်သားလုံးက ကေဇင့်ဆို အစွမ်းကု အလိုလိုက်ကြခြင်း၊ ဘာကိုမှလည်း မဆုံးမတတ်ကြ၊ ကြာတော့သူ မိသားစုထဲ ညီမလေးရောက်ရသည်ကို ကျွန်တော်က စိုးရိမ်ကြောင်ကြ ကြီးစွာ ထိတ်လန့်နေရခြင်းဖြစ်သည်။

သို့သော် ကျွန်တော့်စိုးရိမ်စိတ်ကို ကျွန်တော်စိတ်ထဲမှာပဲထာ လေသည်။

"သူ ဘယ်လိုလုပ်ကွာ ဘာလဲ မရဘူးလား၊ မရရင်လဲထားလိုက် တောင်းမနေနဲ့"

"ကေဇင် မင်းကို မနေ့ကပဲ ငါနှစ်သောင်းပေးခဲ့တယ်လေကွာ မင်းတို့က အားအားရှိ ငါ့မြင်တာနဲ့ ပိုက်ဆံပဲတောင်းချင်နေကြတာ ပဲလား"

"ဘာဗျ၊ ခင်ဗျားက ပေးရလို့ဆိုပြီး အထက်စီးက အကြော ကြီးနဲ့ ပြောတာလား။ ကျွန်တော်တို့တောင်းတာ မုန့်ဖိုးပဲရှိတာ





ခင်ဗျားတစ်ယောက်တည်း မောင်ပိုင်စီးထားတဲ့ ငွေတွေနဲ့ဆိုရင် အဖျားခတ်ရုံလေးပါဗျ၊ ဘယ်လိုဖြစ်တာလဲ နှမြောနေရင်မပေးနဲ့"

"ဘာကွ မင်း မင်းမိုက်ရိုင်းလှချည်လား"

ကျွန်တော်ရှေ့ထိ မထင်ဟန်ဖြင့် လျှောက်လာသည့် ကေဇင့်ကို ကြည့်ပြီး ကျွန်တော်ဒေါသကို မထိန်းချုပ်နိုင်တော့။

"ကဲကွာ မိုက်မိုက်ရိုင်းရိုင်းပြောဦး"

"ဟင် မလုပ်နဲ့ မလုပ်ပါနဲ့။ ကိုကြီး အမလေး မောင့်ကို မလုပ်ပါနဲ့"

ကျွန်တော့်မှာကေဇင်အင်္ကျီရင်ဘတ်ကို စုဆောင့်ဆွဲကာ မေးရိုးတည့်တည့်ကို အားနှင့်ပစ်ထိုး၊ လက်သီးဖြင့်ရွယ်ရုံရှိသေး ညီမလေးက အသံပြာအောင် အော်ဟစ်တားမြစ်လေသည်။

"ခင်ဗျား ထိုးရဲလား"

"ကေဇင် တော်တော့ မင်းပါးစပ်ပိတ်တားစမ်း၊ သွားမင်းနေရာ ခင်းပြန်ထိုင်"

မြက သူ့မောင်ထိလျှင် ဆတ်ဆတ်ခါနာတတ်သူပီပီ ဒေါသ တွေပြည့်သိမ့်နေသောအသံဖြင့် တားမြစ်ကာ သူ့မောင်ကို ဆောင့်တွန်း စ်သည်။

ကျွန်တော့်မှာ နေရာတကာ မြက ကာဆီးကာဆီးဝင်လုပ်တတ် သဖြင့် ကေဇင်ကို ဆိုဆုံးမခွင့်မရပါ။ ဒါကြောင့်မို့လည်း ကေဇင်က တစ်အိမ်လုံး အလိုလိုက်ခံထားရသူပီပီ အရမ်းဆိုးမိုက်နေခြင်းပင်။

"ခင်ဗျား သတိထား၊ နောက်မပေးချင်ရင်မပေးနဲ့ အကြောကြီး



www.burmeseclassic.com

www.burmeseclassic.com



နဲ့တော့ လာမပြောနဲ့ ခင်ဗျားနောင်တရသွားရမယ်"

"ဟော့ကောင် ငါမြရှိနေလို့ တော်လိုက်တာနော် မင်းယဉ်ကျေးစမ်း၊ ငါက အပြစ်တင်နေတာမဟုတ်ဘူး၊ တရားလွန်နေလို့ ပြောတာကွ"

"အေးပါ ဟုတ်ပါတယ်၊ ခင်ဗျားပေးထားတဲ့ ပိုက်ဆံတွေ ပြန်လိုချင်ရင် အကြွေးစာရင်းထဲမှတ်ထားလိုက်၊ ဒီဘဝတော့မဟုတ်ဘူး နောင်ဘဝဆို ပြန်ဆပ်မယ်ဟုတ်လား၊ ဟားဟားဟား ရယ်ရတယ်"

"ဂူး အူး ဟူး"

"တောက်"

ကျွန်တော်ဘယ်လိုက ဘယ်လို ကေဇင့်ဆီရောက်သွားမှန်း မသိတော့ ဒေါသပြည့်ဖြင့်အားပါနေသည့် လက်သီးဖြင့် ကေဇင့် မျက်နှာကို တည့်တည့်ထိုးချပစ်လိုက်တော့သည်။

"ခွပ်"

"အ"

"ဟင် မောင်"

"အို မောင်လေး"

"ရန်မဖြစ်နဲ့ ရန်မဖြစ်ကြပါနဲ့ဗျာ၊ ခင်ဗျားတို့ ဒေါသတွေ လျှော့မှပေါ့ဗျာ"

ဖဲဝိုင်းကလူတွေပင် မနေနိုင်တော့ပဲ ကျွန်တော်တို့ဆီပြေးလာကာ တစ်ယောက်တစ်ဖက်စီ ဝိုင်းဆွဲပြီးတားတော့သည်။

"ကို ရှင် ဘယ်လိုလုပ်လိုက်တာလဲ ကျွန်မမောင်ကို ရှင်





အဲလောက် လုပ်စရာလိုလို့လား၊ သူပြောတာရိုင်းရင်လဲ ရှင်အငယ်ဆိုပြီး ဖွဲယူစရာမလိုပါဘူး၊ ဒါမိသားစုတွေပါကိုရဲ့၊ တစ်သက်လုံးက ကျွန်မတို့အားလုံး မောင်လေးကို ဖူးဖူးမှုတ်ထားကြတာ။ ခုလိုရှင်လက်သီးနဲ့ထိုးဖို့မပြောနဲ့ အားလုံးကဆို လက်နဲ့တောင်ရွယ်ဖူးတာမဟုတ်ဘူး၊ ခုဟိစ္စ အပါးနဲ့ အနူးသာသိရင် ရှင့်ကို ဘယ်လောက်စိတ်ဆိုးကြမယ်မှတ်လဲ"

"နောက်အိမ်လာရင် ကောင်းကောင်းဝင်ပါကို၊ ပြဿနာမရှာပါနဲ့၊ ဒါ ပထမဆုံးနဲ့ နောက်ဆုံးအကြိမ်ဖြစ်ပါစေ"

မြက၊ ဆတ်ဆတ်ခါနေသဖြင့် ကျွန်တော်ကို ဒေါသတကြီး အပြစ်တင်ချိန်မှာ ကျွန်တော့်ရင်ထဲမှာ ဘယ်လောက်ပဲ ဆူညံပေါက်ကွဲနေပါစေဦး အပြင်မှာတော့ ဘာမှ ပြောချင်စိတ်မရှိပေ။

"လာ မောင် ညလေးဆေးထည့်ပေးမယ်။ ကြည့်စမ်း မျက်လုံးကြီးကို ဖူးရောင်သွားတာပဲ"

ညီမလေးက ကျွန်တော့်ဘက်ကမပါဘဲ သူ့ယောကျ်ားဘက်၊ လက်ကိုခပ်တင်းတင်းဆွဲခေါ်၏။

ကျွန်တော့်ရင်ထဲ က ဒေါသတွေ၊ နာကျင်မှုတွေဟာ ပြောပင်မပြနိုင်တော့၊ ဖျက်ခနဲ ဝုန်းခနဲ တောက်လောင်ခြင်းခံလိုက်ရသည့် မီးပင်လယ်ကြီးထဲ ကျွန်တော်ရပ်နေရသူလို။

"ဒီတစ်ခါတော့ ကျွန်တော်ခံလိုက်မယ် ကိုလင်းဇော်၊ နောက်တစ်ခါဆိုရင်တော့ ခင်ဗျားမလွယ်ဘူးမှတ်၊ ဒါကြွေးပဲမှတ်ထားပါ"

ကေဇင်၏ ဒေါသတကြီး ကြိမ်းဝါးသံကြီးကို ညီမလေးက



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဆင်းရဲစွာ ငိုတော့မလို မျက်နှာလေးနှင့် အိမ်ထဲရအောင်ခေါ်သွားရှာသည်။

“တွေ့လားကို မောင်လေးဘယ်လောက်စိတ်ဆိုးသွားရပြန်လဲ၊ ကျွန်မတို့ သူ့ကိုတစ်သက်လုံးက ဘယ်တော့မှ စိတ်ထိခိုက်ရအောင်၊ ဝမ်းနည်းခံပြင်းရအောင်၊ စိတ်ဆိုးနာကျင်ရအောင် လုပ်ခဲ့ဖူးတာမဟုတ်ဘူး။ လွှတ်လွှတ်လပ်လပ်ပဲ တွေးခေါ်ပြီးကြီးပြင်းစေခဲ့တာ၊ သူ့ခုစိတ်ဆိုးသွားပုံကြီးက ရှင့်အတွက်ကောင်းနိုင်မယ်ထင်လို့လား ကိုရဲ့၊ ပြောပါဦးပြောပါဦးဆို”

ကျွန်တော်လက်မောင်းတစ်ဖက်ကို ဆတ်ဆတ်ခါယမ်းနေသည့်အထိ ဒေါသကြီးစွာ အော်ဟစ်ထုရိုက်နေသည့် မြကို ကျွန်တော်သိပ်စိတ်ကုန်သွားရလေသည်။

“ခင်ဗျားတို့ မဆုံးမလို့ ဒီကောင်မိုက်ရိုင်းနေတာ။ လူကြီးကိုလူကြီးမှန်းမှ မသိတော့တာ၊ ကျုပ်က နှစ်မတစ်ယောက်လုံး ထိုးအပ်ထားရတဲ့အစ်ကိုဗျ၊ ဒီလောက်တော့ ဆုံးမပိုင်ခွင့်ရှိရမှာပေါ့ ဘယ့်နှယ်တောက်”

ကျွန်တော့်ရင်ထဲကစကားတွေ ပွင့်အန်ထွက်ကျလာရအောင် အံကြိတ်ကာ မနည်းထိန်းသိမ်းထားရလေသည်။

နောက်တော့ ကျွန်တော့်ကို မြဘာတွေဆက်ပြောနေသည် မသိတော့။

ကျွန်တော် မြလက်ကို အသာအယာပြန်ဖြုတ်ပစ်ခဲ့ကာ တစ်လှမ်းချင်းလှည့်ထွက်လာခဲ့မိလေသည်။





ကျွန်တော်မခံစားနိုင်လောက်အောင် ထိခိုက်နာကျင်ဝမ်းနည်းနေရလေပြီ။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

ညီမလေးကိုထားပြီး ကျွန်တော် ရန်ကုန်တစ်ယောက်တည်း ပြန်သွားရမည့်ကိစ္စ နောက်ဆံငင်စရာကိစ္စကြီးမို့ ကျွန်တော်သူတို့ အလစ်မှာ ညီမလေးကို တိုးတိုးတိုင်ပင်ခဲ့မိသည်။

"ညီမလေးရယ် ကိုကြီးညီမလေးကို ဒီဘ၀ကြီးနဲ့ထားခဲ့ရမှာ စိတ်မအေးနိုင်လို့ပါ၊ ကောဇင်က ပေါ့ပေါ့နေ ပေါ့ပေါ့စားလောင်းကစား ကလွဲပြီး ဘာမှလုပ်တတ်တဲ့သူမဟုတ်ဘူး..."

"ညီမလေးတို့ဘ၀က ဒီနေ့ဖောင်းလိုက် နောက်နေ့ပိန်လိုက်နဲ့ ပိန်လိုက်ဖောင်းလိုက်ဘ၀ကြီး။ ဘယ်လောက်ရင်လေးစရာကောင်းလဲ ကိုကြီး ညီမလေးကို ကောဇင်လက်ထဲ မထားခဲ့ချင်ဘူးကွာ"

"ဘယ်တတ်နိုင်ပါ့မလဲ ကိုကြီးရယ်၊ ညလေးတို့က လင်မယား ဖြစ်နေကြပြီ။ ကိုကြီးခေါ်သွားတော့ရော သူဘယ်နေမလဲ လိုက်ခေါ် မယ်၊ ပြဿနာရှာမှာပေါ့။ အဲဒီအခါကြရင် ကိုကြီးနဲ့ ညလေးပဲ တစ်ရှက်က နှစ်ရှက်ဖြစ်ရမှာ"





"ဒါဖြင့် ညီမလေးသူ့လက်ထဲမှာ ဒီလိုပဲ တစ်သက်လုံးနေ တော့မလား"

"အင်းပေါ့"

ကျွန်တော့်ရင်ထဲက ၀မ်းနည်းကြေကွဲမှုတွေက ကျွန်တော့်ကို သက်ပြင်းချရုံ တတ်နိုင်လေသည်။

ကောဇင်ကို ဘယ်လိုမှ ဆုံးမပဲ့ပြင်၍မရ၊ ညီမလေးကလည်း မထိန်းမတ်ပေးနိုင်၊ ခုဆို ညီမလေး စိတ်ဓာတ်တွေပင် ပျက်စီးခဲ့ပြီ ဘယ်လောက်အံ့ဩ ရင်နာဖို့ကောင်းလိုက်လဲ။

"ကိုကြီး စိတ်မချလိုက်တာကွာ၊ ဘယ်လိုလုပ်မရမလဲဘယ်လို လုပ်ပေးရမလဲ"

"ရပါတယ်ကိုကြီးရယ် ကိုကြီးသာ စိတ်ချလက်ချပြန်သွားပါ၊ ညလေး သူနဲ့ပျော်နေပါပြီ"

"ဒါပေမဲ့ ကိုကြီးပြန်ရင် မြသိလို့မဖြစ်ဘူး ညီမလေး။ သူ့ကိုလဲလက်ထပ်ပြီးမှ ပြန်ဖို့ပြောနေတယ်"

"အဲဒါကတော့ ကိုကြီးရင်ဘတ်ထဲကဆန္ဒအတိုင်း ဆုံးဖြတ်ပါ၊ ညလေးဘာမှ မပြောလိုပါဘူး"

"မေလဲ ကိုယ့်ကို ဘယ်လောက်ထိ ပြန်တုံ့ပြန်မယ်ဆိုတာ မ တွေးရဲတော့ဘူး"

ကျွန်တော့်လေသံ ခပ်အက်အက်ဖြင့်ပြောပြီး သက်ပြင်းရှိုက် တော့ ဖြုန်းဆို ညီမလေးကျွန်တော့်ရင်ခွင်ထဲ မျက်နှာလေးအပ်ကာ ခိုလှုံလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ညီမလေး"

"ညလေး သိပါတယ်၊ ညလေးသိပါပြီ ကိုကြီးရယ်၊ ကိုကြီးရဲ့ စေ့စပ်ပွဲကိုတောင် ဖျက်ခဲ့တာပဲ၊ ကိုကြီးမေတ္တာဟာ နွေးထွေးလှပါတယ်၊ ဒါပေမဲ့ ညလေး သူ့ကိုချစ်တယ်ကိုကြီး၊ သူ့ကိုညလေး သေတဲ့အထိ ပေါင်းသင်းသွားမှာ သေချာတယ်လေ"

"ညီမလေးရယ်"

ညီမလေးကျောပြင် တသိမ့်သိမ့်လှုပ်လာတော့မှ ညီမလေး ငိုရှိုက်နေပြီဆိုတာ သိရတာ ပြန်ပြီး ပွေ့ဖက်ထားမိသည်။

ကျွန်တော်ကိုယ်တိုင်ပင် မျက်ရည်ဝဲလာခဲ့ပြီ။

ဘာဖြစ်လို့များ ညီမလေးအိမ်ထောင်ရေးကံက ဒီအတိုင်း ဖြစ်လာရတာလဲ။

ဒါ ကံကြမ္မာရဲ့အပြစ်လား။

ကံကြမ္မာအပေါ် အပြစ်ပုံချရမှာလား။

ကျွန်တော့်အလှည့်ကျရင်ရော။

ဘုရား ... ဘုရား။

နဂိုကတည်းက ရည်းစားဘဝနဲ့တင် ကျွန်တော်က ဒင်းတို့ကို ကြောက်နေရသူ၊ လက်ထပ်ပြီးလို့ကတော့ ကျွန်တော်ဆံပင်မွေးပင် ပြောင်မလားမတွေးရဲ။

မြတ်စွာဘုရား။

ကြည့်စမ်း။

ကျွန်တော် "အချစ်"ဆိုတာကို မကြောက်မရွံ့ ဖွတ်တိုးခဲ့ပြီး





မှ လက်ထပ်ခြင်းဆိုတာကို ရှောင်ပြေးတော့မည့်လူစားမျိုး ဖြစ်နေပါရောလား။

"ကိုကြီး"

"ဟင်"

"ရပြီနော် ကိုကြီးရင်ခွင်ဟာ ညလေးအတွက် ဘယ်လောက် အေးမြတယ်ဆိုတာ ညလေးသိပါပြီ"

ညီမလေးက ရှန်းထွက်ကာ ကျွန်တော့်ကိုတစ်ချက်ကြည့်ပြီး အိမ်ထဲပြန်ဝင်သွားလေသည်။

ကျွန်တော့်ရင်တစ်ခုလုံးကတော့ အစိတ်စိတ်အမြွှာမြွှာကွဲအက်ကြေမွနေလေသည်။

သေချာတာ ညီမလေးဘဝကို ကျွန်တော်ဘယ်လိုမှ မကယ်ထုတ်နိုင်တော့ပါ။

ညီမလေးဘဝက အချစ်ဖြင့်အနာသတ်ခံရကာ ထိုဘဝထဲမှာပဲ ညီမလေးကတစ်သက်လုံး ဓာတ်မြုပ်သွားတော့မှာ သေချာလေပြီ။

"ဒါ ဘာလုပ်တာလဲကွ"

"ဟင် မြ"

"ဘာလဲရှင့်ညီမကို စည်းရုံးနေတယ်ပေါ့။ လုပ်မနေနဲ့ ကျွန်မအားလုံးကြားပြီးပြီ၊ ရှင်ဘာဖြစ်လို့ အဲလောက်တောင် အရတာလဲကိုး ရှင့်ညီမက ရှင့်ကို အရေးမလုပ်လို့ဘဲ ကျွန်မမောင်နောက် ကောက်ကောက်ပါအောင် လိုက်လာခဲ့ပြီ၊ ဒါကို ရှင်သိရက်နဲ့ ဘာလို့ သူတို့ ဘွကိုခွဲဖို့ ကြံစည်နေရတာလဲ၊ ဟင် ပြောပါဦး၊ ပြောစမ်းပါ ကိုရဲ့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကိုလဲ ရှင်က တိတ်တဆိတ်ထားခဲ့ဦးမယ်ပေါ့"

ကျွန်တော် မြကို မငြင်းချင်တော့၊ ကျွန်တော့်ရင်ထဲက ဝမ်းနည်းကြေကွဲ စိတ်ထိခိုက်မှုတွေကြောင့် ကျွန်တော်ဘယ်လိုမှ မထိန်းချုပ်နိုင်တော့ဘဲ ဒူးထောက်ကာ မြေကြီးပေါ် ကျဆင်းသွားခဲ့သည်။

"မြ ညီမလေးကို ဂရုစိုက်ပေးပါ"

"ဟင် ကို၊ ဒါဘာလုပ်တာလဲ"

"ကို့ကိုခွင့်လွှတ်ပါမြ၊ ကိုတောင်းပန်ပါတယ်၊ ကို့ကိုလွှတ်ပေးပါ၊ ပြီးတော့ ပြီးတော့ ကို့ကို မြ ကြိုက်သလိုဆုံးဖြတ်လိုက်ပါတော့"

"ဘယ်လို"

"ကိုယ်တို့ လက်ထပ်ဖို့မဖြစ်နိုင်သေးဘူးမြ၊ ကို အချိန်ယူပြီး သေသေချာချာစဉ်းစားချင်တယ်၊ ကို့ကို အချိန်နည်းနည်းပေးပါမြ ကို တောင်းပန်တာပါ"

မြက ဖြုန်းဆို ကျွန်တော် စိစိညက်ညက်ကြေမွသွားနိုင်သည့် အမုန်းအငြိုးတွေနှင့် စိုက်ကြည့်တော့သည်။

ကျွန်တော့်ကို မြဘယ်လိုထင်ထင် ရှိပါစေတော့၊ ဒီလိုနည်းနှင့် တောင်းပန်တာမရလျှင် ကျွန်တော်ဘာကိုမှမမှုတော့၊ ကျွန်တော် ရန်ကုန်ပြန်တော့မည်။

နေ့စဉ် စိတ်ဆင်းရဲစရာ မြင်ကွင်းတွေကို တွေ့မြင်နေရသည့် ဒုက္ခကိုလည်း ကျွန်တော်မခံစားချင်ပေ။





ဖြစ်နိုင်လျှင် ကျွန်တော် ကလေးတစ်ယောက်လို တတွတ်တွတ် ...ဖွဖွ အော်ဟစ်ငိုညည်းနေချင်သည်။

မြကိုလည်း မယုံနိုင်တာ သေချာလေသည်။

"ကြည့်စမ်း၊ ကိုက ကျွန်မကို မယူနိုင်ဘူးပေါ့၊ ကျွန်မကို ...က်မထပ်နိုင်ဘူးပေါ့၊ အဲဒီအတွက် ကိုက ဒူးထောက်တောင်းပန် ...တာပေါ့"

"ခွင့်လွှတ်ပါကွာ"

"ဟင့်အင်း"

"မြ"

"ကျွန်မ ရှင့်ကို ချစ်တယ်ကို၊ ကျွန်မ အဆုံးရှုံးမခံနိုင်ဘူး၊ ...ဒီအတွက် ကျွန်မ ချစ်သူတစ်ယောက်အနေနဲ့ စီရင်ပိုင်ခွင့်ရှိတယ်၊ ...ဒီ ပြန်ခွင့်မရှိဘူး"

"ဒါပေမဲ့ ကို"

"ဝမ်းနည်းပါတယ်၊ ကျွန်မကိုမယူချင်လို့ ဒူးထောက်တဲ့ ...ာကျားကို ကျွန်မက ပိုလိုချင်သွားပြီကို ဟား ဟား ဟား"

"ဟင်"

"ကို"

"ရှင်ထပါ၊ လူမြင်မကောင်းပါဘူး၊ တကယ်ဆို ရှင်မအူမလည် ...ခဲ့တာကို၊ ကျွန်မကသစ္စာတရားကို ကိုးကွယ်တဲ့ မိန်းမလေ..."

"အဲဒီသစ္စာတရားအတွက်ဆို ကျွန်မ ကိုယ့်ကိုယ်ကိုလဲ



www.burmeseclassic.com

www.burmeseclassic.com



သေဝဲ့တယ် သူများကိုလဲသတ်ရဲတယ်”

“မြရယ်”

ကျွန်တော့်ကို မြ မညှာပါ၊ မြပြောနေသည့် စကားတွေက ကျွန်တော့်အတွက်တော့ ဓားတွေ၊ လှံတွေ၊ လက်နက်ပေါင်းစုံ ကျွန်တော့်ခန္ဓာကိုယ်ထဲ ထိုးစိုက်ခံရသလို…

“လာပါ၊ ထပါ၊ ကို ကျွန်မကို ဘယ်တော့မှ ဒူးမထောက်ပါနဲ့၊ ကျွန်မအချစ်တွေကိုလဲ သံသယမရှိပါနဲ့ မကြောက်လဲမကြောက်ပါနဲ့”

ပြောရက်လိုက်တာ မြရယ်၊ မင်းအချစ်တွေကို ငါကြောက်တယ်၊ မင်းအချစ်တွေကို ကြောက်လို့ ငါထွက်ပြေးချင်တာပါ။

မင်းရက်စက်တယ်မြ။

ငါတစ်ကိုယ်လုံးကို သစ္စာဝေရားဆိုတဲ့ကြိုးတွေနဲ့ အထပ်ထပ်တုပ်နှောင်ထားတာ ရက်စက်လွန်းတယ်၊ ငါသေဆုံးတဲ့အထိ မင်းပြစ်ဒဏ်စီရင်မှာလား မြ။

ငါ––အဲလို မင်းလက်ထဲမှာ မသေဆုံးပါရစေနဲ့။

ငါ့ ဘာသာငါ လွတ်လပ်စွာ ရှင်သန်ပါရစေ မြရယ်။

ခွင့်လွှတ်ပါ။ ငါထွက်သွားရလိမ့်မယ်။

တောင်းပန်ပါတယ်ကွာ။

ကျွန်တော့်ရင်ထဲက ထောင်သောင်းမက ရေရွတ်ကာ တိုင်တည်နေမိသည့်စကားတွေကို မြ မကြားနိုင်ပါ။





ကျွန်တော့်ကို မြက လှပသောအပြုံးတစ်ချက်ဖြင့် ညှို့ငင်ကာ ဆက်ကမ်းပေးနေသည်။

“လာပါ ကို”

* * *

www.burmeseclassic.com

www.burmeseclassic.com



# အဆုံး

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အဖြစ်က ဘာနဲ့တူသလဲဆိုရင် မျှော်လင့်ချက်လုံး၀ ပျောက်ဆုံးနေပြီး– နေ့သေမလား၊ ည သေမလား၊ ထိတ်လန့် ချောက်ချားမှုတွေနဲ့ ရင်ဆိုင်နေရသူ သေအံ့မူးမူး လူမမာတစ် ယောက်နှင့်တူသည်။ ဘာဖြစ်လို့လဲဆိုရင် ကျွန်တော့်ချစ်တဲ့ မိန်းမတွေက ကျွန်တော့်ကို အပြိုးတကြီးရက်စက်စွာ အရသာ ရှိရှိ ဒဏ်ခတ်နေကြခြင်းကြောင့်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အတွက်တော့ ကျွန်တော်ချစ်တဲ့ မိန်းမနှစ်ယောက်ဟာ ချစ်စရာ၊ ပြီးတော့ ကြောက်စရာ၊ ပြီးတော့ ဘယ်လိုမှ မမေ့နိုင်စရာ မိန်းမနှစ်ယောက်ပဲဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ရည်းစားနှစ်ယောက်ထားမိပြီမို့"

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

ကျွန်တော် ဘယ်သူတွေကိုမှ အသိထပ်မပေးတော့ဘဲ ဒီမှာ သည်းမနေချင်တော့တာမို့ ရန်ကုန်ကို အမြန်ပြန်ခဲ့ရသည်။

ကံဆိုးချင်တော့ ကျွန်တော် ရန်ကုန်ရောက်ရောက်ချင်း ကျွန်တော့်စာကြည့်ခန်းထဲက အီးမေးလ်ဖွင့်လိုက်ချိန်မှာ မေ ဘက်က ညှပ်ထားသော စာတမ်းတွေက အဆင်သင့် စောင့်ကြိုနေလေသည်။

ကျွန်မကိုချစ်ပြီးမှ နောက်ထပ်မိန်းမတစ်ယောက်ကို ထပ်ချစ်နိုင်တဲ့ယောကျ်ားတစ်ယောက်ကို ကျွန်မအရမ်းအသည်းနာတယ်။

အဲ့ဒီအတွက် ရှင့်ကို ကျွန်မဘယ်တော့မှအလွှတ်မပေးတော့ဘူး၊ ရှင် ကျွန်မကို လက်ထပ်ရလိမ့်မယ်တဲ့။

ကျွန်တော့်နဖူးပြင်ပေါ်ကနေ ချွေးတစ်ပေါက် ကွန်ပျူတာဖန်သားပြင်ပေါ်ကျသွားသည်ထိ လန့်ဖျပ်တုန်လှုပ်သွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း –

ကျွန်တော့ကို မေအလွတ်မပေးပါလား၊ မြကလည်း အလွတ်မပေးပါ၊ ခုကျွန်တော် ကလေးကနေ တိတ်တဆိတ် ပြန်လာခဲ့ခြင်းဖြစ်သည်။

မြ မသိပါ၊ မြသာသိသွားရင် ဟူသည့်အတွေးက ကျွန်တော့်ရင်ကို မီးတောက်မီးစတွေလို ပူလောင်စေသည်။

ခု ကျွန်တော်ရန်ကုန်ပြန်ရောက်တော့လည်း ကျွန်တော့်ကို အခဲမကျေစွာ လက်လွတ်ဆုံးရှုံးမခံဘဲ စောင့်နေသည့် မေ၏ စာတွေကို ဖတ်ခဲ့ရပြီ။

ကျွန်တော်ဘာလုပ်ရမှန်းကို မသိတော့ပါ။ ကျွန်တော့်အဖြစ်က ဘာနဲ့တူသလဲဆိုရင် မျှော်လင့်ချက်လုံးဝပျောက်ဆုံးနေပြီး နေ့သေမလား၊ ညသေမလား တိတ်တိတ်လန့်ချောက်ချားမှုတွေနှင့် ရင်ဆိုင်နေရသည့် သေအံ့မူးမူးလူမမာတစ်ယောက်နှင့်တူသည်။

ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ချစ်တဲ့ မိန်းမတွေက ကျွန်တော့်ကို အငြိုးတကြီးနဲ့ ရက်စက်စွာ အရှုသာရှိရှိ ဒဏ်ခတ်နေကြခြင်းကြောင့် ဖြစ်သည်။

သေချာတာက ကျွန်တော့်အတွက် ကျွန်တော်ချစ်တဲ့ မိန်းမနှစ်ယောက်ဟာ ချစ်စရာ၊ ပြီးတော့ ကြောက်စရာ၊ ပြီးတော့ဘယ်လိုမှ မမေ့နိုင်မည့် မိန်းမနှစ်ယောက်ပဲဖြစ်သည်။

ပို၍ သေချာတာက ကျွန်တော့်မှာ ရည်းစားနှစ်ယောက်ထားမိပြီမို့ လူ့သတ်စင်ပေါ်ရောက်မှ ဒူးတုန်အောင်နောင်တရ ကြောက်နေ





မိသည့် အကျဉ်းသားတစ်ယောက်၏ ခံစားချက်မျိုးတွေနှင့် နောင်တတွေ တနင့်တပိုးရခဲ့ရပြီ–

ကျွန်တော်အခုလို ဟိုပြေး၊ ဒီပြေး ရှောင်ပြေးနေလို့ကတော့ တစ်သက်လုံးအတွက် လွတ်မြောက်နိုင်မည်မထင်။ ကျွန်တော်သတ္တိရှိရပေမည်။ အမှန်တကယ် ကျွန်တော် ထိုမိန်းမနှစ်ယောက်စလုံးကို ကြောက်ကာ ဟိုပြေးဒီပြေးဘဝရောက်နေရခြင်း...

ကျွန်တော်ရဲ့ဝံ့စွာ ရင်ဆိုင်ရဲရပေမည်။ ကျွန်တော့်အမှားအတွက် ကျွန်တော်တာဝန်ယူရမည် ဖြစ်သည်။

ဒီတော့ ပထမဦးစွာ ကျွန်တော်မေ့ကို ရင်ဆိုင်ရဲရမည်။ ထို့ကြောင့် ကျွန်တော် အတန်တန် သတ္တိမွေးကာ မေ့ဆီသွားတွေ့ဖို့ ဆုံးဖြတ်လိုက်မိသည်။

ကောင်းပြီ –

ကျွန်တော်မေ့ကို တွေ့တာနှင့် ဘာပြောရမည်နည်း၊ ဘယ်က စပြောရမည်နည်း–

ပထမဆုံး မေကျွန်တော့ကိုမြင်တာနှင့် ထုနက်ရိုက်ပုတ်ကုတ်ဖဲ့တာကို ကျွန်တော်ခံရမည်။ ဒုတိယတော့ မေကျွန်တော့်အပေါ်ဆုံးဖြတ်ချက်ကို ကျွန်တော်ရင်ဆိုင်ရဲရမည်ဖြစ်သည်။

ကျွန်တော်ပြဿနာကို ကြာရှည်မရှောင်လွှဲချင်တော့။

ကျွန်တော် မေ့ကို ရင်ဆိုင်တော့မည်။

"မေ"

မောင်လာပြီ––



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အိမ်မေးလ်ကို ပြန်ပိတ်ကာ ခပ်သွက်သွက်ထွက်လာခဲ့မိလေသည်။

* * *



## အခန်း(၂)

ကျွန်တော် မေ့ခြံဘက်ရောက်ချိန်မှာ အတော့်ကို မှောင်စပြုနေချိန်ဖြစ်သည်။ ထူးဆန်းတာက အခါများစွာက မေ့အချစ်တော်ခွေးကြီးတွေ မဟောင်ကြဘဲ ခွေးကြီးတွေအားလုံး ခွေးလှောင်အိမ်ထဲရောက်နေကြခြင်းပါ။

ခြံတံခါးကလည်း စေ့ရုံစေ့ထားသဖြင့် ကျွန်တော်အံ့အားသင့်စွာတစ်ချက်တွန့်ပြီး ဝင်လာခဲ့သည်။

အိမ်ကြီးတစ်ခုလုံးလည်း တိတ်ဆိတ်နေသည်။ အိမ်ဖော်မလေးတွေ၏ အရိပ်အရောင်ကို စိုးစဉ်းမျှမတွေ့ရပေ။

"မေ"

ကျွန်တော် ဧည့်ခန်းတဝိုက် တစ်ချက် မျက်လုံးဝေ့ကြည့်သော်လည်း မေ့ကိုမတွေ့ရ။

ထိုအခါ ကျွန်တော့်ခြေလှမ်းတွေက အလိုလိုနေရင်းအပေါ်ထပ်အခန်းတွေပေါ် လှမ်းတက်လာမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ကျွန်တော်လှေကားထိပ်အရောက်မှာ လှေကားနှင့် ကပ်လျက် ခန်းဆီမှ ဝုန်းဒိုင်းကြဲရုန်းရင်းဆန်ခတ်ဖြစ်နေသည့် အသံတွေကို ကြားလိုက်ရတော့ ကျွန်တော်အရမ်းလန့်ဖျပ်သွားရသည်။

"ထွက်သွားစမ်း"

"သွား"

"ဟား ဟား ဟား"

အခန်းတွင်းဆီမှ မေ၏ ထိတ်လန့်ချောက်ချားငိုရှိုက်အော်ဟစ်သံနှင့် ပစ္စည်းတွေနှင့်ကောက်ပေါက်သံ၊ ကွဲသံ၊ ရှသံတွေဆူညံနေသည်။

ကျွန်တော်ဘာကိုမှ မစဉ်းစားတော့ဘဲ တံခါးကို ခြေထောက်နှင့် ပိတ်ကန်ပစ်လိုက်လေသည်။

"ဝုန်း"

"ဟင်"

"ဟာ"

"မေ"

မေက ခုတင်ပေါ်မှ အဝတ်အစား ကပိုကရိုပင်ဖြစ်လျက်ရှိပြီး မေခုတင်နားက ယောကျ်ားတစ်ယောက်ကတော့ ရမ္မက်ဇောတွေဖြင့် အဆီဝင်းပြောင်နေကာ ကျွန်တော့်ကို ဒေါသတကြီးလှည့်ရင်ဆိုင်သည်။

"ဟေ့ကောင် မင်းဘာလို့ဝင်လာတာလဲကွ၊ ငါ့ကိစ္စ မင်းဘာ





ဝင်ရှုပ်တာလဲ၊ မင်းသေပေတော့"

"နေဦး ခင်ဗျား ဘယ်သူလဲ"

"ဟေ့ကောင် ငါဘယ်သူလဲဆိုတာသိချင်ရင် ဒေါ်မေမင်းပိုင် ဆိုတဲ့ မိန်းမကို မေးလိုက်ပေါ့ကွ ဟားဟားဟား"

"မောင်လုပ်ပါ၊ ကယ်ပါဦး၊ မေ့ကိုကယ်ပါအုံး၊ ဒီလူယုတ်မာ မေ့ကို စော်ကားဖို့လာကြံတာ မေ့ကိုကယ်ပါမောင်"

မေက ဖြုန်းဆို ကျွန်တော့်နောက်ကနေ ကျွန်တော့်ခါးဆီသိုင်း ခတ်လိုက်ကာ အတင်းကုပ်ကပ်တွယ်ထားတော့သည်။

"မေ ဒီကောင်က ဘယ်သူလဲ"

ကျွန်တော် မေ့ရှေ့ကနေ မားမားမတ်မတ် ရပ်လိုက်ချိန်မှာ ဆိုလူက သူ့အင်္ကျီရင်ဘတ် သူဆွဲဖြဲကာ အဆီတဝင်းဝင်းမျက်နှာကြီး နှင့် ကြောက်စရာကောင်းစွာ အော်ရယ်တော့သည်။

"ဘယ်သူရမှာလဲကွ၊ ဒီမိန်းမလုပ်လိုက်လို့ ငါထောင်ကျ သွားတာ တစ်နှစ်တိတိကြာတယ်၊ အဲဒီဆိမ့်နေတာပဲ၊ ခု ငါထောင်က ထွက်လာပြီ အဲဒီအကြွေးသူပြန်ဆပ်ရမယ်၊ ငါ အကြွေးလာတောင်း တာကွ၊ ဘာဖြစ်လဲ"

"ဘာ"

ကျွန်တော်တစ်ကိုယ်လုံးက သွေးတွေဖျဉ်းခနဲ ဆူပွက်သွားချိန် မေက ကျွန်တော့်ကို အားကိုးတကြီး ဖက်တွယ်ထားရင်းမှ –

"အဲဒီကောင် ယုတ်မာတယ်မောင် လုပ်ပါ၊ မေ့ကိုကယ်ပါ၊ မေ့ကြောင့် သူထောင်ကျတယ်ဆိုတာလဲ သူမေ့ကို အမြဲလိုက်နှောင့်ယှက်



www.burmeseclassic.com

www.burmeseclassic.com



နေလို့၊ ပြီးတော့ကိုယ်ထိလက်ရောက် ကျူးလွန်လာပြီး စော်ကားလာလို့ မေ ရဲနဲ့ဖမ်းခိုင်းလိုက်တာပါ အဲဒါသူခု...

"မေ မင်းက မင်းကောင်ရောက်လာလို့ အားကိုးနေပြီပေါ့၊ မရဘူးနော်၊ မင်း ငါ့လက်ကမလွတ်ဘူးမှတ်၊ မင်း ငါ့ကို သက်သက်ဒုက္ခရောက်အောင် ထောင်ထဲတွန်းပို့ခဲ့တဲ့မိန်းမ အကြွေးပြန်ယူမယ်၊ အဲဒါမှမှတ်မှာကွ ဘာမှလုပ်ခဲ့ရပဲနဲ့ ထောင်ကျခံလိုက်ရတာ မတန်ဘူး။ ဟာ ခုမှ တန်မှာ ဟား ဟား ဟား"

"ဘာ ဟေ့ကောင်"

ကျွန်တော့်ရင်ထဲက ဒေါသတွေနှင့် လိုလူမျက်နှာ တည့်တည့်ကို တအားဆွဲထိုးပစ်လိုက်သည်။

"ဟာ"

"မောင်"

"ရဲမင်း နင် နင် တော်တော့ မောင့်ကိုမလုပ်နဲ့"

"ငါ့ကိစ္စဝင်ရှုပ်တဲ့ကောင်ပဲ"

"မိန်းမတစ်ယောက်ကို စော်ကားချင်တဲ့ ခွေးမသားကဲ"

ကျွန်တော်တို့နှစ်ယောက်စလုံး သူနိုင်ကိုယ်နိုင်လုံးထွေး သတ်ပုတ်မိကြတော့သည်။

ယောကျ်ားချင်းမို့ အနိုင်ရလိုစိတ်တွေနှင့် သဲကြီးမဲကြီး တိုက်ခိုက်ကြခြင်းဖြစ်သည်။

"မောင် သတိထား"

"ရဲမင်း နင် နင် မောင့်ကို နာကျင်အောင်လုပ်လို့ကတော့





ငါကိုယ်တိုင် အသတ်ပဲမှတ်"

"ကောင်မ နင့်ပါးစပ်ပိတ်ထား၊ မာနရှင်ကြီး၊ ဒီနေ့မင်းငါနဲ့တွေ့မယ် နင့်ကောင်ကို ငါအရင်ရှင်းမယ်"

"အေး မင်း ငါ့ကို နိုင်အောင်ထိုးစမ်းကွာ၊ ငါရှုံးပြီဆိုရင် ငါ့ကျောကုန်းပေါ်ကနေ မင်းတက်လျှောက်သွားစမ်း ဟုတ်ပြီလား၊ ခွေးမသား က"

"အောင်မလေး"

ကျွန်တော်နှင့် ရဲမင်း သူတစ်ပြန် ကိုယ်တစ်ပြန် လုံးထွေးသတ်ပုတ်နေကြချိန်မို့ ဘာဆိုဘာမှမမြင်တော့ ဘာအသိတရားမှလည်း မရှိတော့။

"မောင် သတိထား အောင်မယ်လေး"

ခုချိန်မေလည်း ကျွန်တော့်ကို အရင်ကိစ္စတွေအတွက်စိတ်ဆိုးဖို့ စကားနာထိုးဖို့တုံ့ပြန်ဖို့ ဘယ်လိုမှ သတိမရနိုင်တော့ဘူးထင်သည်။

"သေစမ်း"

တစ်ချိန်မှာပဲ ရဲမင်းက ကျွန်တော့်ဆံပင်တွေကို ဆောင့်ဆွဲကာ အုတ်နံရံနှင့် အဆက်မပြတ်ကိုင်ဆောင့်ပစ်နေတော့သည်။

"အောင်မယ်လေး မောင်တော့သေပါပြီ ဘုရားဘုရား မောင် မောင် ဒီလူယုတ်မာကို အရှုံးမပေးနဲ့ မောင်သူ့ကို ရှုံးရင် မေ့ဘဝဆုံးခန်းတိုင်တာနဲ့ အတူတူပဲ၊ မေ့ကိုကယ်ပါမောင် မေ့ကို ကယ်မှရမယ်"

ဒီကြားထဲ မေက ငယ်သံပါအောင် စူးစူးရှရှအော်ဟစ်သတိ



www.burmeseclassic.com

www.burmeseclassic.com



ပေးနေသဖြင့် ကျွန်တော်နာကျင်နေသည့်ကြားထဲက ပုလင်းတစ်ခု ကိုကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လိုက်တော့သည်။

ပြီးလျှင် အားကုန်ထည့်ပြီးတော့ ကျွန်တော် ခေါင်းကိုအဆက် မပြတ်ကိုင်ဆောင့်နေသည့် ရဲမင်း၏ နောက်စေ့တည်တည့်ကို မှန်းကာ ရိုက်ထည့်ပစ်လိုက်သည်။

"ခွမ်း"

"အား"

"အောင်မယ်လေး"

ရဲမင်းထံမှ စူးစူးဝါးဝါးအော်လိုက်သည့် အသံကြားတော့ ကျွန်တော့်စိတ်ထဲ အသိတရား ပြန်ဝင်လာကာ လက်ထဲက ပုလင်းပိုင်း ကို အလန့်တကြားပြန်လွှတ်ချလိုက်မိလေသည်။

"ဟင်"

ကော်ဇောအစိမ်းရင့်ရင့်ပေါ်မှာ စေးပျစ်နီရဲနေသည့် သွေး ကြောင်းတွေ့ပြီးတော့ မျက်လုံးကြီးပြူးကာ ငြိမ်သက်သွားပြီဖြစ်သည့် ရဲမင်း။

"ဘုရား ဘုရား သူ သူ သေ သေပြီးလား မောင်"

"မြတ်စွာဘုရား ငါ ငါ ဘာလုပ်မိတာပါလိမ့်"

"ဒုက္ခ ဒုက္ခတော့ ရောက်ပြီထင်တယ် ဘုရားဘုရား"

ကျွန်တော် ရဲမင်းကို အလန့်တကြားစိုက်ကြည့်လိုက်ချိန်မှာ တော့ ကျွန်တော့်တစ်ကိုယ်လုံး လေဟာနယ်ထဲလွင့်မျောသွားသလို ကိုးကွယ်ရာမဲ့ အားငယ်သွားရလေသည်။





"ဟာ ဟာ သူ သူ သေပြီပဲ"

"ဘယ်လိုလုပ်ကြမလဲဟင် မောင် ဘယ်လိုလုပ်ကြမလဲ မေတို့ ဒုက္ခရောက်ပြီထင်တယ်"

"လက်လွန်သွားပြီကွာ"

"မောင် မေတို့ဘယ်လိုလုပ်ကြမလဲဟင်"

"မေ"

ကျွန်တော် မေ့ကို ဖြန်းဆို ခပ်တင်းတင်းကျပ်ကျပ် ဖက်မိသွား ကာ ဝမ်းနည်းအားငယ်စွာ တစ်ကိုယ်လုံး တုန်ယင်နေတော့သည်။

"မောင် အဖမ်းခံရတော့မယ်"

"မောင်ရယ်"

ကျွန်တော့်ကို မေပြန်ဖက်ကာ မေငိုလေတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

"မောင် မောင်ပြေးတော့နော် မေ အဖမ်းခံလိုက်ပါ့မယ် ဒီကိစ္စတွေဟာ မေ့ကြောင့်ဖြစ်ခဲ့တာ မောင်က ဝင်ကူရင်းဖြစ်ရတာ ပါ၊ မေပဲ အဖမ်းခံမယ် မောင်ပြေးတော့နော်"

"မဟုတ်ဘူး အဲလိုမှမဟုတ်တာ မေမလုပ်ရဘူး မောင့်အပြစ် မောင်ခံရရှာပေါ့"

"ဟင့်အင်း မောင်က မေ့ကိုဝင်ကယ်လို့ ခုလိုဖြစ်သွားရတာ မောင့်ကိုတော့ မေ ထောင်ကျမခံနိုင်ဘူး မေပဲအဖမ်းခံမယ်မောင် မေပြောတာ မောင်နားထောင်ပါ"

"မဟုတ်တာကွာ မောင် မေ့အပေါ် အပြစ်ကြီးတစ်ခု ကျူးလွန် မိထားခဲ့တယ်။ အဲဒီအပြစ်အတွက် ခုမောင်ပြန်ပေးဆပ်တယ်လို့ သဘောထားလိုက်ပါတော့ မေရယ်နော်"

"ဘယ်လို မောင်၊ မောင်က မေ့အတွက် ဒီအပြစ်ကြီးကျူးလွန် မိတာကို ကျေနပ်တယ်ပေါ့"





" ... "

ဖြုန်းဆို မေက ကျွန်တော့်ရင်ခွင်ထဲကနေ ခွာထွက်လိုက်ကာ ကျွန်တော့်ကို ချောက်ချားတုန်လှုပ်နေသည့် မျက်နှာဖြင့် စိုက်ကြည့် သည်။

"မောင်"

"မောင်ရယ် မေ့ရင်တွေ ကွဲရပြီ။ ဒီလူယုတ်မာကြောင့် မောင် ထောင်ကျရတော့မယ်၊ မေ မောင့်ကို ထောင်ထဲတွန်းပို့လိုက်သလို ဖြစ်ရပြီမောင် မေ့ရင်ထဲ မချိလိုက်တာကွာ"

"တစ်ခါက မောင်ညီမလေးအတွက် မေ့ရဲ့ဂုဏ်သိက္ခာနဲ့ အဆင့်အတန်းကို ရိုက်ချိုးဖျက်ဆီးခဲ့ဘူးတယ်၊ အဲဒီအတွက် မောင် ဝဋ်လည်တယ်လို့ပဲ သဘောထားပါတယ်"

"မေကတော့လေ အဲဒီလူယုတ်မာ သေတာတောင် သူ့ကို ခွင့်မလွှတ်နိုင်ဘူး။ သူ့လိုလူစားမျိုးက မေ့ကိုမှ အငြိုးကြီးကြီးနဲ့ ပက်ပက်စက်စက် ကြံရတယ်လို့ မောင်သာရောက်မလာခဲ့ရင် မေ့ဘဝ ပျက်ပြီ၊ မောင်က မေ့ကို ဘဝပျက်ခံပြီး ကယ်တင်ခဲ့တာ ဘယ်တော့မှ မမေ့တော့ပါဘူးကွယ်"

"မေ နာကျင်ခဲ့ရသမျှ အရှက်ကွဲခံရသမျှတွေအတွက် အားလုံး မောင့်ကို ခွင့်လွှတ်ပါပြီ"

"မေရယ်"

ကျွန်တော်က ရှိုက်ကြီးတငင် ငိုကြွေးနေသည့် မေ့ပခုံးကို ခပ်ဖွဖွဖက်ပြီး အကြည့်ကို လွှဲလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရဲမင်းကတော့ ငြိမ်သက်စွာ သွေးအိုင်ကြားထဲ သေဆုံးနေခဲ့လေပြီ။

"မေ"

"မောင်"

"မောင် ဖုန်းဆက်လိုက်တော့မယ်"

"ဟင်"

"ဟုတ်တယ်မောင် အဖမ်းခံရမှာပေါ့ မောင် လူသတ်မှုကျူးလွန်မိပြီလေ"

"အို မောင်ရယ် မောင် မေ့ကြောင့် မောင့်ဘဝနားလံမထူနိုင်အောင် ကျဆုံးရတော့မယ်၊ မေ့ရင်တွေ ကြေမွပျက်စီးကုန်ပြီကွယ်"

"စိတ်ငြိမ်ငြိမ်ထား မေ မောင်ယောကျ်ားပါ အပြစ်ခံယူရဲရမှာပေါ့"

"ဒါ ဒါပေမဲ့"

"တော်တော့နော်"

မေ့ဆီက ကြေကွဲနာကျင်မှုတွေနှင့် ရောစွက်နေသည့်အသံကို ကျွန်တော်မကြားရက်တော့ ကျွန်တော် မေ့နှုတ်ခမ်းလေးကို လက်ညှိုးနှင့် အသာဖိပိတ်လိုက်လေသည်။

ပြီးတော့ ကျွန်တော်ကိုယ်တိုင် ရဲစခန်းကို ဖုန်းဆက်လိုက်သည်။

"ပြီးပြီမေ ရဲတွေက လာခေါ်ကြတော့မယ် မောင်မသွားခင်တစ်ခု ပြောချင်တယ်"





"ဘာလဲဟင် မေ မောင့်ကိုဖက်ထားပါရစေ၊ မောင့်ရင်ခွင်ကနေ မောင်ပြောပြီးနေတာတွေ နားထောင်ပါရစေ၊ ခုမှကို ဒီအခွင့်အရေးတော့ပေးပါ၊ ဆယ်မိနစ်၊ ဆယ်မိနစ်ထဲပါနော်"

"မေသိပ်ချစ်တယ်"

"မောင့်ကို မေ စောင့်မယ်"

"မောင့်ကို မေသစ္စာရှိရှိနဲ့ကို စောင့်နေမိမယ်ကွယ်"

ကျွန်တော် မေ့ကို ကြည့်ကာ အတိုင်းအဆမရှိ ကြေကွဲသွားရကာ ရင်ထဲမှာ အတန်ကြာမျိုသိပ်ထားသော စကားတစ်ခွန်းကိုလေးလေးနက်နက် ပြောလိုက်မိလေသည်။

"မောင့်ဘဝမှာ မိန်းကလေးနှစ်ယောက်ကို မေတ္တာစစ်နဲ့တစ်ပြိုင်နက်တည်း ချစ်ခဲ့မိဖူးတယ်၊ အဲဒါ မေနဲ့မြပဲ။ မောင်သေတဲ့ထိချစ်မြတ်နိုးသွားမယ်၊ ဒါပေမဲ့ မောင်ဘယ်သူ့ကိုမှ ဘယ်တော့မှလက်မထပ်တော့ဘူး၊ မောင့်ကိုနားလည်ပေးပါမေ"

"ဟင်"

"ဟင်"

ရဲတွေရောက်လာကြပြီဖြစ်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

ကျွန်တော်အချုပ်ခန်းရောက်နေချိန်တွေမှာ ကျွန်တော့်မှာ အနာဂတ်ဆိုတာရော၊ ဘဝဆိုတာရော၊ မျှော်လင့်ချက်ဆိုတာရော လုံးဝမရှိတော့ဘဲ စိတ်ဓာတ်တွေကျနေမိသည်။

အံ့သြစရာကောင်းတာက ကျွန်တော့်သတင်းကို မြဆီပါ ပေါက်ကြားသွားကာ မြနှင့်အတူ ညီမလေးတို့လင်မယားပါလာကြည့်ကြသည်။

အခုချိန် ကျွန်တော်ဘယ်သူနှင့်မှ စကားမပြောချင်ပါ။ ရှေ့နေက မေးနေတာကိုပင် ကျွန်တော်ပြန်ဖြေနေရတာ စိတ်ထဲ မွန်းကျပ်ပိတ်ဆို့နေသည်။

ကျွန်တော် ဦးခေါင်းက ငိုက်စိုက်ကြီးကျဆင်းနေသလို ကျွန်တော့်ဘဝ အနာဂတ်ဆိုတာလည်း လုံးလုံးထိုးစိုက် ပျက်စီးခဲ့ပြီဖြစ်သည်။





ကျွန်တော့်ကို ချစ်သောမေ၊ ပြီးတော့မြ၊ ပြီးတော့ ညီမလေး၊ သူတို့တွေက အချုပ်ခန်းသံတိုင်တွေနောက်ကွယ်ကနေ ပူဆွေးသောက ရောက်ကာ ငိုကြွေးကြသည်။

ကျွန်တော် သူတို့တွေကိုကြည့်ကာ ဘာမှမဖြေသိမ့်နိုင်လောက်အောင် ရင်နင့်စွာ တိတ်ဆိတ်ငြိမ်သက်နေမိသည်။

ကျွန်တော့်တစ်သက် ဘယ်လိုမှ မတွေးမိဘူးသော၊ ငယ်စဉ်ကတည်းက ကျွန်တော်အချုပ်ဆိုတာနှင့် လုံးဝမအပ်စပ်၊ မထိတွေ့ခဲ့ဖူးသော နေရာတစ်ခုကို ရောက်နေပြီမို့ ကျွန်တော်ပြင်းပြင်းထန်ထန် ခံစားနေရခြင်းဖြစ်သည်။

ကျွန်တော့်ခံစားချက်ကို ထိုမိန်းမတွေက ထပ်တူထပ်မျှလိုက် ခံစားပေးကြကာ ရက်ခြားလိုလို အစားအသောက်တွေနှင့် လာတွေ့ကြသည်။

"ဒါ ကိုကြိုက်တဲ့ငါးနဲ့ သံပုရာပေါင်းလေ။ ကျွန်မချက်လာခဲ့တယ်၊ စားကြည့်နော် ခံတွင်းတွေ့မှာ စားလိုက်ပါကိုရယ် ကိုသိပ်အားနည်းနေပုံရတယ်၊ အစားများများဝင်အောင် စားရမှာပေါ့ စားနော်"

ကျွန်တော်ကတော့ ကျွန်တော်ရည်းစားနှစ်ယောက် အစားအသောက်တွေကိုယ်စီနှင့် ရောက်ရောက်လာတတ်ကြတာကို ကြည့်ပြီး ရင်ထဲမှာ အားလုံးပျက်စီးပြိုပျက်နေကာ ဟာလာဟင်းလင်းဖြစ်နေရသည်ချည်းပင်။

"မောင် ဒါ မောင့်ကို မေ မကြာခဏ သုပ်သုပ်ပေးနေကြ



www.burmeseclassic.com

www.burmeseclassic.com



မောင်သိပ်ကြိုက်တဲ့ ကျောက်ပွင့်နဲ့ ပင်လယ်စာချဉ်စပ်သုပ်လေး စားလိုက်ရအောင်နော်၊ စားမယ်မဟုတ်လား ဟင်"

"မောင် အဲဒါတွေ ခံတွင်းမတွေ့ရင်လဲ ဒီမှာ ငါးရံ့ဆားငံသီး ပေါင်းပါသေးတယ် မောင်ကြိုက်တာစား"

ကျွန်တော် သူတို့လာတွေ့တိုင်း အရမ်းစိတ်ခံတတ်ကျလေသည်။

ကျွန်တော်က ဘယ်သူ့ကိုမှ မရွေးချယ်ဘဲ လက်မထပ်နိုင်တာ သိသိကြီးနှင့် ကျွန်တော့်ကို မျှော်လင့်စောင့်စားနေကြတာ အဓိပ္ပာယ်မရှိပါ။

ထို့ကြောင့်လဲ ကျွန်တော်ထိုမိန်းမနှစ်ယောက်ကို အပြတ်ပြောကာ ဘယ်တော့မှ မတွေ့ဖို့ဆုံးဖြတ်လိုက်မိတော့သည်။

"နောက် ကို့ဆီ လာမတွေ့နဲ့တော့နော်၊ မြ ကိုဒီမှာ နှစ်အကြာကြီး နေရဦးမှာ။ ပြီးတော့ ကို့ကိုဒုက္ခခံပြီး စောင့်မနေပါနဲ့မြ၊ ရှေ့လျှောက်နှစ်တွေအကြာကြီးမှာ မြလဲသင့်တော်မယ့် သူကိုတွေ့ရင် လက်ထပ်လိုက်ပါ"

"ကို ခွင့်ပြုတယ် ကို ခွင့်လွှတ်ပါတယ် မြ"

"ဒီစကားတွေ ဘာကြောင့်ပြောရတာလဲကို"

"မြကို ချစ်လို့ပါ။ ကို့အတွက် မြ နာကျင်ခံစားရမဲ့နှစ်တွေက မနည်းလှဘူး၊ အဲ့ဒီအတွက် မြ ကို့ကို မေ့ပစ်ပြီး လက်တွဲဖော်ရှာပါ"

"ဘယ်လို ပြောလိုက်တာလဲ ကိုရယ်။ ကို အခု ဟိုမိန်းမကို ကယ်လို့ရောက်နေရတဲ့ ဒုက္ခကြီးကိုကြည့်ပြီး မြရင်ထဲ မချိနေတာ





မြ ဘယ်တော့မှ ကို့ကို မစွန့်လွှတ်ဘူး"

"ကျွန်မ ကို့ကို သစ္စာရှိရှိစောင့်နေပြမယ်။ ကျွန်မတစ်ခါက ကို့ကို ပြောပြခဲ့ဖူးပါတယ် ကျွန်မတို့လူမျိုးတွေဟာ သစ္စာသိပ်ရှိတတ်ကြတယ်၊ ကိုယ်ချစ်တဲ့သူ ခင်တဲ့သူ့အတွက် အသက်ကိုလဲ စွန့်ရဲတတ်ကြတယ်ဆိုတာလေ၊ အဲဒါကို ကိုဘယ်တော့မှမေ့မပစ်ပါနဲ့နော်"

"ကျွန်မ ကို့ကို စောင့်နေမယ်"

ဘာကြောင့်မှန်းမသိ ကျွန်တော် သူမတို့နှစ်ယောက်ကို ဘယ်လိုမှ ဖျောင်းဖျ၍မရပါ။ မေကလည်း သူမအတွက် ကျွန်တော် ထောင်ကျခဲ့ရတာမို့ မြထက်တောင် ခေါင်းမာလေသည်။

သေချာတာ သူမတို့နှစ်ယောက်ကို ကျွန်တော်ဘယ်လိုမှ ရွေးထုတ်မရနိုင်ခြင်းပင်–

ပို၍ သေချာတာက ကျွန်တော်ထွက်လာမည့်ရက်ကို စောင့်နေကြမည့် မိန်းမနှစ်ယောက်စလုံးဟာ သစ္စာတရားဟူသည့်ခေါင်းစဉ်အောက်မှာ အသေအလဲကိုးကွယ် တွယ်ဖက်ထားကြကာ ပြိုင်တူနီးနီး ခေါင်းမာကြလေသည်။

ကျွန်တော် ထောင်ထဲရောက်တာတောင် သူတို့လက်မလွှတ်ပါ၊ ကျွန်တော်က အချစ်ကိုသာ ကိုးကွယ်သူ။ သူတို့တွေက သစ္စာတရားကိုသာ ကိုးကွယ်ကြသူတွေဖြစ်ကြသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



(...) နှစ်ခန့်ကြာပြီးနောက်မှာ

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၅)

ကျွန်တော်ထောင်ထဲမှာ နှစ်တွေအကြာကြီး နေခဲ့ရသည်။ ထိုနှစ်အတွင်းမှာ ကျွန်တော်သူမတို့နှစ်ယောက်ကို လုံးဝအတွေ့မခံခဲ့ဘူး။ ထောင်ကပေးသော အပြစ်ဒဏ်တွေကို ခံယူကာ ကျွန်တော့်ကိုယ်ကျွန်တော်လည်း မပြုမပြင်နှင့် နေလာခဲ့သည်မို့ ယခုဆိုကျွန်တော့်မှာ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးတွေနှင့် အတော့်ကို အိုစာရင့်ရော်သွားပြီ။

အသက် သုံးဆယ့်ငါးနှစ်ဆိုတာ ဘာမှမရှိသေးပေမဲ့ ကျွန်တော့်အတွက် နောက်ထပ် ဆယ်နှစ်လောက်ထပ်ကြီးနေသယောင် အိုစာသွားသလိုထင်မိသည်။

ကျွန်တော် ထောင်ထဲမှာနေခဲ့သည့် နှစ်တွေအတွင်းမှာ ကျွန်တော့် ညီမလေးလည်း ကလေးမီးဖွားနေချိန် မီးတွင်းထဲမှာသေဆုံးသွားခဲ့သည်ဟု သတင်းဆိုးတစ်ခု ကြားခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ညီမလေးယောကျ်ားလည်း ဆေးမှုဖြင့် ထောင်အကြာကြီးကျသွားခဲ့ပြီဟု သတင်းတွေကြားခဲ့ရတာ ဘယ်လိုမှ စိတ်မချမ်းမြေ့နိုင်။

ပိုဆိုးတာက ညီမလေးက သူမဆုံးခင်ကလေးအမွှာပူးလေးများ ဖွားမြင်ခဲ့ကာဆေးရုံပေါ်မှာပင် မြကိုယောကျ်ားလေး၊ မေ့ကို မိန်းကလေး တစ်ဦးချင်းစီ ပေးထားခဲ့ခြင်းပင်။

ထို့ကြောင့်လည်း ကျွန်တော် အင်မတန်ချစ်ရသော ညီမလေး၏ သွေးသားတွေဖြစ်ကြသည့် ကျွန်တော့်တူနှင့် တူမလေးက ထိုအမျိုးသမီးတွေ လက်ထဲမှာ–

ကျွန်တော်ကံဆိုးတာလား၊ ကံကောင်းတာလားတော့ မသိ။ ထိုအမျိုးသမီးနှစ်ယောက်ဟာ ကျွန်တော့်တူနှင့် တူမကို သူတို့ကိုယ်တိုင် မွေးစားမိခင်အဖြစ် ခေါင်းစဉ်တပ်လိုက်ကြကာ သူတို့ဘဝတစ်ခုလုံးကို ထိုကလေးတွေရဲ့လက်ထဲ မှာပင် မြှုပ်နှံလိုက်ကြခြင်း–

ခက်တာက ကျွန်တော်ဘယ်သူ့ဆီကမှ ကလေးတွေကို တောင်းယူ၍ မရတော့။

သူတို့ ချစ်တာက လွန်သည်။ သူတို့လက်ထဲမှာ လေးနှစ်နီးနီး ကြီးပြင်း လူလားမြောက်ခဲ့သည့်အတွက် သူတို့ကိုယ်တိုင်ကလည်း မွေးစားမိခင်တွေအဖြစ် ကျေနပ်စွာ ခံယူလိုက်ကြသည့်အတွက် ကလေးတွေကို ချစ်ခင်ဂရုစိုက်သည့်နေရာမှာ ကျွန်တော်ပင် အံ့သြသည်။

ကျွန်တော် ဘယ်လိုမှမမေ့နိုင်တာက ကျွန်တော်ထောင်ကထွက်





လာခဲ့သည့် နေ့လေးပဲဖြစ်သည်။

ကျွန်တော့်မျက်နှာမှာ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးတွေများနှင့် ထောင်တံခါးမကြီးကနေ အပြင်ကို ခြေလှမ်းလိုက်သည်နှင့် ဦးစွာ တွေ့လိုက်ရသည်က မေရယ်၊ မြရယ် ကလေးတစ်ယောက်စီ ပွေ့ချီလျက် ကားတစ်စီးစီနားမှာ မတ်တတ်ရပ်နေကြခြင်း။

"ဟင်"

ကျွန်တော် ဘယ်သူ့ဆီ အလျင်သွားရမည်မှန်းမသိပါ၊ မြက ညီမလေး၏သားကို ချီမြှောက်ထားကာ ပြုံးရယ်လျက် သူမကားနား လာဖို့ ကလေးကိုပါ လက်ရပ်ခေါ်ခိုင်းနေသည်။

သား သားလေးပါလား၊ ကြည့်စမ်း ဝတစ်နေတာပါလား၊ သူ့လိုပင် ညီမလေး၏သမီးကို ချီမြှောက်ပွေ့ဖက်ထားကာ ပြုံးရွှင်စွာ သမီးလေးကို လက်ရပ်ခေါ်ခိုင်းပြန်သည်။

"ဟင် သမီးလဲ ချစ်စရာကောင်းလိုက်တာ၊ တကယ့်အရုပ်လေးပဲ"

သမီးလေးက မျက်လုံးလေးတွေ ပြူးကျယ်ဝိုင်းစက်ကာ နှာခေါင်းလေးက ပေါ်လွင်ကာ နှုတ်ခမ်းကရဲရဲ၊ အသားကဖြူဖြူနှင့် ဂျင်းချိုင်းပြတ်ဝမ်းဆက်ကလေးနှင့် ဝဝခဲခဲချစ်စရာကောင်းလှသည်။ (တကယ့် နိုင်ငံခြားဘိုမရုပ်လေးတွေလို သူမက ခပ်ဆင်ဆင်)

မြ လက်ထဲက သားကလည်း ကျွန်တော်ကဆတ်ခနဲ ပြေးပြီး ကောက်ချီချင်လောက်အောင် ဝဖိုင့်ဖိုင့်တုတ်ခဲခဲလေးနှင့် အသားဖြူကာ သန်မာတောင့်တင်းလှသည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင် လာလေ၊ မောင့်တူမကိုကြည့်ဦး၊ လာချီပါဦး"

"ကို ဒီကိုလာ ကို့တူက ကိုနဲ့တော်တော်ဆင်တယ်၊ ပေါင်လေး ဆယ်နီးနီးရှိတယ်ဆရာ၊ လာသာချီကြည့်တော့"

"ဟင်"

ကျွန်တော့်ကို အခက်တွေ့အောင် သူတို့ပဲလုပ်နိုင်ကြလေသည်။ ကျွန်တော်ဘယ်သူ့ဆီ အလျင်သွားရမှန်းလည်းမသိ။ ဘယ်သူ့ကို အရင် ကောက်ချီရမှန်းလည်းမသိပါ။

နှစ်တွေအကြာကြီး ကြာမြင့်ခဲ့တာတောင် သူမတို့က လုပ်ပဲလုပ်နိုင်ကြလေသည်။

ကျွန်တော်တောင် အသက်သုံးဆယ့်ငါးနှစ်ထဲ ရောက်ပြီဆိုတော့ သူတို့တွေလည်း သုံးဆယ်ကျော်ကုန်ရောပေါ့။

သို့သော် အလျှင်ကအတိုင်း ကျယ်ဝန်းပိုင်းစက်ရှန်းစိုသည့် မျက်လုံးတွေ၊ နှာတံချွန်ချွန်စင်းစင်းအောက်က နှင်းဆီဖူးငုံလို နှုတ်ခမ်းလေးတွေ၊ ဖြူဝင်းမွတ်စင်းနေသည့် နို့နှစ်ရောင်အသားအရေနှင့် လိုက်ဖက်လှသည့် သွယ်လျလျကိုယ်လုံးလေးတွေက ဘာမှကို မပြောင်းလဲသော၊ နည်းနည်းမှပင် အိုစာမသွားကြ။

မြတ်စွာဘုရား။

ကျွန်တော့်အသည်းနှလုံးတွေ ထပ်ပြီး လှုပ်ရှားတုန်ယင်လာအောင် ထိုအမျိုးသမီးတွေက ညှို့ပယ့်သိမ်းပိုက်ကြပြန်ပြီလား။

ပိုပြီးသေချာတာက သူတို့တွေ တစ်ယောက်စီ သိမ်းယူမွေးစားထားကြသည့် သူတို့၏ အသည်းကျော်တွေက ကျွန်တော့်နှလုံးသား





တစ်ခုလုံးကို တုန်ဟည်းသွားအောင် သိမ်းပိုက်ဆွဲဆောင်လိုက်ကြခြင်းဖြစ်သည်။

"သား"

"သမီးလေး"

ကျွန်တော်ဘယ်သူ့ဆီမှမသွားတော့ဘဲ ကားနှစ်စီးအလယ်မှာ ခြေစုံရပ်လိုက်ကာ လက်နှစ်ဖက်ကိုသာ အကျယ်ကြီးဆန့်တန်းခေါ်လိုက်မိသည်။

"လာကြပါ၊ 'ဦးဆီလာကြပါ"

"သွားလိုက် သမီး"

"အဲ့ဒါ သမီးနဲ့သားရဲ့ ဦးဦးပဲ၊ ဖေဖေဖော်လို့ ခေါ်ရမယ်ဟုတ်လား"

ထူးဆန်းတာက ထိုစကားသံတွေက သူမတို့နှစ်ယောက်ဆီမှ ပြိုင်တူလိုလို ထွက်ပေါ်လာခြင်းပင်။

ကျွန်တော်ပင် ကြောင်တောင်တောင်ကြီးဖြစ်နေရာက ဝမ်းသာခမ်းနည်းနှင့် ညီမလေး၏ ကလေးတွေကို တစ်ယောက်တစ်ဖက်တစ်ပြိုင်နက်တည်း ပွေ့ချီကောက်ယူလိုက်တော့သည်။

"ဖေဖေဖော်"

"ဖေဖော်ကြီး"

"ဟာကွာ၊ ရင်ထဲကိုအေးသွားတာပဲ၊ ထပ်ခေါ်ကြပါဦးကွာ ဦးနားထောင်ပါစေ"

"ဖေဖေဖော်"



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖော်ကြီး"

သားက ကျွန်တော့်ကို ဖေဖော်ကြီးဟုခေါ်ကာ သမီးကမိန်းက လေးပီပီ ချွဲအီသံလေးနှင့် ဖေဖေဖော်ဟု ချစ်စဖွယ် ခေါ်ကြသည်။

ကျွန်တော့်ရင်ယဲက ကြည်နူးမှု၊ ဝမ်းသာဝမ်းနည်းကြေကွဲမှု တွေဖြင့် ကျွန်တော် ကလေးနှစ်ယောက်ကို အားပါးတရ နမ်းရှုပ်ပစ် လိုက်လေသည်။

ထိုအခါ သူမတို့နှစ်ယောက်သည် ကျွန်တော့်ဘေးတစ်ဖက် တစ်ချက်စီနေရာယူလိုက်ကြကာ ကျွန်တော့်ကိုလှပစွာ ပြုံးညိုကြကာ မိတ်ဆက်ကြသည်။

"မောင် သမီးနာမည်က ခရုတဲ့"

"ကို သားနာမည်က ဘုစုတဲ့"

ကျွန်တော် သူမတို့ကို တစ်ဖက်စီ တစ်လှည့်စီကြည့်ကာ ခေါင်းပဲညိတ်ပြနိုင်တော့သည်။

* * *





## အခန်း (၆)

ကျွန်တော် အံ့အားသင့်ကာ သူမတို့နှစ်ယောက်က ကျွန်တော့်ကို နှစ်တွေချီအောင် သစ္စာတရားဖြင့် စောင့်ဆိုင်းနေကြသူများဖြစ်သည်။ ပြီးတော့ ထိုအမျိုးသမီးနှစ်ယောက်က ရန်သူလည်းမဖြစ်ကြ၊ မိတ်ဆွေ လည်းမဖြစ်ကြ၊ သူငယ်ချင်းလိုလည်း သဘောမထားကြဘဲ သူစိမ်း ပြင်ပြင် အနေအထားနှင့် ကျွန်တော့်ရွေးချယ်မှုကိုသာ ခေါင်းမာစွာ စောင့်ဆိုင်းနေကြခြင်းပင်။

ခုဆို ကျွန်တော့်တူနှင့် တူမကိုလည်း ကျွန်တော် တော်တော် သံယောဇဉ်တွယ်နေရပြီမို့ သူတို့တွေကိုတွေ့ဖို့ ကျွန်တော်ထိုမိန်းမ နှစ်ယောက်ကို ကင်း၍မရပေ။

တစ်ခါတစ်ရံ သူတို့က ကလေးတွေခေါ်လာတတ်ကြကာ တစ်ခါတစ်ရံမှာတော့ ကျွန်တော်က သွားတွေ့ရတတ်သည်။

မြကာ သားအပေါ် အလိုလိုက်သည်းလိုက် အရေးပေးချစ်ခင်ကာ စောင့်ရှောက်တတ်သလို မေကလည်း သမီးလေးနံဘေးမှာ ခြွေရံသင်း



www.burmeseclassic.com

www.burmeseclassic.com



ပင်းများစွာ ဝိုင်း၍ခစားရသည့်ထိ သမီးကို တခမ်းတနား ထားတတ်လေသည်။

"မြ"

"ဟင် ကိုလာပြီ"

"သားရေ၊ သားလေး ဘုစု၊ လာ လာဒီမှာ မင်းဖေဖော်ကြီး ရောက်နေတယ် လာ"

ကျွန်တော် မြအိမ်ရောက်တာနှင့် ကျွန်တော့်တူနှင့် နပန်းလုံးပွေ့ဖက်နမ်းရှုပ်ကာ သူနှင့်စကားပြောရတာ အလွန်ပျော်ပါသည်။

သားကလေး နှစ်နှစ်နီးနီးရှိပြီမို့ စကားလည်းအရမ်းတတ်ကာ သွက်လက်ချက်ချာလှသည်။

ကျွန်တော့်ကို မြင်တာနှင့် ဘောလုံးကန်ခိုင်းခြင်း၊ စစ်တိုက်တမ်းကစားစေခြင်းတို့ဖြင့် ယောကျ်ားဗီဇပြေကာ မျိုးစုံအောင် သူနှင့်ကစားကြသည်။

စိတ်မကောင်းဖြစ်စရာတစ်ခုက ကျွန်တော်ပြန်တာနှင့် သားက ကျွန်တော်နှင့်လိုက်မည်တကဲကဲဖြစ်ကာ အောင်ဟစ်ငိုယိုကျန်ရစ်ခဲ့တတ်ခြင်းပင်။

ထိုချိန်တွေဆို ကျွန်တော့်အသည်းနှလုံးတွေထိခိုက်နာကျင်ရကာ သားကို အပြီးခေါ်ထားချင်စိတ်တွေ တဖွားဖွားဖြစ်နေခဲ့ရသည်။

"မြ"

"ဘာလဲဟင် ကို"

"သား အိပ်သွားပြီမဟုတ်လား"





"အင်း ဟင်း ကိုနဲ့ဆော့ရတာ ဘယ်လောက်ထိအဆော့မက်လိုက်သလဲကြည့် တစ်ချိုးတည်းကိုအိပ်ပျော်သွားပြီ သူ့ခများ ကိုလာတာမြင်ရင် သိပ်ပျော်ရှာတာ"

"ကိုလဲ သားကို သိပ်ချစ်ရတာပေါ့ကွာ၊ ကိုယ့်တူဆိုပေမဲ့ ဘာဖြစ်လို့မှန်းမသိဘူး ကို ခွဲတော့မထားချင်ဘူး၊ သားကိုတစ်ခါတည်း ခေါ်ထားချင်ပြီကွာ"

"အမယ် ဒီလိုတော့ ဘယ်ရမလဲ သားကိုခေါ်ရင် ဒီကအမေကိုပါခေါ်ရမှာပေါ့ဆရာ"

မြ ပြောပုံလေး တကယ့်ကို စိတ်ရှုပ်ရှားစရာ၊ မြက သားကို ပိုင်ဆိုင်ခွင့်ရတာကိုပဲ မက်မောစွဲမက်နေသည့် ပီတိမျိုးဖြင့် ပြုံးသည်။

"ကျွန်မ ဒီသားလေးကို ဘယ်လောက်ချစ်လိုက်သလဲဆိုရင် ညလေးက ကျွန်မလက်ထဲ သားလေးကိုထည့်လိုက်တဲ့အချိန်ကတည်းက ငါဟာ သားရဲ့မိခင်ဖြစ်ခွင့်ရပြီလို့ ကျေနပ်ခဲ့တာ။ အဲ့ဒီအချိန်ကတည်းက အပါးနဲ့အနူးဆီမပြန်တော့ဘဲ ဒီရန်ကုန်အိမ်မှာပဲ အဒေါ်တို့အိမ်ကပ်နေလာခဲ့တာကြည့်။ ပြီးတော့ ကိုတူက သိပ်ပြီးလိမ္မာပြီး ချစ်စရာကောင်းတော့ ဒီအိမ်ကမိသားစုတွေကလဲ အရမ်းချစ်ကြတယ်၊ သားကိုခေါ်ပြီး ကျွန်မ ကလေးတစ်ခေါက်ပြန်သေးတယ်၊ အိုအပါးနဲ့အနူးဆို သူတို့မြေးကို ချစ်လိုက်ကြတာ။ သားကို အပြီးခေါ်ထားချင်ကြတာ၊ ဒါပေမယ့် ကျွန်မက ကိုအတွက် တရားမျှတချင်တယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"မြရယ် ကိုကိုငဲ့ညှာပေးတဲ့အတွက် ကျေးဇူးပါပဲကွယ်၊ ကို့ဘဝမှာ ကိုကိုနားလည်ပေးတဲ့ သစ္စာကြီးတဲ့မိန်းမနှစ်ယောက်ရှိနေတယ်၊ အဲ့ဒါ မေနဲ့ မြပဲ၊ ကို ဘယ်လိုမှမဆုံးဖြတ်ရဲဘူး၊ မြတို့က ကို့အပေါ် သိပ်ကောင်းကြတယ်၊ ကိုလဲ မြပြောသလို တရားမျှတချင်ပါတယ်၊ ကိုဘာလုပ်ရမှန်းမသိနိုင်အောင် ဖြစ်နေရလို့ပါ"

"ကျွန်မလဲ ဘယ်သူ့ကိုရွေးချယ်ပါလို့ ကိုကိုမတောင်းဆိုဘူးနော်၊ ဒါပေမဲ့ ကို ကျွန်မနဲ့လက်ထပ်မှ သားကိုရမယ်"

"မြ"

ကျွန်တော်မငြင်းဆန်နိုင်အောင် မြကလှပသိမ်မွေ့စွာ ပြုံးလျက် ကျွန်တော့်ကို စိုက်ကြည့်သည်။

"ကို ထောင်ကျခဲ့ရတာ ဟိုအမျိုးသမီးအတွက်ကြောင့်ဆိုပေမဲ့ ကျွန်မသာ သူ့နေရာမှာရှိခဲ့ရင်လဲ ကို ဝင်ကယ်မှာပဲလေ၊ အဲဒီအတွက် အခုလို အဖြစ်ဆိုးကြီးကြုံလာရမှာပဲ..."

"အဲ့ဒီအတွက် ကျွန်မ မေမင်းပိုင်ကို ခေါင်းစဉ်မတပ်ချင်ဘူး၊ ကို့ဘဝဟောင်းကအကြွေး အခုဆပ်လိုက်ပြီးပြီလို့ပဲ ကျွန်မခံယူလိုက်ပါတယ်..."

"ဒါကြောင့်မို့လဲ အပြစ်တွေ ကင်းစင်ဆေးကြောပြီးသွားတဲ့ ကိုကို ကျွန်မကဘုရားသခင်ရှေ့မှာ လက်ထပ်ဖို့ တောင့်ဆိုင်းနေတယ်ဆိုပါတော့"

"မြရယ်"

ကျွန်တော့်ကိုပဲ သစ္စာတရားကြီးစွာ ဘာနှင့်မှမလဲနိုင်အောင်





မက်မောစုံမက်လှသည့် သစ္စာဖြင့် မြကစောင့်ဆိုင်းနေတာမို့ ကျွန်တော့်ရင်ထဲ အရမ်းစိတ်မကောင်းဖြစ်ရလေသည်။

"ကိုကို တစ်ခုတော့ အမှန်အတိုင်းပြောမယ်"

"ဘာလဲမြ ပြောပါ"

"ကျွန်မ မေမင်းပိုင်ကို ယှဉ်ပြိုင်ဘက်လိုလဲ သဘောမထားဘူး၊ ချစ်သူလုဘက်အဖြစ်လဲ ခေါင်းထဲမထည့်ဘူး"

"သူဟာ ကျွန်မအတွက် သူစိမ်းပြင်ပြင်ပဲ"

"ကို စိတ်ထဲသံသယမရှိရအောင် ကျွန်မထပ်ပြောမယ်၊ မေနဲ့ ကျွန်မဟာ ဘယ်တော့မှလဲ သူငယ်ချင်းတွေဖြစ်လာကြမှာ မဟုတ်ဘူး၊ မိတ်ဆွေတွေလဲ မဟုတ်နိုင်ကြဘူး၊ ရန်သူတွေလဲ မဟုတ်ကြဘူးဆိုတာပဲ"

"ကျေးဇူးပါပဲမြရယ်၊ ကို မြတို့နှစ်ယောက်ကြားမှာ အရမ်းအနေရခက်ရတာပါ၊ ကို့အပေါ် သိပ်ကောင်းကြတဲ့ အမျိုးသမီးနှစ်ယောက်ကို ဘယ်လိုမှ မပြစ်နိုင်ခဲ့တာလဲ ကို မကောင်းတာပါ"

"ဟင့်အင်း၊ ကို ကျွန်မကိုတောင်းပန်စရာမရှိပါဘူး၊ ကျွန်မကသာ တောင်းပန်ရမှာ"

"ဘာဖြစ်လို့"

"သားနဲ့ကျွန်မကို ဘယ်တော့မှ မခွဲထုတ်ဖို့လေ"

"မြကလဲ သားကို သိပ်ချစ်နေမိပြီ၊ ကို ဖခင်တစ်ယောက်ရဲ့ မေတ္တာမျိုးပေးနိုင်ပါတယ်၊ အကယ်၍..."



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲကို ဆက်ပြောလေ"

"ကို့ကို တစ်လှည့် သားကိုတစ်လှည့် ပြုစုစောင့်ရှောက်ခွင့် ပေးပါလားဟင်၊ ဒါ ကို့ရင်ထဲက ဆန္ဒနဲ့တောင်းဆိုတာပါ"

"ဟင့်အင်း၊ သားကို ကျွန်မဘယ်လိုမှ မပေးနိုင်ပါဘူးကို၊ ခဏဆိုတဲ့ အချိန်ကာလတစ်ခုအတွင်းမှာ ကျွန်မကိုသေခိုင်းတာနဲ့ အတူတူပဲ သားမရှိလို့မရတော့ဘူး၊ ဒီကလေးက ကျွန်မမောင်ရဲ့သွေး သားပါကို"

"ကို သိပ်ချစ်တဲ့ညီမလေးက မွေးခဲ့တာဆိုတာလဲ မြထည့် စဉ်းစားပါဦးမြ။ ကိုတောင်းပန်ပါတယ်၊ သားကို ကိုနဲ့ ခဏနေခွင့် ပြုပေးပါ"

"တော်တော့ကို မရဘူး၊ ကိုဘာမှထပ်မပြောနဲ့တော့၊ သားကို ကိုနဲ့ တစ်ရက်ကလေးတောင်မှ ကျွန်မထည့်မပေးနိုင်ပါဘူး"

"အကယ်၍"

"ကို သားမှသား၊ မခွဲနိုင်တော့ဘူးဆိုရင် ကို ကျွန်မကိုလက်ထပ် ရလိမ့်မယ်"

ခဏအတွင်းမှာ ကျွန်တော်နှင့်မြက အလွန်အင်အားကြီးမား ပြင်းထန်လှသည့် အင်အားတွေပါသည့် အကြည့်တွေဖြင့် တစ်ယောက် ကိုတစ်ယောက် အကြာကြီး စိုက်ကြည့်မိကြသည်။

ကျွန်တော် မြကို လက်မထပ်ရဲပါ။

ကျွန်တော် မေ့ကိုလည်း လက်မထပ်ရဲပါ။





ကျွန်တော်ကြောက်ရသော ချစ်သူနှစ်ယောက်ထဲက ဘယ်သူ့ကို ကျွန်တော်မရွေးချယ်ရဲပါ။

ဒါဖြင့် ကျွန်တော်သားနှင့်သမီးကို အပြီးပိုင်ဆိုင်ခွင့်ရနိုင်မည် မဟုတ်တော့။

သူတို့တွေက ကျွန်တော့်အသည်းနှလုံးတွေကို ကိုင်လှုပ်ချုပ် နှောင်ထားကြခြင်း။

ကျွန်တော်သားနှင့်နေမည်ဆိုလျှင် မြကို လက်ထပ်ရမည်။

ကျွန်တော်သမီးနှင့်နေမည်ဆိုလျှင် မေ့ကို ယူရမည်။

လက်ရှိ သူမတို့နှစ်ယောက်က ကလေးတွေ၏ တရားဝင်မွေး စားမိခင်တွေ။

ကျွန်တော့်မှာ သားနှင့်သမီးကို မတွေ့ရမနေနိုင်လောက်အောင် ရူးနေအောင် ချစ်ရသည့်ဘဝ ရောက်နေခဲ့ရလေပြီ။

ကလေးတွေကို ကျွန်တော့်အရိပ်အောက်မှာပဲ ထားချင်၊ ကြည့် ချင်၊ ချစ်ချင်သည့်ဆန္ဒတွေက တဖွားဖွားဖြစ်ပေါ်လာလေလေ သူတို့ အကျပ်ကိုင်လို့ကောင်းလေဖြစ်သည်။

"ကို"

"စဉ်းစားပါ၊ ကျွန်မ ကို့ကို နှစ်တွေအများကြီး စောင့်လာခဲ့ပြီး ပြီနော်"

"ကျွန်မရဲ့သစ္စာတွေနဲ့ သားကို အဖော်ပြုပြီးစောင့်လာခဲ့ရတာ အောလှပါပြီ ကျွန်မတို့ အတူတူနေကြဖို့ အချိန်ရောက်ပြီ ကို"



www.burmeseclassic.com

www.burmeseclassic.com



"မြ"

ကျွန်တော် နုတ်ခမ်းတွေ ပွင့်ဟသွားပေမဲ့ ဘာစကားမှထွက် မလာနိုင်ပေ။

* * *



## အခန်း (၇)

သမီးကိုသွားတွေ့ပြန်လျှင်လည်း သမီးကကျွန်တော့်ကို မျက်လုံး သပြူးပြကာ ချစ်စဖွယ်အသည်းယားစဖွယ် အမူအရာတွေ အမျိုးမျိုး လုပ်ပြတတ်သည်။

ကျွန်တော် အသည်းခိုက်ရတာက မေ့စကားကို သမီးကအလွှန် အားထောင်ကာ ကြော်ငြာမင်းသမီးတွေအိုက်တင်ကို သမီးက မိန်းမက လေးပီပီ အတုခိုးကာ အိုက်တင်အပြည့်ဖြင့် လုပ်ပြတတ်ခြင်းပါ။

"သမီးရေ၊ ဖေဖော်ရောက်ပြီ၊ လာ --လာ"

ဟု မေကခေါ်လိုက်တာနှင့် ကျွန်တော်ခေါင်းလေးငုံ့ကိုင်းချီ လိုက်သည်နှင့် ကျွန်တော့်ပါးကို ရွှတ်ခနဲနမ်းရှုပ်လိုက်ပြီးပြီ။

"အား ချစ်ဖို့ကောင်းလိုက်တဲ့သမီး၊ လာ ဖေဖော်ပြန်နမ်း မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခစ် ခစ် ခစ်"

သမီးက မိန်းကလေးပီပီ ခရာတတ်၊ နွဲ့တတ်၊ ဗိုလ်ကျတတ်ကာ နာမည်ကြီး ရုပါမော်ဒယ်လ်တွေ လမ်းလျှောက်နည်းတွေကအစ သူမတူအောင် ပြန်လုပ်ပြတတ်လေသည်။

ထိုအခါ မေက သူ့သမီးအတွက် အလွန်ဂုဏ်ယူပီတိဖြာဝေနေပုံမျိုးဖြင့် လက်ခုပ်တီးကာ သဘောကျနေတတ်သည်။

"လာ ဖေဖော့်ကို သတိရလား၊ မှန်မှန်ပြော"

"ရတာပေါ့၊ သမီးက ဖေဖော်ကိုချစ်လို့သတိရတာ၊ ဒါဆိုနော် သမီးကို ကစားကွင်းတွေ လိုက်ပို့ပေးရမယ်၊ မုန့်တွေလဲ အများကြီးဝယ်ကျွေးရမယ်"

"ပို့ပေးမယ်၊ မုန့်တွေလဲ ဝယ်ကျွေးမှာပေါ့ကွာ၊ သမီးက တကယ့် အတတ်ကလေးပဲ"

"ဒါဖြင့် ခုသွားမယ်၊ ခုသွားမယ်၊ ခုလိုက်ပို့ပေး"

"အေးပါကွာ"

"ကဲ မောင်၊ သမီးကတော့ မောင့်ကိုမြင်တာနဲ့ ဂျီကျပြီ လိုက်သာပို့တော့ဆရာ၊ ဘယ်လိုပဲ"

"ပို့ပေးမှာပေါ့သမီး၊ ဘယ်သွားချင်တာလဲ ပြော"

"ရုပါဝမ်းက ကစားကွင်း"

"ဟုတ်ပြီဗျာ၊ ပို့မယ်"

ကျွန်တော်ရယ်၊ မေရယ်၊ သမီးရယ် ကစားကွင်းတွေဆီ သမီးကို လိုက်ပို့ရသည်။





သမီးက ကျွန်တော့်အသည်းကို ဘယ်လောက်ကိုင်လှုပ်နိုင်သလဲဆိုရင် ကျွန်တော့်ကို တစ်လမ်းလုံးသူသတိရတာတွေ၊ ချစ်ရတာတွေ သူနှင့်အတူလာနေဖို့ တီတီတာတာပြောတတ်သူမို့ ကျွန်တော်သမီးကိုလည်း တုန်နေအောင်ချစ်ရပြန်သည်။

ကျွန်တော်ခုမှ တကယ်ဒုက္ခများရပြီး ကျွန်တော်ချစ်တဲ့မိန်းမနှစ်ယောက်က ကျွန်တော်အညာလေးတွေကို တစ်ယောက်စီ သေသေသပ်သပ် ကိုင်ထားကြခြင်းပင်။

ကြာလာသည်နှင့်အမျှ ကျွန်တော့်တူနှင့်တူမကို ကျွန်တော့်ရင်နှင့်မဆံ့အောင် ချစ်ခင်တွယ်တာနေလာရပြီဖြစ်သည်။

ရုပါဝမ်းအပေါ်ဆုံးထပ်ရှိ ကလေးကစားကွင်းကြီးမှာ သမီးက တခြားကလေးတွေနှင့်အတူ မျောက်ရှုံးအောင် ဆော့တော့သည်။

သမီးဆော့ကစားနေချိန်မှာ ကျွန်တော်နှင့်မေက လက်ဖက်သုပ်စားရင်း အအေးသောက်ရင်း စကားစမြည်ပြောကာ စောင့်ပေးရသည်။

မေသည်လည်း ကျွန်တော့်မျက်စိထဲ အလျှင်ကအတိုင်း လှပနုပျိုနေဆဲ။

"ဘာကြည့်နေတာလဲ မောင်"

"ဩော် ဘာရယ်မဟုတ်ပါဘူး၊ မေ အရင်လိုလှတုန်းပဲမို့ ငေးမိသွားတာ"

"ဟုတ်လား၊ ကျေးဇူးပါပဲကွယ်၊ မေ အခုလိုလှလှပပ အကြာကြာမော့မော့လေး နေနိုင်တာ မောင့်ကျေးဇူးတွေကြောင့်ပေါ့"

"ဘယ်လို"



www.burmeseclassic.com

www.burmeseclassic.com



"မြသော လူယုတ်မာတစ်ယောက်ရဲ့လက်ထဲ ဘဝပျက်ခဲ့ရင်ခုလို အခြေအနေတိုင်း ဘယ်ရှိပါ့မလဲ မောင်၊ မောင်က ဘာကိုမှမထည့်မတွက်ဘဲ မေ့ကိုဝင်ကယ်ခဲ့တယ်၊ အဲဒီအတွက် မေ မောင့်ကို ပိုချစ်၊ ပိုသနားခဲ့ရတယ်"

"ဒီနှစ်တွေထဲ မေအရမ်းကံကောင်းသွားခဲ့တာ၊ မောင့် ညီမလေးဆီက ဒီသမီးလေးကို လက်ဆောင်ရခဲ့လို့ပဲ"

ကျွန်တော် ညီမလေးကို မျက်စိထဲ မြင်ယောင်မိကာ ရင့်နင့်စွာ သက်ပြင်းရှိုက်မိသည်။

"သိပ်မိုက်တဲ့ ညီမလေးရယ်၊ ယောကျ်ားတစ်ယောက်ကို ချစ်တဲ့အချစ်နဲ့ ဘဝကိုဇာတ်သိမ်းသွားခဲ့ရတာ"

မီးတွင်းထဲမှာ အမွှာပူးလေးနှစ်ယောက်ကို ဘယ်လောက်တောင် ခက်ခက်ခဲခဲ မွေးခဲ့ရရှာမလဲ။

သေချာတာ သူမသေဆုံးချိန်ထိ နောင်တ ရေးရေးလေးတောင်ရခဲ့မည်မထင်။

ညီမလေး သူ့ယောကျ်ားအပေါ်ထားသည့် အချစ်စိတ်က အင်မတန် အင်အားကြီးမားလေသည်။

ကေဇင်လည်း ထောင်ထဲမှာပင် သူ့သက်တမ်း ကုန်ဆုံးလုနီးနီးထိ ပင်ပန်းဆင်းရဲစွာ အပြစ်ဒဏ်ခံယူရဦးမည်။

တကယ် ဆိုးမိုက်ကြတဲ့ လူငယ်တွေပင်။

"မောင်"

"ဟင်"





"မောင့် ညီမလေးကို သတိရသွားတာလားဟင်"

"အင်း မောင် ညလေးကိုမဆုံးခင် မတွေ့လိုက်ရဘူးလေ တကယ့်အချစ်ကို ကိုးကွယ်တဲ့ညီမလေးကွာ။ မောင်တစ်ခါ ဟစ်ခါ အရမ်းသတိရတယ်"

"မေ ကိုယ်ချင်းစာပါမယ်မောင်၊ မေတောင် ညလေးရန်ကုန်မှာ ကလေးပြန်မွေးလို့ ပြန်ဆုံရတာ၊ သူကလေး အမွှာပူးလေးပွေ့မွေးတော့လဲ မေနဲ့ မြလက်ထဲမှာလေ"

"မြကို ယောကျ်ားလေးပေးခဲ့ပြီး မေ့ကို မိန်းကလေးပေးတယ်၊ ဘယ်လောက်အမှတ်ရဖို့ကောင်းလဲမောင်၊ သူကလေးတွေအတွက် တကယ်စိတ်ချလက်ချထားပြီး ထွက်သွားရှာတာ၊ မေတော့လေ ညလေးကိုပဲ အမြဲကျေးဇူးတင်နေမိတယ်"

"ညလေးဆိုတာ မောင်သိပ်ချစ်တဲ့ မောင့်ညီမပဲ၊ မောင်က မေ့အတွက် အနစ်နာခံ၊ ဘဝပျက်ခံပြီး ထောင်ထဲဝင်ခဲ့ရတဲ့ချစ်သူ၊ အဲဒီမှာ မေ့သမီးကို ၊ မေ့ဆီမှာ မောင့်ကိုတင်နေတဲ့အကြွေးတွေအတွက် မေးမိုပြီး ဂရုစိုက်စောင့်ရှောက်မိတယ်၊ သမီးကို ပိုင်ဆိုင်ခွင့်ရတာ မေတော့ ဘာနဲ့မှမလဲနိုင်ပါဘူးမောင်ရယ်"

"မောင်– မောင်လဲ သမီးကို အကြာကြီးပိုင်ဆိုင်ချင်တယ်ဆိုရင်ရော မေ ခွင့်ပြုမှာလား"

ကျွန်တော်မေးပြီးမှ မေ့ဆီက တုံ့ပြန်မှုကို စိုးထင့်စွာစောင့်ကြည့်ရင်း စိတ်ဝင်သွားရသည်။

မြလိုပဲ ငြင်းမည်လား။



www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရား။

မေ မငြင်းပါစေနဲ့ဘုရား။

သားနှင့်သမီးနှစ်ယောက်မှာ တစ်ယောက်ကို ကျွန်တော်ပိုင်ဆိုင်ရလျှင်တောင် ကျွန်တော့်ဘဝ ဘယ်လိုမှ အထီးမကျန်နိုင်တော့။

ခဏကြာတော့ မေက ကျွန်တော့်ကို လှလှပပခေါင်းမော့ပြီးဖြင့် တစ်ချက်ပြုံးကာ

"သမီးကိုအကြာကြီး ပိုင်ဆိုင်ချင်မှတော့ မေ့တို့လက်ထပ်လိုက်ကြတာပေါ့မောင်"

ဘုရားရေ။

"မေလဲ မောင့်ကို နှစ်တွေချီအောင် အကြာကြီး စောင့်လာရတာ မေရင့်ထဲ နွမ်းလျနေပါပြီကွယ်၊ မေ့တို့ လက်ထပ်လိုက်ကြတာပေါ့နော်"

မေက ကျွန်တော့်ကို အပြုံးချိုချိုလေးနှင့် ညို့ငင်ဆွဲဆောင်နေသည်။

မြတ်စွာဘုရား။

မေရော မြပါ နှစ်ယောက်စလုံး ကျွန်တော့်ကို ပိုင်ဆိုင်ချင်ကြသည့် အတွေ့တွေက တစ်ဖက်ကမ်းခတ်အောင် တူညီနေကြတာပဲ။

သမီးကို ပိုင်ဆိုင်ချင်လျှင် မေ့ကို လက်ထပ်ရမည်ပေါ့။

"တစ်ခုတော့ မေ ကြိုပြောထားမယ်မောင်"

"မောင်နဲ့မြနဲ့ပတ်သက်ပြီး မေဘယ်လိုခံစားချက်ကိုမှ မထားဘူးဆိုတာပဲ"





"..."

"မြဟာ မေ့ပြိုင်ဖက်လဲမဟုတ်ဘူး၊ ရန်သူလဲ မဟုတ်ဘူး၊ မိတ်ဆွေလဲမဖြစ်ချင်ဘူး၊ သူငယ်ချင်းလိုလဲသဘောမထားနိုင်ဘူး"

"အဲဒီအတွက် မြဟာ မေ့အတွက်တော့ သူစိမ်းပြင်ပြင်မိန်းမတစ်ယောက်ပဲ မောင်"

"အမယ်လေး"ဟု ကျွန်တော်ထိတ်ခနဲ ရင်ဘတ်ဖိမိမတတ် သူမတို့နှစ်ယောက် တွေးခေါ်ပုံတွေ ခံယူတာတွေက ထပ်တူဆပ်မျှ ညီနေလေသည်။

မြလည်း ထိုစကားတွေပဲ ပြောသည်။

မေလည်း ထိုစကားတွေကိုသာ ပြောနေသည်။

ကျွန်တော် သူမတို့နှစ်ယောက်လက်ထဲကနေ ဘယ်တော့မှ လွတ်မြောက်နိုင်မည်မဟုတ်တော့။

"မောင်"

"မေ"

"မောင့်ကို မေချစ်တုန်းပါ၊ အဲဒီအတွက်လဲ သစ္စာရှိရှိနဲ့ကို စောင့်ဆိုင်းနေခဲ့တာ၊ မေရယ်၊ မောင်ရယ်၊ သမီးလေးရယ် ပျော်စရာကောင်းတဲ့ဘဝကို တည်ဆောက်ကြရအောင်"

ပြောပြီးမေက တောက်ပရွှန်းစိုသည့် မျက်လုံးတွေဖြင့် ကျွန်တော့်ကို နှစ်လိုစုံမက်စွာကြည့်နေလေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၈)

ကလေးတွေနှင့် ပတ်သက်လာလျှင် အပိုင်သိမ်းထားကြသည်။ ကျွန်တော့်လက်ထဲ တစ်ရက်ပြည့်အောင်ထားဖို့ အတော်ကပ်စေး[ နဲ]ကြသည့် ထိုမိန်းမနှစ်ယောက်လက်ထဲက ဘုစုနှင့် ခရကိုတွေ့ [ရ]၊ ကျွန်တော်ကပဲ သူတို့အိမ်တွေဆီ တစ်လှည့်စီ ပြေးရလွှားရတော့သည်။

ကလေးတွေကို သူမတို့နှစ်ယောက်က မခွဲမခွာ တပူးတွဲတွဲ ဝဝကစ်ကစ်ကိုယ်လုံးကြီးတွေကို မမောနိုင်မပန်းနိုင် ချီပိုးကြရင်း စကားတွေ တွန်းထိုးကြတာကလည်း မမောနိုင်၊ မပန်းနိုင်ကြ။

မြင်ရသူတိုင်းကဆိုလျှင် တကယ့်သားအမိရင်းတွေလို ထင်[ရ]စမြဲ။ ဘယ်လောက်ထိလဲဆိုရင် ကလေးတွေ မူကြိုအပ်တာတော[င်] မပြန်ကြဘဲ ကားထဲမှာ ကိုယ်စီထိုင်စောင့်ကြကာ တုတ်တုတ်[မျှ] မလှုပ်ကြချေ။





တစ်နေ့ ကျွန်တော်ကလေးတွေတက်နေသည့် မူကြိုကျောင်းကို လိုက်လာခဲ့မိသည်။

သူမတို့ကလေးတွေထားသည့်ကျောင်းက တကယ့်နာမည်ကြီးကျောင်း။ စာအသင်အပြရျော့စည်းကမ်းပါအလွန်ကောင်းပြီး တော်ရုံကလေးဆိုလျှင် လက်မခံတတ်ကြ။

"---" မူကြိုမှာတော့ သား-နှင့်သမီးက တက်ခွင့်ရကြသည်။

ထုံးစံအတိုင်း မေက ကားတစ်စီးနှင့် သူ့သမီးကိုပို့ကာ မြကကားတစ်စီးနှင့် သူ့သားကို လိုက်ပို့ကြခြင်း။

သို့သော် နှစ်ယောက်စလုံးကတော့ သူစိမ်းပြင်ပြင်တွေလို ခေါ်လည်းမခေါ်၊ နှုတ်လည်းမဆက်ကြပါ။

ကျွန်တော် မူကြိုကျောင်းပေါ်ကားဖြင့်တက်ချိန်မှာ ကျောင်းဂိတ်မှာ တန်းစီစောင့်နေသည့် ကားတွေထဲမှ မေနှင့် မြကားကထင်းခနဲ တွေ့လိုက်သည်။

ကြည့်စမ်း။

ထိုအမျိုးသမီးနှစ်ယောက် ကိုယ့်ကားထဲ ကိုယ်ထိုင်နေကြကာ မေက ဂျာနယ်တစ်စောင်ကို မမှိတ်မသုန်ဖတ်လျက်။ မြက ဘုရားကျမ်းစာအုပ်ကို စိတ်ဝင်တစားဖတ်လျက်။ ကားတွေကလည်း ရှေ့ဆင့်နောက်ဆင့် တစ်ယောက်ကိုတစ်ယောက် နှုတ်ဆက်ဖို့ဝေးစွ၊ တုတ်တုတ်မျှပင် မလှုပ်ကြချေ။

ကျွန်တော်ကားထဲကနေ သူမတို့နှစ်ယောက်ကို လှမ်းကြည့်နေကာကို သတိထားမိကြဟန်မတူပါ။



www.burmeseclassic.com

www.burmeseclassic.com



မြကတော့ ထည်ထည်ဝါဝါ ခမ်းခမ်းနားနားနှင့် ဟိတ်ကြီးဟန်ကြီး မဝတ်စားတတ်သူပီပီ ခပ်ရိုးရိုးရှင်းရှင်းလေးသာ ဝတ်ဆင်ထားသည်။

မေကတော့ နဂိုကတည်းက ခြွေရံသင်းပင်းများစွာနှင့် ဟိတ်ကြီးဟန်ကြီးနေတတ်၊ ခမ်းခမ်းနားနား ထည်ထည်ဝါဝါ ဝတ်တတ်သူပီပီ ကြော့မော့ပေါ်လွင်အောင် ဝတ်ဆင်ထားသည်။

ထိုအချက်ကတော့ သူမတို့နှစ်ယောက်အလွန်ကွဲပြားခြားနားကြသည့် အကျင့်စရိုက်တစ်ခုပဲ ဖြစ်သည်။

သို့သော် ကျွန်တော့်ကို အဆုံးရှုံးမခံလိုကြတာ၊ ပိုင်ဆိုင်လိုကြတာကတော့ သစ္စာတရား၏ ခေါင်းစဉ်အောက်မှာ ရပ်တည်ကိုးကွယ်နေကြတာကျတော့ တစ်ဖက်ကမ်းခတ် တူညီကြပြန်သည်။

ကျွန်တော် သူမတို့ကားနားရောက်နေတာတောင် နှစ်ယောက်စလုံးက ယောင်လို့မှ လှည့်မကြည့်ကြ။

ခဏကြာတော့ ကျောင်းဝင်းတံခါးကြီး ဂျိမ်းခနဲဖွင့်လိုက်သည်နှင့် ခြံပြင်မှာ တန်းစီစောင့်နေကြသည့်ကားတွေ အလျှိုအလျှိုဂင်ကုန်ကြတော့သည်။

ကျွန်တော်လည်းသစ်ပစ်ရိပ်ကြီးတစ်ခုအောက်မှာ ကားရပ်ထားလျက် သူမတို့ကားတွေ ပြန်ထွက်အလာကို စောင့်နေလိုက်သည်။

သိပ်မကြာလိုက် သားကိုတင်လာသည့် မြ၏ကားက အလျင်၊ သမီးတင်လာသည့်မေ့ကားက နောက်ဖြင့် အလျှိုလျှိုပြန်ထွက်လာကြသည်။

ထိုအခါ ကျွန်တော်ကကားထဲကနေ ဆဲလ်ဖုန်းဖြင့် သူမတို့





နှစ်ယောက်စလုံးကို ပြိုင်တူဆက်ကာ ချိန်းလိုက်တော့သည်။

"မေ မေ့ကားနောက်မှ မောင်ရောက်နေပြီ၊ ရှေ့ကိုတည့်တည့်သွား ညာချိုးလိုက်ပြီးရင် အမ်သရီးမှာဆုံမယ်"

"ဘာဖြစ်လို့လဲ မောင်"

ကျွန်တော်မဖြေဘဲ မြကိုလည်းထိုစကားအတိုင်းပဲ ချိန်းလိုက်မိသည်။

မြကလည်း အံ့အားသင့်သကြီးနှင့်

"ဘာဖြစ်လို့လဲ ကိုတဲ့"

ကျွန်တော် သူမတို့နှစ်ယောက်ကို တစ်ပြိုင်နက်ချိန်းလိုက်ခြင်းမှာ သားနှင့်သမီးကို တစ်ချိန်တည်း တစ်ပြိုင်နက်တည်းမှာ ပွေ့ချီနမ်းရှိုက်လို၍ဖြစ်သည်။

အမ်သရီးမှာ ကျွန်တို့ကားသုံးစီးလုံး ရှေ့ဆင့်နောက်ဆင့် ဆင့်ထိုးရပ်လိုက်ကြသည်။

ကျွန်တော်ကပဲ အလျင်ဦးစွာ ဆင်းလာခဲ့ပြီး ကလေးနှစ်ယောက်ကို လက်နှစ်ဖက်ဆန့်တန်းလျက်ဆီးကြိုလိုက်သည်။

"သား ဘုစု လာ ဦးဆီကို"

"သမီးခရု လာလေ"

ကလေးနှစ်ယောက်က ပြုံးရယ်မောစွာ ကျွန်တော့်ဆီ ပြေးဆင်းလာကြသည်။ကျွန်တော် ထိုကလေးနှစ်ယောက်ကို တစ်ဖက်စီချီထားရင်းမှ –

"သား"



www.burmeseclassic.com

www.burmeseclassic.com



ဗျာ၊ ဖေဖော်ကြီး"

"သမီး"

"ရှန် ဖေဖေဖော်"

"သားနဲ့သမီးက မောင်နှမအရင်းတွေနော်၊ ကျောင်းလဲအတူတ
တက်ကြတာ မဟုတ်လား၊ ဘယ်တော့မှရန်မဖြစ်ရဘူး၊ ချစ်ချစ်ခင်ခ
နေရမယ်နော်"

"သူက သားညီမလား"

"အင်း ပေါ့ကွ"

"သူက သမီး ကိုကိုလား"

"အင်းပေါ့ သမီးရဲ့၊ သမီးတို့နှစ်ယောက်က တစ်မိနစ်ကြ
တစ်မိနစ်ငယ်လေ၊ ဘုစုက တစ်မိနစ်ကြီးတယ်၊ သမီးက တစ်မိန
ငယ်တယ် သားတို့သမီးတို့က တကယ့်မောင်နှအရင်းတွေနော်"

"ဟုတ်လား"

ကလေးနှစ်ယောက်က တစ်ယောက်ကိုတစ်ယောက် ပြိုင်တ
ကြည့်ကာပြုံးကြသည်။

မေနှင့်မြကတော့ ကျွန်တော်ကလေးတွေကို မိတ်ဆက်ပေး
အပေါ် ဘာမှမပြောပေမဲ့ သိမ်တော့ကြည့်လင်လှသည်မဟုတ်။

ဘယ်လောက်ထိနေနိုင်ကြသလဲဆိုရင် ဘုစုနှင့်ခရကို မောင်နှ
ရင်းတွေဖြစ်ကြောင်း ထိုမိန်းမနှစ်ယောက်မပြောဘဲ ပဟေဠိလုပ်က
မျိုးသိုပ်သိမ်းဆည်းထားကြခြင်းပင်။

တကယ့်သနားစရာ ဘဝလေးတွေ၊ အမေက မီးတွင်းထဲမှ





အဖေကလည်းထောင်ထဲမှာပင် ဘဝအဆုံးသတ်ရမည့်အဖြစ်။

သူတို့လေးတွေ အမေရင်း အဖေရင်းကိုတွေ့ဖူး၊ မြင်ဖူးလိုက်
ကြမှာမဟုတ်တော့။ ကျွန်တော် ဒါကိုပဲ ရင်နင့်နေရသည်။

"ဖေဖေဖော်၊ သမီးတို့က မောင်နှမရင်းတွေဆို ဘာဖြစ်လို့
အမေချင်းမတူရတာလဲဟင် သမီးမေမေက ဒေါ်မေမင်းပိုင်လေ"

"ဟုတ်တယ်လေ ဖေဖော်ကြီးကလဲ သားမေမေက ဒေါ်နေ
ခြည်မြပါ ခင်ဗျ၊ အမေချင်းမှမတူဘဲ ဘယ်လိုလုပ်မောင်နှမ အရင်း
ဖြစ်နေရမှာလဲ သားမသိပါဘူး"

ကျွန်တော်ကလေးနှစ်ယောက်ကို ဖြေရှင်းဖို့တစ်ယောက် တစ်
ချည့်စီကြည့်လိုက်ချိန်မှာ မေ့ထံမှ ဦးစွာအသံထွက်ပေါ်လာသည်။

"ကောင်းတယ်၊ အဲဒါ မောင်လျှာရှည်တာကိုး"

"ကိုရယ်၊ ကိုက သွားပြောခါမှ သူတို့တွေးစရာ၊ မေးစရာ
တွေ ဖြစ်ကုန်ကြပြီ၊ ကျွန်မ အဲ့ဒီအကြောင်းတွေ မေးလာမှာစိုးလို့
ဘာမှဖွင့်မပြောပြခဲ့တာ"

"ဒါပေမဲ့ သူတို့မှာ ဖခင်ရင်းမိခင်ရင်း ရှိခဲ့တယ်လေ၊ အဲ့ဒီ
အမှန်တရားကို ..."

"မောင် အဲ့လောက် မအစမ်းပါနဲ့၊ ခရရဲ့မိခင်ရင်းက ဒေါ်မေ
မင်းပိုင်၊ ဖခင်ရင်းက မောင် ဦးလင်းဇော်၊ မေက အဲလိုရေးပြီး
ကျောင်းကို ကျောင်းအပ်ခဲ့တာ"

"အင်"

"ကျွန်မလဲ ကလေးကျောင်းအပ်တုန်းက သားရဲ့ဖခင်နေရာ



www.burmeseclassic.com

www.burmeseclassic.com



မှာ ကို့နာမည်ပဲ ရေးချလိုက်တာ"

"ဟာ"

ကျွန်တော့် မျက်လုံးကြီးပြူးသွားရကာ ကလေးနှစ်ယောက်ကို အောက်သို့ ပြန်လွှတ်ချပေးလိုက်သည်ထိ ယောင်ယမ်းကာ ကြောင်အမ်းသွားရသည်။

မြတ်စွာဘုရားရေ။

ကလေးတွေ ကျောင်းအပ်တာတောင် ဖခင်နေရာမှာ ကျွန်တော့်နာမည်ကို အစားထိုးဖြည့်စွက်ခဲ့ကြတဲ့ မိန်းမတွေပါလား။

အဲလောက်တူရလား၊ အဲလောက်တိုက်ဆိုင်ရလား။ ကျွန်တော်ကံဆိုးလေပြီ။

ကျွန်တော့်ကို ကလေးတွေ၏ ဖခင်အဖြစ် တစ်သက်လုံးအသုံးချကြတော့မည့် အကျင့်စရိုက်တွေက ထူးထူးခြားခြားကို တိုက်ဆိုင်တူညီနေခဲ့ပြီ။

ကျွန်တော့်မှာ မျက်စိသူငယ်နှင့် နားမလည်နိုင်စွာကြည့်နေသည့် ကလေးတွေကို ဘယ်လိုရှင်းပြရမည်မှန်း မသိတော့။

"မောင် ဒီနေ့ အားလုံးစုံတဲ့ အထိမ်းအမှတ်နဲ့ ကာရာအိုကေဆိုရင်း ပျော်ပျော်ပါးပါးစားရအောင် မေကျွေးမှပါ"

"ဟင့်အင်း၊ ကျွန်မကျွေးမယ်ကို ကျွန်မကို ဒီဆိုင်ကိုချိန်းလိုက်ကတည်းက ကျွန်မပဲကျွေးမယ်လို့ ဆုံးဖြတ်ပြီးပြီ"

အမျိုးသမီးနှစ်ယောက်တစ်လှည့်စီ သူကျွေးမယ်၊ ငါကျွေးမယ် ငြင်းခုန်လုယက်နေကြသည်မို့ ကျွန်တော်ခေါင်းကို တွင်တွင်ခါယမ်း





လိုက်တော့သည်။

ဒီမိန်းမနှစ်ယောက်ကြားမှာ ကြာလျှင် ကျွန်တော်ရူးတော့မည်။

"ပြန်မယ်"

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

သူမတို့နှစ်ယောက်ကလေးတွေပေါ်ထားသည့် မေတ္တာကတော့ အံ့သြရလောက်အောင် အံ့မခန်းဖြစ်ရသည်။

တစ်နေ့ကျွန်တော် မေတို့အိမ်ရောက်သွားခိုက်မှာ သမီးက ဘာစိတ်ကူးပေါက်ပြီး ဂျီတိုက်နေလည်းမသိ။

"သမီးဆံပင်ညှပ်ပေးချင်တယ်၊ မေမေဆံပင် သမီးညှပ်ပေးချင်တယ်"

"သမီးမှ ကပ်ကြေးမကိုင်တတ်ဘဲ သမီးလေးရဲ့ မေ့ကိုဘယ်လိုညှပ်ပေးမလဲ"

မေက စိတ်ဆိုး၍ ပြုံးရှုပ်မရှိဘဲ အလိုလိုက်နေကြ အမေတစ်ယောက်၏ လေသံမျိုးဖြစ်ပြန် ဖြေသည့်အသံကို ကျွန်တော်အပေါက်ဝကနေ ကြားလိုက်ရသည်။

"သမီး ကိုင်တတ်ပါတယ်မေမေရ ဟော့ဒီမှာကြည့်"





"ကြည့်စမ်း၊ ငါ့သမီးကတော့ မေ့ကို တကယ်ဆံပင်ညှပ်ပေးမယ်ပေါ့လေ"

"ဟုတ်၊ သမီးညှပ်ပေးမယ် မေမေငြိမ်ငြိမ်လေးနေ"

"ဟုတ်ပါပြီ၊ ဟုတ်ပါပြီ ကဲ့ သမီးချောလေး၊ ကြိုက်တာသာလုပ်တော့"

ဟုဆိုကာ မေက သရီးစတက်ကို ပခုံးကျော်ကျော်ညှပ်ထားသည်။ ဆံပင်နောက်ကျောကို လှည့်ပေးသည်။

သမီးလက်ထဲမှာ မုန့်ညှပ်သည့်ကပ်ကြေးသေးတစ်လက်နှင့်။

"ဟင်"

မေက လုံးဝ တွန့်ဆွန့်ခြင်းမရှိဘဲ ကျောလှည့်ပေးသဖြင့် ကျွန်တော်အသာချောင်းပြီး နားထောင်နေရာမှ အမြန်လှစ်ခနဲ ထွက်လိုက်ကာ သမီးလက်ထဲကနေ အမြန်လုလိုက်ရတော့သည်။

"ဟင် သမီးလေး မလုပ်ရဘူးလေ၊ သမီးမေမေဆံပင်ပုံပျက်သွားမှာပေါ့၊ မရဘူး၊ မလုပ်ရဘူးနော်"

"အင်––ဖေဖေဇော်ကလဲ သမီးက မေမေ့ကိုညှပ်ပေးချင်လို့ပါ၊ ပြန်ပေးပါ၊ သမီးကပ်ကြေးပြန်ပေးပါဆို"

"မပေးဘူးသမီး၊ အလကားမဆိုးရဘူးလေ"

"နေပါစေမောင်ရယ်၊ သမီးစိတ်ချမ်းသာသလို လုပ်ပါစေ ဆံပင် မညီတော့လဲ တိုတိုပဲပြန်တိပစ်လိုက်မှာပေါ့၊ ဘာဖြစ်လဲ ကွယ်"

"မေရာ၊ မင်း အဲလောက်သမီးကို အလိုလိုက်မနေပါနဲ့ကွာ၊



www.burmeseclassic.com

www.burmeseclassic.com



ခက်တာပဲ မဟုတ်သေးပါဘူး"

"မေ့သမီးဆိုတာ မောင့်တူမလေး၊ မောင့်တူမလေးမို့ မေအဲ လောက်ချစ်တာပေါ့၊ တခြားကလေးသာဆို ဘယ်ချစ်ပါ့မလဲ သမီးလေးက မောင့်သွေးသားအစစ်လေးဟာ မေသိပ်ချစ်ရတာ"

"ဖေဖေဇော်ကို မခေါ်ဘူး၊ သမီး ကတ်ကြေးကိုလုတယ် မခေါ်ဘူး"

သမီးက ကျွန်တော့်ကို စိတ်ဆိုးသလို မှုန်ကုပ်ကုပ် စူပွပွနှ နှုတ်ခမ်းတစုစုအပြစ်တင်ကာ ပြေးထွက်သွားတော့သည်။

"ကြည့် ဘယ်လောက်ချစ်ဖို့ကောင်းတဲ့ သမီးလဲ"

"အင်း- မေကတော့ ကျပ်ကျပ်အလိုလိုက်၊ ကြာရင် ထိန်းမ ဖြစ်ကုန်တော့မယ်"

"သမီးကလိမ္မာပါတယ် မောင်ရဲ့။ ညညဆို မေက သမီး အိပ်ရာဝင်ပုံပြင်လေးတွေပြောပြပြီး နှစ်ယောက်သားဖက်အိပ်ကြ သိပ်ကြည်နူးစရာကောင်းတာ မောင်ရဲ့"

"မေရယ်"

မေကတော့ သမီးအပေါ် အစွမ်းကုန် အလွန်အလိုလိုက် အချစ်ပိုသူပီပီ သမီးအကြောင်းပြောတိုင်း ပီတိပြုံးဖြင့် ပြုံးနေတ လေသည်။

"မေ"

"ရှင် မောင်"

"အကယ်၍ မေ့ဘဝမှာ မောင်မရှိတော့ဘူးဆိုရင် မေသမီး





ရပ်တည်လို့ရနိုင်မလားဟင်"

"အိုး ဒီလိုတော့ ဘယ်ရပါ့မလဲ မောင်ရဲ့၊ မေက သမီးကိုချစ်တာ မိဘမေတ္တာမျိုးနဲ့ချစ်ရတာလေ၊ မောင့်ကိုကျတော့ ဘယ်လိုခေါ်မလဲ ဟို သမီးရည်းစားချစ်၊ လင်မယားချစ်မျိုးနဲ့ တပ်မက်ရတာ"

"သေချာတာကတော့ မေ့ဘဝမှာ သမီးရော မောင်ရောရှိမှ ပြည့်စုံမှာလေ"

"---"

"သမီးအတွက် ဖခင်နေရာမှာလစ်လပ်နေတာ၊ မောင် ကွက်လပ်ဖြည့်ပေးပါ၊ မေတောင် အပြင်လူတစ်ယောက်အနေနဲ့ သမီးကို ဒီလောက်ချစ်နေရရင် ဦးလေးအရင်းဖြစ်တဲ့မောင်က သမီးလေးကို ဘယ်လောက်ချစ်ရရှာမလဲ. မေတို့ လက်ထပ်ကြပါစို့ကွယ် နော်"

"မေ"

မေ ကျွန်တော့်ကို ပြုံးပြလိုက်သည့်အပြုံးက ကျွန်တော်မြင်ဖူးသမျှအပြုံးတွေထဲမှာ စွဲမက်ဖွယ်အကောင်းဆုံးပင်။

မေ့ကို လက်ထပ်လိုက်မည်ဆိုလျှင် သိပ်ချစ်ရာကောင်းသည့် သမီးလေးကို တစ်သက်လုံး ပိုင်ဆိုင်ရတော့မည်ဟူသော အသိက ကျွန်တော့်စိတ်နှလုံးကို အကြီးမားဆုံးအင်အားဖြင့် ဆွဲငင်သိမ်းပိုက်ထားနိုင်လေသည်။

မေ့ကို ခံစားလိုက်ရသည့် ခံစားချက်မျိုးဖြင့် မြနှင့်လည်း ထပ်တူပြန်ခံစားရပြန်သည်။

ထိုနေ့က ကျွန်တော် မြတို့အိမ်ရောက်တော့ သားက မအိ



www.burmeseclassic.com

www.burmeseclassic.com



မသာနှင့် မြပေါင်ပေါ်မှာ မှိန်းနေသည်။

"သား ဘာဖြစ်လဲမြ၊ နေမကောင်းဘူလား"

"ဟုတ်တယ်ကို၊ မနက်ကတည်းက ဂိုယ်နည်းနည်းနွေးတယ်၊ ဘာမှလဲကျွေးလို့မရဘူး၊ ခုနကလေးတင် ထိုးအန်သေးတယ်"

"သူမစားနိုင်ရင် အတင်းမကျွေးပါနဲ့မြ၊ အဖျားရှိနေလို့သာ မှိန်းချင်နေတာဖြစ်မှာ၊ သား ဟော့ကောင်ကြီး ဘုစု၊ လာပါဦးကွ ဖေဖော်ဆီ"

သားက မျက်လုံးတွေကို မေးစင်းထားကာ လျော့ရဲလျော့ရဲပြုံးပြသည်။ မြပေါင်ပေါ်က မဆင်း။ မြကလည်း သားကိုယ်လုံးကြီးကို တယုတယ ပွတ်သပ်ချော့မော့နေသည်။

"ကြည့်ပါဦး၊ သနားစရာကောင်းလိုက်တဲ့သား၊ တစ်ခါမှ အခုလိုမအီဖူးဘူး၊ အဲဒါကျွန်မကြောင့်၊ မနေ့က ကျွန်မသူ့ကိုရေချိုးတာ နည်းနည်းကြာသွားတယ်၊ ကြာသွားရတာကလဲ သားကရေဇလားထဲပစ်ဝင်ပြီး ရေကူးချင်နေတာလေ၊ မနည်းတော်နိုင်းရတယ်၊ အဲဒါ အအေးမိသွားပြီထင်ပါရဲ့"

"မြရယ် သားကိုသိပ်လဲ အလိုမလိုက်နဲ့ပေါ့၊ ခု သားဖြစ်နေတော့ မြပဲစိတ်ဆင်းရဲရပြီ"

"ဟုတ်ပါတယ်၊ ကျွန်မကချစ်တာကိုး ကိုရဲ့၊ သားကကို့ရဲ့တူကို့ညီမလေးနဲ့မောင်လေးက မွေးတာ၊ ကျွန်မရဲ့တူစစ်စစ်ပဲ၊ ပြီးတော့ ဒီကလေးကို ကျွန်မဘာဖြစ်လို့မှန်းမသိဘူး အရမ်းကိုချစ်ရတာ"

"မြ"





ကျွန်တော်စကားပြောဖို့အပြင်မှာ သားက မြကိုမြရင်ခွင်ထဲကနေ မအီမလည်ကြီးကြည့်ကာ ခေါ်သည်။

"မေမေ"

"ဟင် ဘာလဲသား မေ့ကိုပြော သားဘာဖြစ်လဲ ပြောလေ"

"အန်ချင်တယ်"

"ဟုတ်လား ခဏလေး မေ ထွေးခံယူ"

"ဟင်"

"ဝေါ့"

"ဟာ"

သားကစကားပင် မဆုံးသေး ဝေါခနဲ ထိုးအန်ချလိုက်တော့ မေက သားအန်ဖတ်တွေကို မရွံ့မရှာလက်ဖြင့်ခံထားကာ အိမ်ထဲက လူတွေကို လှမ်းခေါ်တော့သည်။

"ရ ရလားမြ"

"ရတယ်ကို သူ့တို့ထွေးခံယူလာပါလိမ့်မယ်"

"မင်း မင်းတစ်ကိုယ်လုံး အန်ဖတ်တွေနဲ့ ပေကုန်ပြီ ရရဲ့လား"

"အိုး ဘာဖြစ်လဲ အဝတ်အစားလဲပြီး ရေချိုးလိုက်ရင် ပြန်သန့်သွားတာပဲကို။ ကျွန်မသားကိုကြည့်ပြီး အရမ်းသနားတာ သူ့ခမျာ ကြည့်ဦး အန်လိုက်မှ ပေါ့သွားပုံပဲ"

"အင်း"

"ဟော့ ထွေးခံရောက်ပြီသား တပ်အန်ချင်ရင်ပြော"

"ဟင့်အင်း"



www.burmeseclassic.com

www.burmeseclassic.com



မြက သူ့လက်ဖဝါးထဲမှာ ခံထားသည့်သား၏ အနံ့ဖက်တွေကို ထွေးခံထဲပစ်ချလိုက်ကာ သားကို အသာဘေးချကာ ကောင်မလေး တစ်ယောက်ကို လှမ်းမှာနေသည်။

"သားကို သေသေချာချာ သုတ်ပေးနော်။ ပြီးရင် ပေါင်ဒါလေး တို့လိုက် အင်္ကျီခပ်ပါးပါးပဲဝတ်၊ ဘောင်းဘီလဲချည်သားလေးဝတ် ပေး။ သူ့ခမျာ အနံ့ထားရတာနံ့နေမယ်၊ ပေါ့ပေါ့ပါးပါးနေပါစေ၊ ငါအဝတ်အစားလဲမယ် ခဏပဲ"

"မြ"

မြ အင်္ကျီရင်ဘတ်တွေရော ပေါင်ပေါ်တွေမှာပါသား၏ အနံ့ဖတ် တွေက မြင်မကောင်းအောင်မွစာကျဲကာ ချဉ်စော်နံနေပြီ။

ဒါကိုမြက မရှုံ့မရှာ သူမလုံချည်ကို အောက်နားနေ စုကိုင် ထားလျက်–

"ကိုရေ ခဏနော် ကျွန်မခပ်မြန်မြန် သန့်ရှင်းလိုက်ဦးမယ်၊ သားကို ချစ်တော့လဲ မရှုံနိုင်တော့ဘူးလေ"

"ကျွန်မအတွက်တော့ သားရယ် ကိုရယ် ကျွန်မရယ် အတူတူ နေလိုက်ချင်တဲ့ ဆန္ဒတွေပဲရှိတယ်။ ကိုရှိနေရင် ခုကျွန်မအဝတ်လဲ တုန်း သားကို ကိုနဲ့ထားလို့ရပြီ ဟုတ်တယ်မဟုတ်လား။ ကိုသားရဲ့ ဖေဖေ လုပ်လိုက်တော့ဟုတ်လား"

ကျွန်တော့်ရင်ထဲ အင်အားပြင်းစွာလှုပ်ခတ်သွားရချိန်မှာ မြက အဝတ်အစား ပေကျံတာကြီးကိုလဲဖို့ ခပ်မြန်မြန်ထထွက်သွားလေသည်။

* * *





## အခန်း (၁၀)

ကျွန်တော် ထောင်ထဲမှာ နေလာသည့် နှစ်များတော့ အလျင် ...လို မကျွန်းမာတော့တာအမှန်။ နှစ်တွေအများကြီးကြာအောင် ...လုပ်ကြမ်း လုပ်လာခဲ့ရသဖြင့်လည်း ကျွန်တော့် ခါးတွေလည်း ...ကောင်း၊ လက်တွေလဲ ပေါက်ပြဲကာ ကြမ်းတမ်းနေခဲ့သည်။

ပိုဆိုးတာက ကျွန်တော်ရေချိုးခါနီး အမြဲချမ်းချမ်းနေတတ် ...ခြင်းပင်။ ရေမြင်လျှင်ရေချိုးရမှာ ကြောက်နေမိသည်။ တစ်ချက်မှ ...အားရှိမရ။ အမြဲသတိထားနေသည်။

ဒီနေ့တော့ ကျွန်တော်အပြင်မှာ မိုးမိလာသဖြင့်မိုးရေစိုလက်စ ...ဉ့်မို့ ရေနွေးနှင့်မချိုးတော့ဘဲ ရေအေးကိုသာ အမြန်ခပ်သွက်သွက် ...ဘာက်ချိုးလိုက်မိသည်။

ထိုအခါ ကျွန်တော် ဘာဖြစ်မှန်းမသိ။ တစ်ကိုယ်လုံး တဆတ် ...ဆတ်တုန်ယင်လာကာ ထိန်းမနိုင်သိမ်းမရ ချမ်းလာခဲ့ခြင်းပင်။



www.burmeseclassic.com

www.burmeseclassic.com



လက်တွေ ခြေထောက်တွေလဲ တဆတ်ဆတ်တုန်ယင်နေသလို နှတ်ခမ်းတွေပါ တုန်ယင်ပြာနှမ်းလာသည်။ သွားတွေလည်း အထက်အောက် တဖျပ်ဖျပ်ရိုက်ကာ ပြွတ်ထွက်မတတ် မေးခိုင်နေသည်။

ဘုရားရေ–

ကျွန်တော်ဘာဖြစ်တာလဲ

ကျွန်တော်လေဖြတ်ချင်နေတာလား

မဟုတ်ရပါဘူး

ကျွန်တော်တစ်ယောက်တည်းသမားမို့ အနားမှာ ကျွန်တော့်ကို ပြုစုပေးမည့်သူမရှိပါ။

ကျွန်တော်လှမ်းခေါ် အားပြုရမည့်သူလည်းမရှိပါ။

ဘယ်လောက်ဆိုးရွားလိုက်သလဲ။

ဒါ ဒါ ကျွန်တော်ကိုယ်တိုင် ဖန်တီးထားခဲ့တဲ့ ကံကြမ္မာပဲ ကျွန်တော့်ကို ဒီနေ့ထိ မပျက်ယွင်းတဲ့ သစ္စာတရားနဲ့ သစ္စာရှိရှိစောင့်ဆိုင်းနေကြတဲ့ မိန်းမနှစ်ယောက်ကို ကျွန်တော်မရွေးချယ်တာ။ ခုတော့ ကျွန်တော်မှားပြီထင်သည်။

အခုနေ ကျွန်တော့်နားမှာ ကျွန်တော့်ကို ပြုစုယုယမည့် ခေ (ဒါမှမဟုတ်) မြသာရှိရင် ကျွန်တော့်ကို ပျာယာခတ်ပြုစုမှာ သေချာသည်။

ပြီးတော့ ကျွန်တော်ချစ်ရတဲ့သားနဲ့သမီး၊ ဘုစုနဲ့ခရု ကျွန်တော် အလျင်ကလို ချီပိုးထွေးပွေ့နိုင်ပါ့မလား။

ဘုရား ဘုရား။





ကျွန်တော်လန့်ဖျပ်ကြောက်ရွံ့စွာ တဆတ်ဆတ်တုန်နေသည့် ဘေးမှ ခုတင်ပေါ်ထိုင်ချမိသွားသည်။

"ဟင်"

ကျွန်တော့်နှတ်ခမ်းကြီး ဘာဖြစ်သွားသည်မသိ။ တဖြည်းဖြည်း ရွဲ့ရွဲ့လာကာ ကျွန်တော်ထိန်းမရတော့။

"ဟာ"

ဘယ်ဘက်ပါးပြင်ဘက် နှုတ်ခမ်းကြီးက ထော်ကာ ရွဲ့သွားသည့် အဖြစ်ကြီးကို ကျွန်တော်မှန်ထဲမှာ လှမ်းတွေ့လိုက်ရသည်။

ဘုရား ဘုရား။

ကျွန်တော့် ရုပ်ကြီးက ကြောက်စရာ။ သေချာတာ ကျွန်တော့်ပါးတစ်ခြမ်း လေဖြတ်ခဲ့လေပြီ။

ကယ်ကြပါ။

ကယ်ကြပါဦးခင်ဗျာ့။

ကျွန်တော်လေဖြတ်သွားတာကို သိလိုက်ရချိန်မှာ လန့်ဖျပ်တုန်ယင်စွာ စိတ်ဓာတ်ကျမှု၊ အံ့သြထိတ်လန့်ကြောက်ရွံ့မှု၊ ရှူးရှူးဝါးဝါး ပေါက်ကွဲလိုမှုတို့ဖြင့် ဆောက်တည်ရာမဲ့သွားတော့သည်။

ထိုအခါ ကျွန်တော့်စိတ်က ဘယ်လောက်ထူးဆန်းလိုက်သလဲဆိုရင် ကျွန်တော်သေခြင်းတရားကို ကြောက်လန့်သွားခဲ့ပြန်သည်။

ဟင့်အင်း။

ကျွန်တော်ဘာမှ အဆင်သင့်မဖြစ်သေးပါ။

ကျွန်တော် နောင်ဘဝထိ ယူသွားစရာ ကုသိုလ်ကောင်းမှု



www.burmeseclassic.com

www.burmeseclassic.com



ဘာမှမပြောရသေးပါ။

ဆိုးရွားတာက ကျွန်တော့်စိတ်ကို ချောက်လှန့်အောင်ဖမ်းစားလို့ဆော်နေသည့် သေခြင်းတရားဆိုသည့် ပိုးမွှားတစ်ကောင်က ကျွန်တော့် အသွေးအသားတွေကို လာပြီး တရိရိကိုက်ဖြတ်ဝါးမျိုနေသယောင်–

မခေါ်ကြပါနဲ့ မခေါ်ကြပါနဲ့ဗျာ ကျွန်တော့ကို မခေါ်ကြပါနဲ့–

ကျွန်တော့်ရင်ထဲက ချောက်ချားစိတ်ဖြင့် အခန်းတံခါးရှေ့မှာ ရပ်သွားသည့် ခြေသံတစ်စုံကို ကြားလိုက်ရသလိုလို–

"ဟင်"

ပြီးတော့

ရုတ်တရက် ထိုခြေသံက ကျွန်တော့်နားရောက်မှရပ်တန့်ကာ တိတ်ဆိတ်သွားတော့သည်။ ဘယ်သူလဲ ငါ့ကိုဘယ်သူလာကြည့်တာလဲကွ–

* * *

ထို့နောက်မှာတော့ ကျွန်တော်လေဖြတ်သွားပြီဆိုတာ ကျွန်တော့်ကိုချစ်သည့်သူတွေ မသိရအောင် ဆေးရုံတစ်ခုမှာ သိုသိုသိပ်သိပ်ပုန်းအောင်းနေလိုက်တော့သည်။

သို့သော် ကျွန်တော်အလုပ်ချင်ဆုံး ဆန္ဒတစ်ခုကိုတော့ ကျွန်တော် လုပ်ဖြစ်အောင် လုပ်ခဲ့ပါသည်။ အဲဒါ ကျွန်တော်ချစ်သော





အမျိုးသမီးနှစ်ယောက်ကို စာတစ်စောင်စီဖြင့် အပြီး ခွဲခွာလိုက်ခြင်းဖြစ်သည်။

ဒီတစ်သက် ကျွန်တော်သူမတို့နှစ်ယောက်နှင့် ဆုံတွေ့အောင် ဘယ်တော့မှမကြိုးစားတော့။

ကျွန်တော်ကဆေးရုံက ဆင်းတာနှင့် ကျွန်တော်ပိုင်ဆိုင်သမျှ အားလုံးရောင်းချကာ တစ်ဝက်ကို ဘုရားကျောင်းကန်ဇရပ်ဆောက်မည်။ တစ်ဝက်ကိုတော့ ဘုစုနှင့်ခရု အနာဂတ်အတွက် ထားခဲ့မည်။

ပြီးလျှင် ကျွန်တော်သေခြင်းတရားကို ရဲရဲဝံ့ဝံ့ရင်ဆိုင်နိုင်ဖို့ သာသနာ့ဘောင်ကို အပြီးဝင်တော့မည်ဖြစ်သည်။

ကျွန်တော် မတွေ့ဝေချင်တော့။

မေ ခွင့်လွှတ်ပေးပါကွာ…

မြ ခွင့်လွှတ်ပေးပါ မြရယ်…

ထိုအမျိုးသမီးနှစ်ယောက်က ကျွန်တော့်ကို "မောင်"ဟု မေကခေါ်တာ၊ "ကို"ဟု မြကခေါ်တာကို ဒီတစ်သက်တာမှာ ကျွန်တော် နောက်ထပ် ပြန်မပြောနိုင်တော့မှာ သေချာသည်။

တကယ်တော့ ကျွန်တော်ချန်ထားရစ်မည့်သူတွေက ကျွန်တော် အချစ်ရဆုံးတွေပင်။

ထိုအမျိုးသမီးနှစ်ယောက်ကို လက်ထပ်ဖို့ဘယ်တုန်းကမျှ သတ္တိမရှိခဲ့ပါ။

ထို့ကြောင့်ပဲ ကျွန်တော် ဘားရစ်ခဲ့ရတာဖြစ်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



ထိုအမျိုးသမီးနှစ်ယောက်၏ ...
ရင်ထဲမှာ ချစ်မြတ်နိုးခြင်း
ဆိုတာ တည်မြဲနေသရွေ့
ရင်ခုန်ခြင်း ဆိုတာကလဲ
ထိုယောက်ျား တစ်ယောက်တည်း
အတွက် ရှိဦးမည် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မေမင်းပိုင် ...
ဒေါ်နေခြည်မြမြ ...

www.burmeseclassic.com

www.burmeseclassic.com



သူမတို့မိန်းမတွေဟာ ......
ဂုဏ်သိက္ခာရယ်
အရှက်ရယ်
မာနရယ်
အတွက် ဆက်ပြီးအသက်ရှင်သန်နိုင်ဖို့ဆိုတဲ့
ခေါင်းစဉ်းအောက်မှာ တောင်းဆိုကြတာချင်းက
အတူတူပါပဲ၊ တစ်ခုတည်းပါ
"လက်ထပ်ပါ" ---

အိမ့် (ရန်ကုန်တက္ကသိုလ်)



www.burmeseclassic.com